# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍာဝဂ် (ဓမ္မပဒ - ၁၄၅)


၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက် | ၂၀၂၀ ပြည့်နှစ်၊ မတ် ၁၃ ရက်၊ သောကြာနေ့ | အတွဲ (၅၉)၊ အမှတ် (၁၆၅)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၈)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ -UPDJC အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြား



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၈)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ -UPDJC အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မတ် ၁၂**

(၁၈)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ -UPDJC အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၌ ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲ ကော်မတီ- UPDJC ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

အစည်းအဝေးသို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့မှ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲ ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စု ဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသူ၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေး၊ နိုင်သက်လွင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ဗိုလ်ချုပ်စန်းမြင့်၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဗိုလ်မှူးချုပ် ရဲရင့်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့မှ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဆလိုင်းလျန်မှုန်း ဆာခေါင်း၊ စဝ်စိုင်းငင်း၊ ဦးမျိုးဝင်း၊ ပဒိုစောတာဒိုမူး၊ စောမြရာဇာလင်း၊

*စာမျက်နှာ ၃ ကော်လံ ၁*

**"နှစ်(၇၀)ကျော် ငြိမ်းချမ်းရေးမရှိသည့် ပြည်ထောင်စုအဆင့်မှ ငြိမ်းချမ်းတည်ငြိမ်သာယာဝပြော တိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ထူထောင်နိုင်ခဲ့သည်ကို မိမိတို့ခေတ်တွင် ဖြစ်စေလိုပြီး နောင်လာနောက်သားများအတွက် ကောင်းကျိုးအမွေအဖြစ် ထားခဲ့ချင်"**


COVID-19 ရောဂါနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက် — စာ ၁၂

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကို တိုက်ဖျက်ရန် ဥရောပမှ အမေရိကန်ပြည်ထောင်စုသို့ ခရီးသွားလာမှုများ ရက် ၃၀ ကြာရပ်ဆိုင်း — စာ ၁၄

ထူးခြားဆန်းပြား ကမ္ဘာတစ်ခွင်မှ သတင်းများ — စာ ၁၅



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ငြိမ်းချမ်းရေးအတွက် စေတနာ၊ ပညာနှင့် သတ္တိ

သူ့ကျွန်ဘဝတွင် နှစ်ပေါင်း ၁၀၀ ခန့် နေခဲ့ရပြီးသည့်နောက် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးများ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝသို့ ပြန်လည်ရောက်ရှိခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီဖြစ်သည်။ နိုင်ငံလွတ်လပ်ပြီးပါက ပြန်လည်ထူထောင်ရေး၊ ကြီးပွားရေး(ဝါ) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလွတ်လပ်ပြီးနိုင်ငံများက ခြေတစ်လှမ်း လှမ်းပါက မိမိတို့က လေး ငါး ဆယ်လှမ်း လှမ်းနိုင်မှသာ နောင် ၁၀ နှစ်၊ အနှစ် ၂၀ ကြာသည့်အခါ ယင်းနိုင်ငံများနှင့် တန်းတူဖြစ်နိုင်မှာဖြစ်ကြောင်း လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းက မိန့်ကြားခဲ့သည်။

သို့ရာတွင် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးအကြိုကာလမှာပင် နိုင်ငံရေးအကွဲအပြဲများ စတင်ခဲ့ပြီး နိုင်ငံရေးပါတီအချို့ တောခိုမှုများ စတင်ခဲ့ကာ လွတ်လပ်ရေးရပြီးနောက်တွင်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပေါ်ပေါက်လာခဲ့သည်။ အဓိကအားဖြင့် လွတ်လပ်ရေးရရှိရေး ကြိုးပမ်းခဲ့သည့် ကာလများအတွင်း ကိုလိုနီနယ်ချဲ့သမားတို့၏ ပရိယာယ် ကြွယ်ဝလှစွာသော၊ ကောက်ကျစ်စဉ်းလဲလှစွာသော သွေးခွဲ သပ်လျှိုမှု၊ သွေးထိုးလှုံ့ဆော်မှုများမှ ပေါ်ပေါက်လာခဲ့သည့် သံသယစိတ်များနှင့် မယုံသင်္ကာမှုများမှ မြစ်ဖျားခံလာခဲ့ခြင်းပင်ဖြစ်သည်။

နယ်ချဲ့အစိုးရလက်အောက်တွင် ရှိခဲ့စဉ်က မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေများသည် အခြားအာရှနိုင်ငံများစွာထက် ကောင်းမွန်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကာလအတွင်း နိုင်ငံ၏ စီးပွားရေးအရင်းအမြစ်အားလုံးလိုလို ပျက်စီးခဲ့ရသလို လွတ်လပ်ရေးရပြီးနောက်တွင်လည်း ဗိုလ်ချုပ်အောင်ဆန်း လမ်းညွှန်မိန့်ကြားခဲ့သည့်အတိုင်း တိုင်းပြည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စိတ်ရှိတိုင်း မလုပ်နိုင်ခဲ့။ လွတ်လပ်ရေးနှင့် မရှေးမနှောင်းမှာပင် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုတို့ ပျက်စီးခဲ့ရပြီး ပြည်တွင်းစစ်နွံအတွင်း သက်ဆင်းခဲ့ရသည်။ နိုင်ငံတစ်ဝန်း ငြိမ်းချမ်းသောနှစ်ဟူ၍ တစ်နှစ်မှ မရှိခဲ့သည့်အတွက် အဘက်ဘက်မှ ဆုတ်ယုတ်ခဲ့ရပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့်လည်း ဝေးခဲ့ရသည်။ မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေများကို အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက များစွာနိမ့်ကျလျက်ရှိသည့် အဖြစ်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

တည်ငြိမ်အေးချမ်းမှုမရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မလုပ်နိုင်။ သို့အတွက်ကြောင့် လူမှုစီးပွားရေးနိမ့်ကျလာကာ ဆင်းရဲမွဲတေလာသည်။ လူမှုစီးပွားဘဝများ နိမ့်ကျမှုက လက်နက်ကိုင်ပဋိပက္ခများကို ဖန်တီးပေါ်ပေါက်စေပြီး တည်ငြိမ်အေးချမ်းမှုမရှိသော၊ ငြိမ်းချမ်းမှုကင်းမဲ့သော အခြေအနေသို့ ရောက်ရှိလာစေသည်။ ယင်းသို့သော ကရွတ်ကင်းလျှောက် သံသရာကို ရပ်တန့်စေကာ နိုင်ငံကို ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိစေရန်မှာ မိမိတို့တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အတောင့်တဆုံးသော မျှော်လင့်ချက်၊ အခမ်းနားဆုံးသော အိပ်မက်ပင်ဖြစ်သည်။

နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည့် လက်နက်ကိုင်တိုက်ခိုက်မှုများက နိုင်ငံရေးအရ အဖြေမထွက်ကြောင်း သမိုင်းသင်ခန်းစာများစွာ ရရှိခဲ့ကြပြီးဖြစ်သည်။ ပစ်ခတ်တိုက်ခိုက်မှုများအစား စားပွဲဝိုင်းတွင် တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်သည့် အခြေအနေသို့လည်း ရောက်ရှိနေပြီဖြစ်ရာ ငြိမ်းချမ်းရေးအတွက် အမှန်တကယ်ဆောင်ကြဉ်းပေးလိုသော စေတနာကောင်းကသာလျှင် လက်တွေ့အကောင်အထည်ပေါ်စေမည့် တွန်းအားဖြစ်လာမှာဖြစ်သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသကဲ့သို့ပင်–

- စေတနာရှိမှသာ ငြိမ်းချမ်းရေးကို စတင်လုပ်ဆောင်နိုင်မည်။
- ပညာဖြင့်သာ မှန်မှန်ကန်ကန်လမ်းကို လျှောက်ပြီး မှန်ကန်သည့် ဆုံးဖြတ်ချက်များ ချနိုင်မည်။
- ယင်းဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရဲသည့် သတ္တိရှိရန် လွန်စွာအရေးကြီးလှသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးတောင့်တနေကြသည့် ငြိမ်းချမ်းရေးဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရေး၊ ငြိမ်းချမ်းသည့် နိုင်ငံတော်တည်ဆောက်နိုင်ရေးတို့တွင် ပါဝင်နေကြသည့် သမိုင်းဝင်ပုဂ္ဂိုလ်များအားလုံးက ငြိမ်းချမ်းရေးအတွက် စေတနာ၊ ပညာ၊ သတ္တိတို့ဖြင့် မိမိတို့၏ ခေတ်သမိုင်းကို အလှပဆုံးရေးထိုးနိုင်ကြပါစေကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း The Carter Center အဖွဲ့ ဌာနေကိုယ်စားလှယ်နှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် The Carter Center အဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Sean Dunne နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ(၅)ချက်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ဆောင်ရွက်နေမှု၊ The Carter Center အဖွဲ့အနေဖြင့် ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး ဆောင်ရွက်ခဲ့မှုနှင့် အစီရင်ခံစာတင်ပြခဲ့သည့်အခြေအနေ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်များ ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

သတင်းစဉ်

## မစ္စစ် ဟင်းလ်ဒါ ဆူလ်ဘတ်ကန်အား နော်ဝေနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နော်ဝေနိုင်ငံသံအမတ်ကြီး မစ္စ တူနယ် တီးနပ်(စ်) ၏ နေရာတွင် မစ္စစ် ဟင်းလ်ဒါ ဆူလ်ဘတ်ကန်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စစ် ဟင်းလ်ဒါ ဆူလ်ဘတ်ကန်ကို ၁၉၇၁ ခုနှစ်၊ ဇူလိုင်လတွင် မွေးဖွားခဲ့သည်။ ၎င်းသည် London School of Economics and Political Science မှ ၁၉၉၅ ခုနှစ်တွင် နိုင်ငံတကာဆက်ဆံရေးအထူးပြု ဘာသာရပ်ဘွဲ့ကိုလည်းကောင်း၊ ၁၉၉၆ ခုနှစ်တွင် Development Studies အထူးပြု ဘာသာရပ်ဖြင့် မဟာဘွဲ့ကိုလည်းကောင်း အသီးသီးရရှိခဲ့သည်။

၎င်းသည် ၁၉၉၇ ခုနှစ်တွင် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့သည်။ ၁၉၉၉ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ အာမန်မြို့၊ ဝါရှင်တန်ဒီစီမြို့၊ နိုင်ရိုဘီမြို့နှင့် ဂျကာတာမြို့တို့ရှိ နော်ဝေသံရုံးတို့တွင်လည်းကောင်း၊ နော်ဝေဝန်ကြီးချုပ်ရုံးနှင့် နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနတို့တွင်လည်းကောင်း တာဝန်အသီးသီး ထမ်းဆောင်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ စတင်၍ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန၊ Ocean Team/ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဆက်ဆံရေးဌာနစုတွင် အကြီးတန်းအကြံပေးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးတစ်ဦးရှိသည်။

သတင်းစဉ်

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၄-၃-၂၀၂၀ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၁၃-၁-၂၀၂၀ ရက်နေ့မှ ၁၄-၂-၂၀၂၀ ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ကိုးဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်း တစ်ဦး၊ အထွေထွေ ၂၆ ဦး၊ ပေါင်း ၂၈ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ ကိုးဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၂၅ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၈၂၂ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၂၈၁ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၇၂၈ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၈)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ – UPDJC အစည်းအဝေးသို့ တက်ရောက်လာကြသည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေး ပါတီများအစုအဖွဲ့တို့မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❍ *ရှေ့ဖုံးမှ*

ခွန်မြင့်ထွန်း၊ နိုင်အောင်မင်း၊ စောစိန်ဝင်း၊ စောကျော်ညွန့်၊ ကျာဆော်လမွန်၊ မိဆူးပွင့်၊ ဒေါက်တာစိုင်းဦး၊ စောစမစ်ဒွန်း၊ ခိုင်လင်းခိုင်၊ နိုင်အောင်မငေး၊ နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသုဝေ၊ ဦးနိုင်ငံလင်း၊ ဦးမြင့်စိုး၊ စိုင်းကျော်ညွန့်၊ တာလှဖေ၊ ဦးသိန်းထွန်း၊ ဒေါက်တာအောင်မြတ်ဦး၊ ဦးဦးလှစော၊ ခွန်ထွန်းရွှေ၊ ဦးဇမ်ဇမုန်၊ ဦးရွှေမင်း၊ ဒေါက်တာ တူးဂျာ၊ နိုင်တလညီ၊ ဒေါ်ရင်ရင်မေ၊ စောထွန်းအောင်မြင့်တို့ တက်ရောက်ကြသည်။

## မိန့်ခွန်းပြောကြား

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ–UPDJC ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်း ပြောကြားသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ – ၄ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ –UPDJC ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီသည် နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို ဦးဆောင်လမ်းညွှန် ကြီးကြပ်သည့် တာဝန်ခံသည့် ကော်မတီဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့တိုင်းပြည်၏ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရန် အလွန်အရေးကြီးသည့် ကော်မတီတစ်ရပ်ဖြစ်ပါကြောင်း၊ UPDJC က ဦးဆောင်လမ်းညွှန် ကျင်းပနေသည့် နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်၏ ဦးတည်ချက်ကို NCA စာချုပ်၏ အခြေခံမူများတွင် ရှင်းရှင်းလင်းလင်း ဖော်ပြထားပြီးဖြစ်ပါကြောင်း၊ ယင်းအခြေခံမူ၏ အဓိကဆိုလိုရင်းမှာ နှစ်ပေါင်း ၇၀ ကြာပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးပင်ဖြစ်ပါကြောင်း။

## အခက်အခဲ များစွာရှိနိုင်

ထို့ကြောင့် မိမိတို့ UPDJC က ဦးဆောင်ပြီး ဆောင်ရွက်နေသည့် အဓိက လုပ်ငန်းစဉ် ၂ ရပ်မှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စု တည်ဆောက်ရေးနှင့် ပြည်တွင်းစစ်ချုပ်ငြိမ်းရေးတို့ ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ် နှစ်ရပ်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရန်အတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် လိုအပ်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်အခြေခံမူများကို ဖော်ထုတ်ပြီး ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းစစ်ချုပ်ငြိမ်းရေးအတွက် လုံခြုံရေးဆိုင်ရာ ညှိနှိုင်းပေါင်းစည်းခြင်းကိစ္စကို မိမိတို့ မရမက ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယင်းတို့သည် ရှောင်လွှဲ၍ မရသည့် UPDJC ၏ အဓိက လုပ်ငန်းတာဝန်များ ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းတာဝန်များကို မိမိတို့ ဆောင်ရွက်သည့်အခါတွင် အခက်အခဲပေါင်းစုံနှင့် ရင်ဆိုင်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးအရ အခက်အခဲမျိုးစုံ ရှိသကဲ့သို့ နည်းပညာ၊ လုပ်နည်းလုပ်ဟန်အရလည်း အခက်အခဲများစွာ ရှိနိုင်ပါကြောင်း။

UPDJC သည် တိုင်းပြည်တွင်ဖြစ်ပျက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြဿနာအားလုံးကို ကိုင်တွယ်ဖြေရှင်းနေသည့် အစိုးရမဟုတ်ကြောင်းကို မိမိတို့ သတိထားကြရန်လိုအပ်ပါကြောင်း၊ UPDJC က ဦးဆောင်ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံသည်လည်း တိုင်းပြည်တွင် လိုအပ်နေသည့် ဥပဒေအားလုံးကို ပြဋ္ဌာန်းပေးသည့် လွှတ်တော်မဟုတ်ကြောင်းကိုလည်း မိမိတို့ သတိထားကြရန် လိုအပ်ပါကြောင်း၊ UPDJC ဦးဆောင်ကျင်းပခဲ့သည့် နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်သည်လည်း လူထုဆန္ဒမှန်သမျှကို ဖော်ထုတ်ဆွေးနွေးရမည့် လူထုဟစ်တိုင် မဟုတ်ကြောင်းကို မိမိတို့ သတိထားကြရန် လိုအပ်ပါကြောင်း။

UPDJC သည် ငြိမ်းချမ်းရေးကိုဖော်ဆောင်သည့် ကော်မတီတစ်ရပ်သာဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ UPDJC အနေဖြင့် မိမိတို့ကို ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်ဘောင်အတွင်း မိမိတို့လုပ်ကိုင်ဆောင်ရွက်ရမည့် အဓိကတာဝန်များကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေး ဖြစ်စဉ်ကြီးသည် ပိတ်ဆို့မှုအခက်အခဲအမျိုးမျိုးနှင့် ကြုံခဲ့ရပါကြောင်း၊ ထိုသို့ ပိတ်ဆို့ မှုများကို ကျော်လွှားနိုင်ရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် မိမိတို့ ကြိုးစားခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးမှုပုံစံကိုလည်း အသစ်ပြုပြင်နိုင်ခဲ့ပါကြောင်း။

## ဝိုင်းဝန်းကြိုးစားဆောင်ရွက်

ယနေ့အစည်းအဝေးတွင် ဆွေးနွေးရမည့်အကြောင်းအရာများကို ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ပြီး ခိုင်မာသည့် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်မှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ –(၂၁) ရာစုပင်လုံ စတုတ္ထအကြိမ် အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်း ပထမလေးလပတ်ကာလအတွင်း ကျင်းပသွားနိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးပေါင်းစုံက မျှော်လင့်စောင့်စားနေသည့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက် အဓိကလုပ်ငန်းစဉ်ကြီးဖြစ်သည့် အတွက် အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ –UPDJC ဒုတိယဥက္ကဋ္ဌ ဦးသုဝေက မိမိတို့ UPDJC သည် ငြိမ်းချမ်းမှုကို ဖော်ဆောင်သည့် အစီအစဉ်တိုင်းတွင် ပါဝင်သည့်အတွက် မိမိတို့၏ တာဝန်သည် ငြိမ်းချမ်းရေးရရှိရန် အဓိကဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်ကောင်းလာအောင် သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အကြိမ်ကြိမ် ကြိုးပမ်းညှိနှိုင်းနေကြသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ တိုးတက်မှုများ အမှန်တကယ်ရရှိလာပြီး ယခု UPDJC ပြန်လည်ကျင်းပနိုင်သည့်အတွက် ကျေနပ်မှုရှိပါကြောင်း၊ ယခုကာလအတွင်း မိမိတို့ နိုင်ငံရေးပါတီအစုအဖွဲ့အနေဖြင့် တွေဝေငေးငိုင်မနေဘဲ ငြိမ်းချမ်းရေး၊ ညီညွတ်ရေးအပေါ်တွင် အခြေပြုပြီး မိမိတို့ လုပ်ဆောင်ပေးသင့်သမျှ၊ လုပ်နိုင်သမျှ ကြိုးပမ်းလုပ်ဆောင်ကြပါကြောင်း၊ မိမိတို့ နိုင်ငံရေးပါတီ အချင်းချင်းလည်း ပိုမိုချစ်ခင်မှုရရှိပြီး ပြည်သူအများလိုလားသည့် အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန် ရည်ရွယ်ကြိုးပမ်းလျက်ရှိပါကြောင်း၊ အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးတွင် ပြဋ္ဌာန်းကျင့်သုံးနိုင်မည်ဟု ယူဆရသည့် စည်းကမ်း၊ ဥပဒေများကို ညီလာခံကြီးတွင် တင်ပြနိုင်အောင် ပြုစုနေကြပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက အစည်းအဝေးအစီအစဉ်များနှင့် UPDJC အဖွဲ့ဝင်များ၊ အတွင်းရေးမှူးများ အစားထိုးပြောင်းလဲ တာဝန်ပေးအပ်ခြင်းတို့ကို အတည်ပြုခြင်း၊ (၈) ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြခြင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) လုပ်ငန်းလမ်းညွှန်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးများ လုပ်ငန်းလမ်းညွှန်၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းကော်မတီများ လုပ်ငန်းလမ်းညွှန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီ (တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ နေပြည်တော်ကောင်စီနယ်မြေ) လုပ်ငန်းလမ်းညွှန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းလမ်းညွှန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရေးကိစ္စ၊ ကဏ္ဍအလိုက် လုပ်ငန်းကော်မတီအစည်းအဝေးများ ကျင်းပရေးကိစ္စ စသည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်နှင့် ToR ၊ SOP များ ပြင်ဆင်ဖြည့်စွက်ချက်များကို တင်ပြခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ –UPDJC ဒုတိယဥက္ကဋ္ဌ ဦးသုဝေက မိမိတို့ ပြည်ထောင်စုငြိမ်းချမ်းရေးကြိုးပမ်းမှု ဖော်ဆောင်ရာတွင် စိန်ခေါ်မှုများစွာရှိပါကြောင်း၊ ယင်းအခက်အခဲ စိန်ခေါ်မှုများ ကြုံတွေ့နေရသော်လည်း ငြိမ်းချမ်းရေးကြိုးပမ်းမှုကို အားမလျှော့ဘဲ ဆက်လက်ဆောင်ရွက်နေပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိပါက ခက်ခဲနေမှုများကို ပြေလည်သွားအောင် လုပ်ဆောင်နိုင်ပါကြောင်း၊ နားလည်မှုရှိပါက ညီညွတ်မည်ဖြစ်ပြီး ညီညွတ်မှုရှိပါက အင်အားရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

## အထောက်အကူဖြစ်မည်ဟု ယုံကြည်

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ–UPDJC ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက ယနေ့ကျင်းပသည့် အစည်းအဝေးသည် အင်မတန်မှ အောင်မြင်သည့် အစည်းအဝေးဖြစ်ပါကြောင်း၊ အနာဂတ်တွင် ဆောင်ရွက်မည့် ငြိမ်းချမ်းရေးအတွက်လည်း အထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုအတိုင်း ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ပါက ညီလာခံကြီးကိုလည်း ကျင်းပနိုင်မည်ဖြစ်ပြီး မိမိတို့ လိုချင်သည့် ဒီမိုကရေစီကို အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စုကြီးကိုလည်း တည်ဆောက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

## ညီညီညွတ်ညွတ်ဖြင့် သဘောတူခဲ့

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ–UPDJC ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယခုအစည်းအဝေးသို့ တက် ရောက်ရသည်ကို မိမိအနေဖြင့် ဝမ်းမြောက်ပါကြောင်း၊ ဝမ်းမြောက်ရခြင်းမှာ အားလုံးညီညီညွတ်ညွတ်ဖြင့် လုပ်သင့်လုပ်ထိုက်သည်များ၊ သဘောတူသင့်သည့်အချက်များကို သဘောတူခဲ့ကြသည့်အတွက် ဖြစ်ပါကြောင်း၊ ထို့ပြင် UPDJC ဒုတိယဥက္ကဋ္ဌများထံမှလည်း တန်ဖိုးရှိသည့် စကားများ ကြားရပါကြောင်း။

မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းရေးမရရှိခဲ့သည်မှာ လွတ်လပ်ရေးစပြီးရကတည်းက ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းသည့်နိုင်ငံဖြစ်အောင် မိမိတို့ဆောင်ရွက်ရာတွင် စေတနာ၊ ပညာ၊ သတ္တိ လိုအပ်ပါကြောင်း၊ စေတနာရှိမှသာ ငြိမ်းချမ်းရေးကို စတင်လုပ်ဆောင်နိုင်မည် ဖြစ်ပါကြောင်း၊ စတင်လုပ်ဆောင်ရာတွင် ပညာဖြင့် မှန်မှန်ကန်ကန် လမ်းကို လျှောက်ပြီး မှန်ကန်သည့်ဆုံးဖြတ်ချက်များ ချနိုင်မည်ဖြစ်ပါကြောင်း၊ ယင်းဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရဲသည့် သတ္တိရှိရန် အင်မတန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် ဦးသုဝေပြောသကဲ့သို့ အားလုံးသည် ငြိမ်းချမ်းရေးရယူရဲသည့် သတ္တိရှိရန် လိုအပ်ပါကြောင်း။

## ငြိမ်းချမ်းရေးရရှိအောင် ဦးတည်

ထို့ပြင် ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း ပြောသကဲ့သို့ UPDJC အဖွဲ့သည် ဥပဒေပြုအဖွဲ့လည်း မဟုတ်ကြောင်း၊ လွှတ်တော်လည်းမဟုတ်ကြောင်း၊ အစိုးရအဖွဲ့လည်း မဟုတ်ပါကြောင်း၊ ပြည်သူ့ဟစ်တိုင်လည်း မဟုတ်ပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် ထူထောင်ထားသည့် အဖွဲ့ဖြစ်ပါကြောင်း၊ ထို့ကြောင့် UPDJC သည် ငြိမ်းချမ်းရေးရရှိအောင် ဦးတည်ပြီး ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် ကိစ္စများ၊ ငြိမ်းချမ်းရေး ရရှိရေးနှင့် ပတ်သက်သည့်ကိစ္စများကို ဆွေးနွေးပြီး သဘောတူညီချက်ရယူရမည့် အဖွဲ့ဖြစ်သည်ဟု မြင်ပါကြောင်း။

ယခုအစည်းအဝေး အောင်အောင်မြင်မြင်ကျင်းပနိုင်ခြင်းမှာ ယင်းမူအရ ဆောင်ရွက်သွားခြင်းကြောင့် ဖြစ်ပါကြောင်း၊ UPDJC ၏ အဓိကတာဝန်သည် မတူကွဲပြားသည့် အမြင်များကို ညှိနှိုင်းပြီး ငြိမ်းချမ်းရေးဘက်ကို တွန်းပို့ရန်အတွက် ဖြစ်ပါကြောင်း၊ တင်ပြသွားသည့် ကိစ္စများထဲတွင် မိမိတို့အဖွဲ့ဝင်များအနေဖြင့် တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးနှင့်ပတ်သက်သောကိစ္စဖြစ်သည့် COVID–19 ကို စိတ်ဝင်စားကြ အလေးထားကြသည့်အတွက် အားရပါကြောင်း၊ မိမိတို့နိုင်ငံသည် အထီးကျန်နိုင်ငံ မဟုတ်ပါကြောင်း၊ ကမ္ဘာကြီး၏ အစိတ်အပိုင်းဖြစ်ပါကြောင်း၊ မိမိတို့အားလုံးသည် မြန်မာနိုင်ငံ၏ အစိတ်အပိုင်းဖြစ်ပါကြောင်း၊ မိမိတို့အားလုံးသည် ပြည်ထောင်စု၏ အစိတ်အပိုင်းဖြစ်ပြီး ပြည်ထောင်စု တည်တံ့ခိုင်မြဲရေး၊ ငြိမ်းချမ်းသာယာရေးအတွက် လုပ်ဆောင်သွားကြသူများ ဖြစ်သည်ဆိုသည့် စိတ်ဓာတ်ဖြင့် ဆက်သွားမည်ဆိုပါက မိမိတို့ရည်ရွယ်ချက်များ အားလုံးအောင်မြင်မည်ဖြစ်ပါကြောင်း၊ အောင်မြင်မည်ဆိုသည်ကိုလည်း မိမိအနေဖြင့် ယုံကြည်ချက်ထားပြီးဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် မိမိတို့ခေတ်တွင် အောင်မြင်စေချင်ပါကြောင်း၊ နှစ်(၇၀)ကျော် ငြိမ်းချမ်းရေးမရှိသည့် ပြည်ထောင်စုအဆင့်မှ ငြိမ်းချမ်းတည်ငြိမ်သာယာဝပြောတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ထူထောင်နိုင်ခဲ့သည်ကို မိမိတို့ခေတ်တွင် ဖြစ်စေလိုပြီး နောင်လာနောက်သားများအတွက် ကောင်းကျိုးအမွေအဖြစ် ထားခဲ့ချင်ပါကြောင်း၊ သို့ဖြစ်၍ အစည်းအဝေးကို အောင်မြင်အောင် ဆောင်ရွက်ပေးကြသူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍လည်း အောင်မြင်မှုတစ်ခုချင်းအပေါ် လှမ်းနိုင်ပါစေဟု ဆုတောင်းပါကြောင်း ပြောကြားသည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုသားတွေအားလုံး အချင်းချင်းအပြန်အလှန်ယုံကြည်ရိုင်းပင်းပြီး ဘုံခွန်အားတွေ စုစည်းနိုင်အောင် ကြိုးစားနိုင်မှသာ ဖြစ်ပေါ်လာသမျှသော စိန်ခေါ်မှုတွေကို ကြံ့ကြံ့ခံနိုင်မယ်၊ အောင်မြင်နိုင်မယ်

**(၁၈) ကြိမ်မြောက် UPDJC အစည်းအဝေးတွင် UPDJC ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်း**

(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၂ ရက်နေ့၊ နေပြည်တော်)

ဒီကနေ့ UPDJC အစည်းအဝေးကို တက်ရောက်လာကြတဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့မှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အားလုံးပဲ ကိုယ်စိတ်နှလုံး အေးချမ်းကြပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါတယ်။ ကျွန်မတို့ရဲ့ UPDJC လုပ်ဖော်ကိုင်ဖက်တွေ မဆုံရ၊ မတွေ့ရတာလည်း အတော်ကြာခဲ့ပါပြီ။ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လအတွင်းမှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ တတိယအစည်းအဝေးကာလအတွင်းက (၁၇)ကြိမ်မြောက် UPDJC အစည်းအဝေး ပြီးသွားတဲ့နောက်ပိုင်း ကျွန်မတို့ UPDJC အစည်းအဝေးတွေ မခေါ်နိုင်ခဲ့တာ အခုဆိုရင် အချိန်ကာလအားဖြင့် (၂)နှစ်နီးပါးအထိ ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ဒီကနေ့ တရားဝင်အစည်းအဝေး ပြန်လည်စတင်နိုင်ပြီး UPDJC အဖွဲ့ဝင်တွေအားလုံးနဲ့ ပြန်လည်တွေ့ဆုံရတဲ့အတွက်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။

အားလုံးသိထားကြပြီးဖြစ်တဲ့အတိုင်း (၂၁)ရာစုပင်လုံညီလာခံ ပြီးသွားတဲ့နောက်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ စပ်လျဉ်းပြီး ကျွန်မတို့ အစုအဖွဲ့တွေ အသီးသီးက ပြန်လည်သုံးသပ်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဒီလို သုံးသပ်တဲ့အခါမှာ ပတ်သက်သူအားလုံးရဲ့ အနှစ်နှစ်အလလ စိုးရိမ်ပူပန်မှုတွေ၊ အနှစ်နှစ်အလလ မျှော်မှန်းချက်တွေကို ခြုံငုံမိအောင် ဘက်စုံထောင့်စုံကနေ ဆင်ခြင်သုံးသပ်ပြီး ပိုမိုကောင်းမွန်တဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကို ဆက်လက်လျှောက်လှမ်းနိုင်ဖို့ ဒီ(၂)နှစ်တာကာလအတွင်းမှာ ကြိုးပမ်းခဲ့ကြရတာ ဖြစ်ပါတယ်။ အလွတ်သဘောတွေ့ဆုံမှုတွေ၊ တရားဝင်အစည်းအဝေးတွေ အကြိမ်ပေါင်းများစွာ တစ်ဖက်နဲ့တစ်ဖက် ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ကြတဲ့အတွက် ဒီကနေ့ UPDJC အစည်းအဝေး စားပွဲဝိုင်းဆီကို ပြန်လည်ဦးတည်လာနိုင်ခဲ့ကြတာလည်း ဖြစ်ပါတယ်။ ဒီလို ကြိုးပမ်းဆောင်ရွက်ရာမှာ အနိမ့်အမြင့်၊ အတက်အကျ အခြေအနေအမျိုးမျိုးကြားမှာ ပန်းတိုင်ကို မပျောက်ပျက်စေဘဲ စေတနာထားပြီး ပါဝင်ကြိုးပမ်းပေးခဲ့ကြတဲ့ စေ့စပ်ညှိနှိုင်း ဆွေးနွေးခဲ့ကြသူအားလုံး၊ အထူးသဖြင့် PPST ယာယီအဖွဲ့ခေါင်းဆောင်နဲ့ PPST အဖွဲ့ဝင်တွေအားလုံးကို ကျွန်မအနေနဲ့ ကျေးဇူးအထူးတင်ရှိကြောင်း ပြောလိုပါတယ်။

**UPDJC ၏ အခန်းကဏ္ဍ**

၁၉၄၇ ခုနှစ် ပင်လုံညီလာခံနောက်ပိုင်း ကျွန်မတို့နိုင်ငံရဲ့ သမိုင်းကြောင်းတစ်လျှောက် ပထမဆုံး သမိုင်းဝင်ပေါ်ပေါက်လာခဲ့တဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကို ဦးဆောင်ကြီးကြပ် လမ်းညွှန်မှုပေးရတဲ့ ကျွန်မတို့ရဲ့ UPDJC ဟာ သမိုင်းရဲ့ လိုအပ်ချက်အရ ပေါ်ပေါက်လာခဲ့တဲ့ နိုင်ငံရေးစားပွဲဝိုင်းဖြစ်တာနဲ့ အညီ တာဝန်လည်း ကြီးမားလှပါတယ်။ ကာလရှည်ကြာ ရပ်နားခဲ့ရတဲ့ UPDJC အစည်းအဝေး ပြန်လည်စတင်နိုင်ခြင်းဟာ ဘယ်လောက်ပဲ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ ကြုံတွေ့နေပါစေ၊ ကျွန်မတို့အချင်းချင်း စိတ်ရှည်သည်းခံပြီး အကျေအလည် ညှိနှိုင်းနိုင်မယ်ဆိုရင် အောင်မြင်နိုင်တယ်ဆိုတာကို သက်သေပြနေတာလည်း ဖြစ်ပါတယ်။ ဒ့ါကြောင့် ဒီကနေ့အစည်းအဝေးဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အရေးကြီးတဲ့ အစည်းအဝေးတစ်ရပ်ပဲ ဖြစ်ပါတယ်။

ဒီကနေ့ UPDJC အစည်းအဝေးကနေ လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံအထိ ခိုင်မာပြီး နိုင်ငံရေးအနှစ်သာရ ပြည့်ဝတဲ့ ရလဒ်ကောင်းတွေ ထွက်ပေါ်လာအောင် ကျွန်မတို့အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ အရေးကြီးပါတယ်။ ပြီးခဲ့တဲ့ (၈)ကြိမ်မြောက် JICM အစည်းအဝေးမှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်နဲ့ အဆင့်လိုက် အကောင်အထည်ဖော်မှု၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ဆိုင်ရာ အခြေခံမူ သဘောတူညီချက်တွေကို စုစည်းပြီး ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း(၃)အဖြစ် ချုပ်ဆိုဖို့ ဆုံးဖြတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီအချက်တွေဟာ ကျွန်မတို့အစိုးရအတွက်သာမက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအတွက်လည်း အရေးကြီးလှတဲ့ လိုအပ်ချက်တွေပဲ ဖြစ်ပါတယ်။ ကျွန်မတို့ UPDJC အဖွဲ့ဝင်အားလုံး အနေနဲ့ JICM က ဆုံးဖြတ်ထားတဲ့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)ကို အောင်အောင်မြင်မြင် ချုပ်ဆိုနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားကြရမှာပါ။ ၂၀၂၀ အလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ၂၀၂၀ အလွန် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်တွေကို ချမှတ်နိုင်ဖို့ ကျွန်မတို့အားလုံး ဆက်လက်ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

**နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြင်ဆင်ရေး**

ဒီကနေ့ UPDJC အစည်းအဝေးမှာ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် (Framework For Political Dialogue) ကို ပြင်ဆင်ကြမှာဖြစ်ပြီး ဆက်စပ်နေတဲ့ ToR တွေ၊ SOP တွေကိုလည်း တစ်ပေါင်းတည်း ပြင်ဆင်သွားဖို့ ရှိပါတယ်။ မူဘောင်ပြင်ဆင်မှုကို အခြေခံပြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေလည်း ဆက်လက်လုပ်ဆောင်သွားဖို့ ရှိနေတာဖြစ်တာကြောင့် နိုင်ငံရေးဆွေးနွေးပွဲတွေကတော့ ဆက်တိုက်ဖြစ်ပေါ်လာတော့မှာ ဖြစ်ပါတယ်။

ဒီမှာ ကျွန်မ ထပ်ပြီးပြောချင်တာက အများသိပြီးဖြစ်တဲ့ WHO ကနေပြီး COVID-19 နဲ့ ပတ်သက်လို့ Pandemic ဆိုပြီး ကြေညာလိုက်ပါပြီ။ အဲဒီတော့ ဒီနိုင်ငံရေးဆွေးနွေးပွဲတွေနဲ့ ဆက်စပ်ပြီးပြောရမယ်ဆိုရင် လူစုလူဝေးလုပ်တဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ အစိုးရကနေပြီး စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်ရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဒီနေ့ နေ့လယ်မှာ အစည်းအဝေးရှိပါတယ်။ ဒါကြောင့် ဒါ အခုကတည်းက ပြောထားတာပါ။ ဒီမူဘောင်ဟာဆိုရင်လည်း ပြုလွယ်ပြောင်းလွယ် လုပ်ထားခဲ့တာဖြစ်တဲ့အတွက် ပိုမိုပြီး ကောင်းမွန်အောင် အကြိမ်ကြိမ်ပြင်ဆင်ခဲ့ရတာပါ။ လာမယ့်ညီလာခံပြီးရင်လည်း လက်တွေ့ကျပြီး ထိရောက်မှုရှိမယ့် နိုင်ငံရေးမူဘောင်တစ်ရပ်ဖြစ်လာဖို့အတွက် ကျွန်မတို့အားလုံး ဆက်လက်ညှိနှိုင်း တိုင်ပင်ဆွေးနွေးသွားကြရဦးမှာ ဖြစ်ပါတယ်။

ကမ္ဘာတစ်ဝှမ်းက ငြိမ်းချမ်းရေးဖြစ်စဉ်တွေကို လေ့လာကြည့်ရင် နောက်ခံအခြေအနေ ကွာခြားချက်အရ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေဟာလည်း တစ်မျိုးတစ်ဘာသာစီ တွေ့ရှိနိုင်ပါတယ်။ စိန်ခေါ်မှုတွေ ကွဲပြားခြားနားနေပေမယ့် တူညီတဲ့အချက်က ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်ဖို့ဆိုရင် ပါဝင်သူအစုအဖွဲ့အားလုံးရဲ့ သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှု၊ တီထွင်ဖန်တီးနိုင်မှု၊ ပြဿနာများ ကိုင်တွယ်ဖြေရှင်းနိုင်မှုနဲ့ နိုင်ငံရေးစိတ်ရင်း စေတနာတွေက အဓိကကျတယ်ဆိုတာကို တညီတညွတ်တည်း တွေ့ရှိရပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပျက်ပြားစေချင်ရင်၊ နှောင့်နှေးစေချင်ရင် ပါဝင်တဲ့အထဲက အစုအဖွဲ့တစ်ဖွဲ့က ဖန်တီးဖျက်ဆီးနိုင်ပေမယ့် ဒီဖြစ်စဉ် အောင်မြင်ဖို့ဆိုရင်တော့ ပါဝင်သူ အစုအဖွဲ့အားလုံးက ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ အစုအဖွဲ့ တစ်ဖွဲ့အနေနဲ့ ကိုယ့်ရဲ့ လိုလားချက်တွေကို ရာနှုန်းပြည့်ရရှိနိုင်မှာ မဟုတ်ဘူးဆိုတာ သတိချပ်စေချင်ပါတယ်။ ရာနှုန်းပြည့် တစ်ရာရာခိုင်နှုန်း လိုချင်တာရမှ ပူးပေါင်းပါဝင်ဆောင်ရွက်မယ်ဆိုတဲ့ ခံယူချက်မျိုးနဲ့ စေ့စပ်ညှိနှိုင်းလို့ ရရှိနိုင်မှာ မဟုတ်ပါဘူး။ အပေးအယူ၊ အလျှော့အတင်း လုပ်ရဲမှသာ နိုင်ငံရေးစားပွဲဝိုင်းထဲဝင်ဖို့ သင့်လျော်မှာဖြစ်သလို နိုင်ငံရေးစားပွဲဝိုင်းထဲ ဝင်ထိုင်ပြီးမှတော့ အပေးအယူ၊ အလျှော့အတင်း လုပ်နိုင်အောင် ကြိုးစားဖို့ပဲ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ အောင်မြင်ဖို့အတွက် ကျွန်မတို့ UPDJC အနေနဲ့ မျှတတဲ့ အပေးအယူ၊ အလျှော့အတင်းကို အခြေခံပြီး စည်းလုံးညီညွတ်မှုတည်ဆောက်နိုင်ဖို့ အထူးပဲ အရေးကြီးလှပါတယ်။ ဒ့ါကြောင့် အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ပင်လုံစိတ်ဓာတ်ကို အခြေခံတဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ကျွန်မတို့အားလုံး ရှေ့ဆက်သွားကြဖို့ တိုက်တွန်းလိုပါတယ်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ စိန်ခေါ်မှုများ**

ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ တစ်ပြိုင်နက်တည်း လမ်းကြောင်း(၃) ကြောင်း သွားနေတာဖြစ်ပါတယ်။ ပထမလမ်းကြောင်းက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာစေရေး ဖြစ်ပါတယ်။ နှစ်ဖက် တပ်တွေနဲ့ JMC က ဆောင်ရွက်နေတဲ့လမ်းကြောင်း ဖြစ်ပါတယ်။ ဒုတိယလမ်းကြောင်းကတော့ နိုင်ငံရေးဆွေးနွေးမှု ဖြစ်ပါတယ်။ ဒါကို ကျွန်မတို့ရဲ့ UPDJC က တာဝန်ယူ ကြိုးပမ်းနေတာ ဖြစ်ပါတယ်။ တတိယလမ်းကြောင်းကတော့ ငြိမ်းချမ်းရေးအသီးအပွင့် ဖွံ့ဖြိုးရှင်သန်ရေးပဲ ဖြစ်ပါတယ်။ ဒါကိုတော့ ကျွန်မတို့ရဲ့ NRPC ၊ PC ၊ ပြည်နယ်အစိုးရတွေနဲ့ သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ပူးပေါင်းပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ သဘောသဘာဝကိုက အရာရာ ချောမွေ့ဖြောင့်ဖြူးနေတာမျိုး မဟုတ်ပါဘူး။ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ ဆက်တိုက်တွေ့ကြုံရင်ဆိုင်နေရမှာပါပဲ။ လက်နက်ကိုင်တပ်ဖွဲ့တွေ အချင်းချင်းအကြား ဆွေးနွေးညှိနှိုင်းရတာဖြစ်တဲ့အတွက် အဆင်မသင့်ရင် သေနတ်သံတွေ ပြန်ပြီးထွက်ပေါ်လာတတ်တာ ဓမ္မတာပါပဲ။ ဒါပေမယ့် ကျွန်မတို့အားလုံးရဲ့ ဦးတည်ချက်၊ ပန်းတိုင် ပျောက်ပျက်မသွားအောင် သတိချပ်ကြဖို့ ကျွန်မအနေနဲ့ သတိပေးလိုပါတယ်။ UPDJC ရပ်နားထားရတဲ့ (၂)နှစ်နီးပါး ကာလအတွင်းမှာ အဆင်မသင့်တဲ့ ထိတွေ့မှုတွေ၊ ပစ်ခတ်မှုတွေ၊ မိုင်းခွဲတာတွေ အနည်းငယ်ဖြစ်ပေါ်ခဲ့ပါတယ်။

ဒီလိုမျိုး အခန့်မသင့်၊ အဆင်မသင့်လို့ ဖြစ်ပွားလာခဲ့တာတွေကိုလည်း နှစ်ဦး နှစ်ဖက် စားပွဲဝိုင်းမှာ တွေ့ဆုံညှိနှိုင်းပြီး ပြဿနာတွေကို အဖြေရှာကြဖို့ လိုပါတယ်။ NCA ကို စတင်လက်မှတ်ရေးထိုးကတည်းက စစ်ရေးနည်းအစား နိုင်ငံရေးနည်းနဲ့ ညှိနှိုင်းအဖြေရှာကြမယ်ဆိုပြီး ကတိကဝတ်ပြုထားကြသူတွေလည်း ဖြစ်ပါတယ်။ အပစ်ရပ်ခိုင်မာရေးမှာ အခက်အခဲတွေ ရှိနေရင်တောင်မှ နိုင်ငံရေးဆွေးနွေးပွဲတွေကို မထိခိုက်စေဖို့ NCA မှာ တရားဝင်ဖော်ပြထားပြီးဖြစ်တာလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ ပြဿနာတချို့ပေါ်ပေါက်လာတာနဲ့ အရင်ကလိုပဲ သေနတ်တွေပြန်ကိုင်၊ ပြန်ပြီးပစ်ခတ်ကြတယ်ဆိုတဲ့ ရှေးရိုးနည်းလမ်းကိုပဲ ပြန်သွားနေကြမယ်ဆိုရင် အရင်တုန်းက (၂၀) ရာစုခေတ်မှာပဲ အတွေးအခေါ်တွေ ကျန်နေသေးတယ်လို့ ဆိုရပါလိမ့်မယ်။ ပြဿနာတွေကတော့ ဖြစ်နေမှာပဲ။ ဒီလိုမျိုး ပြဿနာတွေဖြစ်လာရင် အမြန်ဆုံးတွေ့ကြပါ၊ ဆွေးနွေးကြပါ၊ အဖြေရှာကြပါ။ စားပွဲဝိုင်းမှာ ရန်ဖြစ်တာက စစ်မြေပြင်မှာ ပစ်ခတ်မှုတွေထက် အများကြီးအကျိုးရှိပါတယ်။ တစ်ဆက်တည်းမှာပဲ ဒီလိုမပြေလည်မှုအချို့ ရှိနေပေမယ့်လည်း ပြည်ထောင်စုတစ်ခုလုံးရဲ့ အနာဂတ်ကို မျက်မှောက်ပြုပြီး ဒီကနေ့ UPDJC အထိ ရောက်လာအောင် ကြိုးပမ်းပေးခဲ့ကြတဲ့ သက်ဆိုင်သူအားလုံးကို အသိအမှတ်ပြုပါကြောင်း ဒီကနေ့ ပြောကြားလိုပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကတော့ အမျိုးမျိုးအဖုံဖုံ ရှိနေကြပါတယ်။ တချို့အခက်အခဲတွေက ဟိုးအရင်ကတည်းက ရှိနေခဲ့တာတွေဖြစ်သလို တချို့စိန်ခေါ်မှုတွေကလည်း ဒီကနေ့ခေတ်မှာ ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။

*စာမျက်နှာ ၆ သို့*

**“ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ သဘောသဘာဝကိုက အရာရာ ချောမွေ့ဖြောင့်ဖြူးနေတာမျိုး မဟုတ်ပါဘူး။ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ ဆက်တိုက်တွေ့ကြုံရင်ဆိုင်နေရမှာပါပဲ။ လက်နက်ကိုင်တပ်ဖွဲ့တွေ အချင်းချင်းအကြား ဆွေးနွေးညှိနှိုင်းရတာဖြစ်တဲ့အတွက် အဆင်မသင့်ရင် သေနတ်သံတွေ ပြန်ပြီးထွက်ပေါ်လာတတ်တာ ဓမ္မတာပါပဲ။ ဒါပေမယ့် ကျွန်မတို့အားလုံးရဲ့ ဦးတည်ချက်၊ ပန်းတိုင် ပျောက်ပျက်မသွားအောင် သတိချပ်ကြဖို့ ကျွန်မအနေနဲ့ သတိပေးလိုပါတယ်”**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အရေးပေါ်အစည်းအဝေး တက်ရောက်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် 2019 Novel Coronavirus(COVID–19) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အရေးပေါ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် မတ် ၁၂**

2019 Novel Coronavirus (COVID–19) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အရေးပေါ်အစည်းအဝေးကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ ဦးဆောင်၍ ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာနန၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ 2019 Novel Coronavirus(COVID–19)ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဗဟိုကော်မတီ ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပူးတွဲဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

**ကြပ်မတ်ဆောင်ရွက်သွားမည်**

အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က COVID–19 ရောဂါ ကူးစက်ပြန့်ပွားနေမှုကြောင့် ရေရှည်တွင် ပြည်သူပြည်သားများအပေါ် ရိုက်ခတ်လာနိုင်သည့် အကျိုးဆက်များ လျော့နည်းစေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယနေ့ အစည်းအဝေး ခေါ်ယူကျင်းပခြင်းဖြစ်ကြောင်း၊ Novel Coronavirus (COVID–19) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဗဟိုကော်မတီကို ဇန်နဝါရီ ၃၀ ရက်တွင် ဖွဲ့စည်းပေးခဲ့ပြီးနောက် ဗဟိုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ဖေဖော်ဝါရီ ၃ ရက်တွင် လည်းကောင်း၊ ဒုတိယအကြိမ် အစည်းအဝေးကို မတ် ၃ ရက်တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီးနောက် အစည်းအဝေးဆုံးဖြတ်ချက်များအတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုသည် ယခုအခါ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကူးစက်ပျံ့နှံ့သော ကပ်ရောဂါ (Pandemic) အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က မတ် ၁၁ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာနိုင်ငံအနေဖြင့်လည်း

> **“COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုသည် ယခုအခါ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကူးစက်ပျံ့နှံ့သော ကပ်ရောဂါ (Pandemic) အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က မတ် ၁၁ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာနိုင်ငံအနေဖြင့်လည်း အထူးအလေးထားပြီး ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ အစီအမံများချမှတ်ခြင်းနှင့် ရေရှည်ထိခိုက်လာနိုင်သည့် အကျိုးဆက်များ၊ ဆိုးကျိုးများကို ဖြေရှင်းရေးဆိုင်ရာနည်းလမ်းများ အဖြေရှာခြင်းတို့ကို ပိုမိုထိရောက်စွာ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်”**

အထူးအလေးထားပြီး ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ အစီအမံများ ချမှတ်ခြင်းနှင့် ရေရှည်ထိခိုက်လာနိုင်သည့် အကျိုးဆက်များ၊ ဆိုးကျိုးများကို ဖြေရှင်းရေးဆိုင်ရာ နည်းလမ်းများ အဖြေရှာခြင်းတို့ကို ပိုမိုထိရောက်စွာ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရောဂါကူးစက်ပြန့်ပွားမှုနှင့် စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာအစီအမံများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ ယင်းရောဂါ၏ အကျိုးဆက်ကြောင့် ပြည်တွင်းစီးပွားရေးကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံတွင် ရိုက်ခတ်လာမည့် အကျိုးဆက်များနှင့် ထပ်မံဖြစ်ပေါ်လာနိုင်သည့် အခြားထိခိုက်နစ်နာမှုများအား လျှော့ချနိုင်ရေးအတွက် တုံ့ပြန်ဆောင်ရွက်ကြရန်၊ ကျန်းမာရေးအသိပေး လမ်းညွှန်ချက်များနှင့် ဆောင်ရန်/ ရှောင်ရန် သတင်းအချက်အလက်များအား ပြည်သူလူထုထံ ကျယ်ကျယ်ပြန့်ပြန့် အသိပညာဖြန့်ဝေပေးကြရန်နှင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအစီအမံများတွင် ပြည်သူလူထုမှ ကျန်းမာရေးအသိရှိစွာဖြင့် ပါဝင်လိုက်နာဆောင်ရွက်သွားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ထည့်သွင်းပြောကြားသည်။

**တင်ပြဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများတွင် သက်ဆိုင်ရာ အခန်းကဏ္ဍများအလိုက် ဆောင်ရွက်နေမှုအခြေအနေများ၊ WHO ၏ အသိပေးထုတ်ပြန်ချက်များနှင့်အညီ တုံ့ပြန်ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များနှင့် ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ကိစ္စရပ်တို့အပေါ် တင်ပြဆွေးနွေးခဲ့ကြသည်။

**ပန်ကြားချက်များထုတ်ပြန်ရေးဆွေးနွေး**

အစည်းအဝေးတွင် လက်ရှိအချိန်၌ COVID–19 ရောဂါ ပြန့်ပွားမှုကို ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအား အချိန်အတိုင်းအတာတစ်ခုအထိ အရှိန်အဟုန်မြှင့် ကြပ်မတ်ဆောင်ရွက်သွားရေး၊ ယခုလက်ရှိဖွဲ့စည်းထားသော ဗဟိုကော်မတီကို ဝန်ကြီးဌာနများအကြား ပိုမိုပူးပေါင်းညှိနှိုင်းပေါင်းစပ်မှုများ ပြုလုပ်သွားနိုင်ရန်အတွက် အဆင့်မြှင့်တင်ဖွဲ့စည်းသွားရေး၊ COVID–19 ရောဂါမှာ နိုင်ငံတကာတွင် လူစုလူဝေးဖြင့် တက်ရောက်သောပွဲများ၊ အခမ်းအနားများမှတစ်ဆင့် လွယ်လင့်တကူ ကူးစက်သည့်သာဓကများကို တွေ့ရှိရသဖြင့် မိမိတို့နိုင်ငံတွင်လည်း အစိုးရမှ ဦးစီးကျင်းပသည့် လူအများအပြားတက်ရောက်မည့် အခမ်းအနားများနှင့် အစည်းအဝေးများကျင်းပမှုကို ပြန်လည်သုံးသပ်ရေး၊ လူအများလာရောက်ဖူးမြော်သည့် တန်ခိုးကြီးဘုရားစေတီများ၏ မုခ်ဦးအဝင်ဝများတွင် ဘုရားဖူးများ၏ ခန္ဓာကိုယ်အပူချိန်မြင့်တက်မှု ရှိ/မရှိ စောင့်ကြပ်ကြည့်ရှုသွားရန် စီစဉ်ဆောင်ရွက်သွားရေး၊ လတ်တလောရောဂါဖြစ်ပွားမှုနှင့် ကူးစက်မှုနှုန်းများပြားနေသည့်နိုင်ငံများမှ လာရောက်သူများအား မြန်မာနိုင်ငံသို့ ရောက်ရှိပြီးနောက် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) ကို စနစ်တကျကြီးကြပ်ဆောင်ရွက်သွားရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် အသွားအလာ တားမြစ်ပိတ်ပင်ခြင်း (Quarantine) ပြုလုပ်နိုင်ရန် ထားရှိမည့်နေရာများကို ကြိုတင်ရှာဖွေပြင်ဆင်ထားရှိရေး၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လုပ်ဆောင်လာနိုင်စေရန် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်သွားရေး၊ ပြည်သူများအကြား ထင်ယောင်ထင်မှားဖြစ်စေသော သတင်းများ၊ စိုးရိမ်ထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ဖြန့်ချိသည့် သတင်းမှားများအား စောင့်ကြည့်၍ သက်ဆိုင်ရာဌာနများမှ အချိန်နှင့်တစ်ပြေးညီ သတင်းအမှန်ထုတ်ပြန်ရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်များနှင့် ပန်ကြားချက်များအား ပြည်သူများ သိရှိနိုင်စေရန် အသိပေးထုတ်ပြန်သွားရေး၊ COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှု၏ အကျိုးဆက်ကြောင့် ကုန်သွယ်ရေး၊ စီးပွားရေးအပေါ် ထိခိုက်နစ်နာမှုများအား လျှော့ပါးသက်သာစေရေး၊ ရပ်ဆိုင်းသွားသည့်စက်ရုံ၊ အလုပ်ရုံများမှ အလုပ်ရှင်များနှင့် အလုပ်သမားများအတွက် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးနိုင်မည့် နည်းလမ်းများကို အမြန်ဆုံးပူးပေါင်းရှာဖွေရေး၊ တရုတ်နိုင်ငံတွင် စက်ရုံများပိတ်သိမ်းမှုကြောင့် အခက်အခဲကြုံတွေ့နေရသည့် မြန်မာအလုပ်သမားများအား သက်ဆိုင်ရာမြန်မာသံရုံးအနေဖြင့် တရုတ်အစိုးရနှင့်ညှိနှိုင်း၍ အတတ်နိုင်ဆုံး ကူညီပံ့ပိုးသွားရေး၊ COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရမှ ညွှန်ကြားချက်များနှင့် ပြည်သူလူထုထံ ပန်ကြားချက်များ ထုတ်ပြန်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မတ် ၁၂** – ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၂၆၄ ဦး ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို တက်ရောက်လေ့လာကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၆၇၈၃၅ ဦးရှိကြောင်း၊ လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ (၃)ရက် ကြိုတင်ပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

စာမျက်နှာ ၄ မှ
ပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်ရာမှာလည်း ရှိနေတဲ့ ပြဿနာတွေ အကုန်လုံးကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဖြေရှင်းနိုင်တာတော့ မဟုတ်ပါဘူး။ ကျွန်မတို့အကြားမှာ ဘုံတူညီတဲ့ သဘောထားတွေက ဘာတွေလဲဆိုတာကို ဦးစားပေးရှာဖွေပြီးတော့ ဘုံသဘောထားတူညီမှုတွေကို သဘောတူညီချက်တွေ ဖြစ်လာအောင် နည်းလမ်းရှာပြီး ကြိုးပမ်းကြဖို့ပါပဲ။ သဘောထားကွဲလွဲနေတဲ့ အချက်တွေကို ဘယ်လိုဖြေရှင်းရင် ပြေလည်နိုင်မလဲဆိုတာ ပြဿနာဖြေရှင်းရေးချဉ်းကပ်မှုနဲ့ ဆွေးနွေးညှိနှိုင်းနိုင်ကြဖို့ လိုပါတယ်။ ငြိမ်းချမ်းရေးဆွေးနွေးတယ်ဆိုတာ စကားရည်လုပွဲ မဟုတ်ပါဘူး။ အားလုံး လက်ခံနိုင်မယ့် ဖြေရှင်းချက်ကို ဘယ်လိုရှာကြမလဲဆိုတာ ပါပဲ။

တူညီတဲ့ သဘောထားတွေကို သဘောတူညီချက်တွေအဖြစ် ပြောင်းလဲနိုင်ရင် ကျွန်မတို့အချင်းချင်းအကြားမှာ ယုံကြည်မှုတွေ ပိုမိုပြီး မြင့်တက်လာမှာပါ။ ယုံကြည်မှုတွေ ပိုမိုပြီးမြင့်တက်လာရင် မပြေလည်သေးတဲ့ သဘောထားကွဲလွဲမှုတွေကို ပြေလည်အောင် ညှိနှိုင်းနိုင်မယ့် အလားအလာတွေ ပိုမိုပြီး အားကောင်းလာမှာပါ။ ဒီကနေ့ဆိုရင်ပဲ ကျွန်မတို့အားလုံးကြားမှာ ဒီနိုင်ငံ၊ ဒီပြည်ထောင်စုကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်မှ နိုင်ငံရေးပြဿနာတွေ ပြေလည်မယ်ဆိုပြီး အားလုံးက တညီတညွတ်တည်း လက်ခံထားကြပြီး ဖြစ်ပါတယ်။ ကျွန်မတို့လိုချင်တဲ့ ပြည်ထောင်စုမှာ ဘယ်လိုဖက်ဒရယ်မျိုး၊ ဘယ်လိုဒီမိုကရေစီမျိုးဆိုတာကိုတော့ ကျွန်မတို့ အချင်းချင်းအကြား ဆက်ပြီးတော့ ညှိနှိုင်းကြရဦးမှာပါ။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်တဲ့အခါမှာလည်း တစ်ဆင့်ပြီး တစ်ဆင့် တည်ဆောက်သွားကြမလား၊ တစ်ခါတည်း တစ်စုတည်း တည်ဆောက်မလား ဆိုတာကိုလည်း အသေးစိတ် ဆက်ပြီးညှိနှိုင်းသွားရမှာပဲ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်မတို့နိုင်ငံရဲ့ ပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်တည်ဆောက်ရေးဆိုင်ရာ အဓိကရှုမြင်ချက်(၃)ချက်ကို အလေးအနက်ထားကြဖို့ တိုက်တွန်းလိုပါတယ်။ ပထမဆုံးအချက်ကတော့ ငြိမ်းချမ်းရေးကို ကျန်တဲ့အခြေအနေတွေနဲ့ ဆက်စပ်သုံးသပ်ပြီး စဉ်းစားကြစေလိုပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာဆက်ဆံရေး၊ (၂၁)ရာစု နည်းပညာ ခုန်ပျံကျော်လွှားနေတဲ့ အခြေအနေ၊ ရာသီဥတုပြောင်းလဲမှုအန္တရာယ်တွေ၊ အခုနောက်ဆုံး ကြုံတွေ့နေရတဲ့ နိုင်ငံဖြတ်ကျော် ကမ္ဘာလုံးဆိုင်ရာ ရောဂါဘေးတွေအထိ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ အပြန်အလှန် သက်ရောက်မှုတွေ ချိတ်ဆက်နေတယ်ဆိုတာကို သိမြင်ကြဖို့ပဲ ဖြစ်ပါတယ်။ ဒါရမှ ဒါဖြစ်မယ်ဆိုတဲ့ ကြိုတင်သတ်မှတ်ချက်တွေရှိတဲ့ စဉ်းစားချက်မျိုးထက် အခြေအနေပေါင်းစုံ ဆက်စပ်ပြီး အပြန်အလှန် သက်ရောက်မှု၊ မှီခိုမှုတွေရှိနေတယ်ဆိုတဲ့ စဉ်းစားချက်မျိုးရှိမယ်ဆိုရင် ကျွန်မတို့အကြားက ညှိနှိုင်းဆွေးနွေးမှုတွေ၊ အခြား အခြေအနေတွေနဲ့ အချိန်ကိုက်ပြီး အဖြေထွက်အောင် လုပ်ဆောင်နိုင်စွမ်းတွေကို အထောက်အကူဖြစ်စေနိုင်ပါလိမ့်မယ်။

ဒုတိယအချက်အနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ နိုင်ငံရေးဖြစ်စဉ်နဲ့ ခွဲခြားမရတာ မှန်ပေမယ့် ဘယ်လို နိုင်ငံရေးဖြစ်စဉ်မျိုးနဲ့ ချိတ်ဆက်ထားစေချင်သလဲဆိုတာကို နိုင်ငံရေးခေါင်းဆောင်တွေက ရွေးချယ်ဆုံးဖြတ်နိုင်တာ ဖြစ်ပါတယ်။ မိမိရဲ့ အခွင့်အာဏာသက်တမ်း၊ ရာထူးသက်တမ်းစတဲ့ အချိန်ကာလသတ်မှတ်ချက်နဲ့ နှိုင်းယှဉ်စဉ်းစားတဲ့ နိုင်ငံရေးမျိုး၊ တစ်စုတစ်ဖွဲ့၊ လူမျိုးတစ်စုတည်းကိုပဲ ကွက်ကွက်ကလေးကြည့်ပြီး ကျဉ်းမြောင်းတဲ့ အကျိုးမျှော် နိုင်ငံရေးမျိုးတွေနဲ့ ချိတ်ဆက်ထားတာမျိုး မဟုတ်ဘဲ နိုင်ငံရေးအချိန်သတ်မှတ်ချက်ကို အနာဂတ်မျိုးဆက်တွေရဲ့ ကောင်းကျိုးချမ်းသာ ရရှိနိုင်မှုနဲ့ ချိတ်ဆက်စဉ်းစားတဲ့ နိုင်ငံရေးမျိုး၊ ပြည်ထောင်စုကျေးဇူးတရားနဲ့ ဆက်စပ်စဉ်းစားတဲ့ နိုင်ငံရေးမျိုးနဲ့ပဲ ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ချိတ်ဆက်ပြီး စဉ်းစားကြစေလိုပါတယ်။ ဒါ့ကြောင့်လည်း ကျွန်မတို့အစိုးရအနေနဲ့ ၂၀၂၀ အလွန်မှာ ငြိမ်းချမ်းရေးဖြစ်စဉ် ဆက်ရှိနေဖို့၊ ပြည်ထောင်စုသားအားလုံး ညီညွတ်ရေးအတွက် ဆက်ပြီး ဆတက်ထမ်းပိုးလုပ်ဆောင်နေဖို့ သန္နိဋ္ဌာန်ချမှတ်ထားပြီးသား ဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ ငြိမ်းချမ်းရေးလုပ်တယ်၊ ဖက်ဒရယ်ပြည်ထောင်စုကို ကတိကဝတ်ပြုကြတယ်ဆိုတာ ပြည်ထောင်စုအတွင်း၊ ပြည်နယ်တွေအတွင်း မှီတင်းနေထိုင်ကြသူအားလုံးကို ခွဲခြားခြင်းမရှိဘဲ တန်းတူရည်တူသဘောထားပြီး အားလုံးနဲ့ သက်ဆိုင်တဲ့ ပြည်ထောင်စုအကျိုးအတွက် ဆန္ဒအင်အား၊ စိတ်ဓာတ်အင်အား၊ ဝီရိယအင်အား၊ ပညာအင်အား ဆိုတဲ့ အဓိပတိတရားတွေကို စုစည်းပေးကြဖို့ ဖြစ်ပါတယ်။ နိုင်ငံရေးသိပ္ပံမှာတော့ ဒါကိုပဲ ပြည်ထောင်စုတည်ဆောက်ရေး Nation Building ဆိုပြီး ခေါ်တွင်နေကြတာ ဖြစ်ပါတယ်။ စုစည်းမှုဆိုတဲ့ ဘုံခွန်အား မရှိဘူးဆိုရင် ဒီကနေ့ ကျွန်မတို့နိုင်ငံ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားရာမှာ အခက်အခဲများစွာ တွေ့ကြုံရမှာပဲ ဖြစ်ပါတယ်။ ဒီကနေ့ (၂၁)ရာစု ကမ္ဘာကြီးမှာ အကျပ်အတည်းတွေ တွေ့ကြုံလာရပြီဆိုရင် ခြိမ်းခြောက်နိုင်စွမ်းကြီးမားသလို၊ နေ့ရွှေ့ညရွှေ့ ရှောင်လွှဲနေလို့မရအောင် အမြန်ဆုံး တုံ့ပြန်ဖြေရှင်းရမယ့် အခြေအနေမျိုးတွေ ဖြစ်လာနေပါတယ်။ ကိုင်တွယ်ဖြေရှင်းမှုအကြောင်းတရားတွေ မညီညွတ်ရင် ထွက်ပေါ်လာမယ့် ရလဒ်ကလည်း မသေချာ၊ မရေရာမှုတွေ များလာနိုင်တာဖြစ်တဲ့အတွက် ကျွန်မတို့ ပြည်ထောင်စုသားတွေအားလုံး အချင်းချင်း အပြန်အလှန်ယုံကြည်ရိုင်းပင်းပြီး ဘုံခွန်အားတွေ စုစည်းနိုင်အောင် ကြိုးစားနိုင်မှသာ ဖြစ်ပေါ်လာသမျှသော စိန်ခေါ်မှုတွေကို ကြံ့ကြံ့ခံနိုင်မယ်၊ အောင်မြင်နိုင်မယ်လို့ ပြောကြားလိုပါတယ်။

ဒါ့ကြောင့် ကျွန်မတို့ အနေနဲ့ ကျွန်မတို့ရဲ့ မိဘ၊ ဘိုးဘွားတွေ ပြည်ထောင်စုတည်ဆောက်ဖို့ သန္နိဋ္ဌာန်ပြုခဲ့ကြတဲ့ ပင်လုံစိတ်ဓာတ်ကို နှလုံးသွင်းပြီး မပြီးဆုံးသေးတဲ့ ငြိမ်းချမ်းရေးခရီး၊ ပြည်ထောင်စုတည်ဆောက်ရေးခရီးကို ဆက်လက် လျှောက်လှမ်းကြပါစို့လို့ တိုက်တွန်းပြောကြားရင်းနဲ့ နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# (၂၆) ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူးများ အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၂

**(၂၆) ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးများ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ကျင်းပသည်။**

အစည်းအဝေးသို့ UPDJC အတွင်းရေးမှူးများ ဖြစ်ကြသည့် အစိုးရအစုအဖွဲ့မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ဗိုလ်ချုပ် စိုးနိုင်ဦး၊ ဗိုလ်မှူးချုပ် ရဲရင့်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေး အဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအစုအဖွဲ့မှ ပဒိုစောတာဒိုမူး၊ ဦးမျိုးဝင်း၊ စောမြရာဇာလင်း၊ ခွန်မြင့်ထွန်း၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဦးနိုင်ငံလင်း၊ ဦးမြင့်စိုး၊ စိုင်းကျော်ညွန့်၊ တာလှဖေနှင့် ဦးသိန်းထွန်းတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် (၁၈) ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ – UPDJC အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်မည့် ရှေ့လုပ်ငန်းစဉ်များနှင့် အတွင်းရေးမှူးများအစည်းအဝေး ထပ်မံကျင်းပမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**


(၂၆) ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးများအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

# လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုစနစ်တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၂**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုစနစ်တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းနှင့် ကော်မရှင်အဖွဲ့ဝင် ဒေါ်မြတ်မြတ်စိုး၊ UNDP မှ LEAP Project Manager Ms. Valen–tina Bianchini နှင့် ကျွမ်းကျင်ပညာရှင် Prof, Mr. Federico Ceschel တို့က လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုနယ်ပယ်တွင် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုကို စီမံခန့်ခွဲနိုင်ရန် (Corruption Risk Management – CRM) နှင့် ကောင်းမွန်သော စီမံခန့်ခွဲမှုအလေ့အကျင့်များကို မျှဝေရန် CPU များအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို မေလအတွင်း ကျင်းပရန် လျာထားမှု။

ပြည်ထောင်စုဝန်ကြီး ဌာနများအလိုက် CPU အဖွဲ့များ ဖွဲ့စည်းထားသည်မှာ သက်တမ်း တစ်နှစ်ကျော်ပြီဖြစ်၍ အထိုက်အလျောက် အောင်မြင်နေမှု၊ CPU အဖွဲ့များ၏ လုပ်ငန်းတာဝန် (၃)ရပ်၊ အစီအစဉ် (၆)ချက်ကိုလည်း အတည်ပြုထုတ်ပြန်ထားပြီး အစီအစဉ် (၆)ချက်၏ အမှတ်စဉ် (၃)ပါ အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိသော ဥပဒေ၊ စည်းမျဉ်း စည်းကမ်း အမိန့်ညွှန်ကြားချက်များကို စိစစ်သုံးသပ်ပြီး စီမံခန့်ခွဲနိုင်ရေးအတွက် စုပေါင်းဆွေးနွေးရန်လိုအပ်မှု၊ CPU အဖွဲ့များ၏ လုပ်ဆောင်ချက်များ အောင်မြင်ပါက လာဘ်ပေး လာဘ်ယူနှင့် အဂတိလိုက်စားမှုကို ကြိုတင်တားဆီးကာကွယ်နိုင်မှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဌာန ၂၂ ခုရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး(CPU) အဖွဲ့များမှ တာဝန်ရှိသူများကို အုပ်စုများခွဲ၍ အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်း အမိန့်ညွှန်ကြားချက်များကို စိစစ်သုံးသပ်ပြီး စီမံခန့်ခွဲနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**



## မန်းရွှေစက်တော်ရာဘုရားပွဲတော် ရပ်နားလိုက်ပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပြောကြား

**မင်းဘူး မတ် ၁၂**

မန်းရွှေစက်တော်ရာဘုရားပွဲတော် ရပ်နားလိုက်ပြီဖြစ်ကြောင်း ယနေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ပြောကြားခဲ့သည်ဟု သိရှိရသည်။

**ရပ်နားထားလိုက်ပြီးဖြစ်**

"ကျွန်တော်တို့ မန်းရွှေစက်တော်ရာဘုရားပွဲတော်ကိစ္စနှင့်ပတ်သက်၍ ပိတ်ဖို့ မပိတ်ဖို့ ကိစ္စမှာ အလေးအနက်ထားပြီး စဉ်းစားနေပါကြောင်း၊ ပြည်တွင်း၊ ပြည်ပနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို စေတနာထားကြသည့် မိတ်ဆွေများ၊ ဆရာဝန်များ၏ အကြံပေးချက်အရ ပွဲတော်နှင့်ပတ်သက်ပြီး နိုင်ငံတကာမှာ ကိုရိုနာဗိုင်းရပ်စ်အခြေအနေတွေကြောင့် မန်းရွှေစက်တော်ရာဘုရားပွဲတော်ကို မတ် ၁၃ ရက်မှစတင်၍ ရပ်နားထားလိုက်ပြီဖြစ်ပါတယ်"ဟု မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

**ကျော်စိုးဝင်း(မင်းဘူး)**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ ကျင်းပ

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)တွင် အကျုံးဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲ ၁၄ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ် (၃)နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ

**နေပြည်တော် မတ် ၁၂**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ခွင့်ရှိသူ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၆၅၄ ဦးရှိသည့်အနက် ၆၃၃ ဦး တက်ရောက်ပြီး ၂၁ ဦး ခွင့်တိုင်ကြားသည်။

အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)တွင် အကျုံးဝင်သည့် ပုဒ်မ၊ ပုဒ်မခွဲ ၁၄ ခုကို စုစည်းထားသည့် ဆန္ဒမဲလက်မှတ် (၃)နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ကို ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက အတည်ပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်အပ်နှံသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ် က ညွှန်ကြားရေးမှူးချုပ် ယူဆောင်လာသည့် ဆန္ဒမဲလက်မှတ် အရေအတွက် ၆၆၀ ဖြစ်ပါကြောင်း၊ ယနေ့တက်ရောက်သည့် ကိုယ်စားလှယ် ၆၃၃ ဦးဖြစ်သည့်အတွက် အပိုဆန္ဒမဲလက်မှတ် ၂၇ စောင်ကို မိမိထံတွင် ထားရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ဆန္ဒမဲလက်မှတ်များကို ဝန်ထမ်းအဖွဲ့ လေးဖွဲ့ထံသို့ အစည်းအဝေးတက်ရောက်မှု အင်အားအတိုင်း ခွဲဝေပေး

ဆက်လက်၍ သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းအဖွဲ့ လေးဖွဲ့တို့က တာဝန်ပေးထားသည့် အကန့်အလိုက် နေရာယူကြသည်။

ထို့နောက် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားရေးမှူးချုပ်ထံမှ လာရောက်ထုတ်ယူပြီး အကန့်အလိုက် တာဝန်ပေးထားသည့် ဝန်ထမ်းအဖွဲ့ လေးဖွဲ့ထံသို့ အစည်းအဝေးတက်ရောက်မှု အင်အားအတိုင်း ခွဲဝေပေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်း နည်းလမ်းဖြင့် ဆန္ဒမဲပေးကြသည်။

### လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေး

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က သတ်မှတ်နေရာတွင် လျှို့ဝှက်ဆန္ဒပြုခြင်း နည်းလမ်းဖြင့် ဆန္ဒမဲပေးသည်။

ဆက်လက်၍ ဆန္ဒမဲပေးမှု ပြီးမြောက်ပြီးနောက် သက်ဆိုင်ရာတာဝန်ခံများက ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် ဖွင့်၍ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက် အခြေအနေကို စစ်ဆေးရေတွက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က လွှတ်တော်ကိုယ်စားလှယ်များထံ ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် ၆၃၃ စောင်ဖြစ်ပြီး ယခု ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်သည်လည်း ၆၃၃ စောင်ဖြစ်သည့်အတွက် ကိုက်ညီမှုရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာသည်။

ယင်းနောက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ရလဒ်ရေတွက်မှုကို ဝန်ထမ်းအဖွဲ့ ရှစ်ဖွဲ့ဖြင့် သတ်မှတ်နေရာအသီးသီး၌ တစ်ပြိုင်တည်းရေတွက်ကြရာ နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် အမည်စာရင်းပေးထားသည့် လွှတ်တော်ကိုယ်စားလှယ်များက သတ်မှတ်အဖွဲ့နေရာများ၌ ကြီးကြပ်စောင့်ကြည့်ကြသည်။

### စာရင်းချုပ်နှင့် ထောက်ခံဆန္ဒမဲ အရေအတွက် ရာခိုင်နှုန်းတွက်ချက်မှုတို့ကို ဆက်လက်ဆောင်ရွက်

ဆက်လက်၍ အဖွဲ့ ရှစ်ဖွဲ့ခွဲ၍ အသေးစိတ်စိစစ်ရေတွက်မှု ပြီးမြောက်ပြီးနောက် သက်ဆိုင်ရာ ရုံးအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့အလိုက် ကိုယ်စားလှယ်ငါးဦးပါဝင်သည့်အဖွဲ့က ကြီးကြပ်ပြီး စာရင်းချုပ်နှင့် ထောက်ခံဆန္ဒမဲ အရေအတွက် ရာခိုင်နှုန်း တွက်ချက်မှုတို့ကို ဆက်လက်ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့လွှတ်တော်၏ အဆုံးအဖြတ်ရယူသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်း ပြင်ဆင်ချက် ပုဒ်မ၊ ပုဒ်မခွဲအလိုက် ထောက်ခံဆန္ဒမဲရရှိမှုအရေအတွက် ၇၅ ရာခိုင်နှုန်းကျော် ရ၊ မရ နှင့် လွှတ်တော်၏ ဆုံးဖြတ်အတည်ပြုချက်တို့ကို ကြေညာရာတွင် ပုဒ်မ ၄၁၂ ပုဒ်မခွဲ (က) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၄ မဲ ဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၁၂ ပုဒ်မခွဲ(ခ) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၄ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၁၃ ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၄ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၁၃ ပုဒ်မခွဲ(ခ) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၄ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၁၅ ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၁ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်း ဖြစ်ပါကြောင်း။

ပုဒ်မ ၄၁၇ ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၁၈ ၏ ခြေဆင်းအဖြစ် အသစ်ဖြည့်စွက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၇ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၁၈ ပုဒ်မခွဲ(က) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၇ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ရာခိုင်နှုန်း မကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၁၈ ပုဒ်မခွဲ(ခ) ပြင်ဆင်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၁၉ ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၅ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း။

ပုဒ်မ ၄၂၀ ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၆ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၂၁ ခြေဆင်းပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၀ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၂၁ ပုဒ်မခွဲ(က) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၇ မဲဖြစ်ပြီးထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း၊ ပုဒ်မ ၄၂၁ ပုဒ်မခွဲ(ခ) ပယ်ဖျက်မှုအတွက် ထောက်ခံဆန္ဒမဲ ၄၁၇ မဲဖြစ်ပြီး ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမကျော်သည့်အတွက် မူလအတိုင်းဖြစ်ပါကြောင်း ကြေညာသည်။

### ဆန္ဒမဲလက်မှတ် (၄)နှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းကို ၂၀၂၀ ပြည့်နှစ် မတ် ၁၃ ရက် သောကြာနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ (က) တွင် အကျုံးဝင်သည့် ဆန္ဒမဲလက်မှတ် (၃) နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ပြီးဆုံးပြီ ဖြစ်ပါကြောင်း၊ ဆက်လက်၍ ဆန္ဒမဲလက်မှတ် (၄)နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို ၂၀၂၀ ပြည့်နှစ် မတ် ၁၃ ရက် သောကြာနေ့တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို မတ် ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ – ထန်းဖုန်**




ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်



ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ လျှို့ဝှက်ဆန္ဒပြုခြင်းနည်းလမ်းဖြင့် ဆန္ဒမဲပေးကြစဉ်။



ဆန္ဒမဲလက်မှတ်များ ရေတွက်မှုနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကြီးကြပ်စောင့်ကြည့်မှုကို တွေ့ရစဉ်။

◆ *ကျောဖုံးမှ*

– မြေနှင့်အဆောက်အဦ၊ ရွှေ–ရွှေထည်ပစ္စည်း၊ စိန်နှင့် အဖိုးတန်ကျောက်မျက်ရတနာများ၊ ငွေစုလက်မှတ်၊ အစိုးရငွေတိုက်စာချုပ်၊ စာရင်းသေအပ်ငွေ (အချိန်ပိုင်းအပ်ငွေ)၊ အပေါင်ပြုနိုင်သည့် ငွေချေးသက်သေခံလက်မှတ်များနှင့် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ၊ လက်ရောက်အပေါင် (Pledge)၊ ချေးငွေအာမခံ (Credit Guarantee) ဖြင့် ထုတ်ချေးသည့် ချေးငွေများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခါအားလျော်စွာသတ်မှတ်သည့် အာမခံပစ္စည်းများ စသည်တို့ကို အခြေပြု၍ ထုတ်ချေးသည့်ချေးငွေများ။

(ဂ) အထက်အပိုဒ် (ခ) ပါ အာမခံပစ္စည်းများမှအပ အခြားအာမခံပစ္စည်းရယူ၍ဖြစ်စေ၊ အာမခံပစ္စည်းရယူခြင်း မပြုဘဲဖြစ်စေ၊ ထုတ်ချေးသည့်ချေးငွေများအပေါ်တွင် တောင်းခံနိုင်သည့် အများဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်း အထက်(၆)ရာခိုင်နှုန်း (၉.၅% + ၆% = ၁၅.၅%)ထက် ကျော်လွန်၍ ကောက်ခံခြင်းမပြုရန်။

အဆိုပါ အတိုးနှုန်းပြင်ဆင်ပြောင်းလဲမှုများသည် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်နေ့မှ စ၍ အကျိုးသက်ရောက်မှုရှိမည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန် - မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Hideo Watanabe နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ရေးဆောင်ရွက်**

ထိုသို့တွေ့ဆုံစဉ် ဂျပန် - မြန်မာ ချစ်ကြည်ရေးအသင်း၏ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ရေးဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဂျပန်နိုင်ငံက ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေနှင့် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားနေသည့် အခြေအနေများကို ဆွေးနွေးကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန် - မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr . Hideo Watanabe အား လက်ခံတွေ့ဆုံစဉ်။

ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## ပြည်တွင်းနှင့် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအတွက် စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၂**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် International Institute for Democracy and Electoral Assistance (International IDEA) အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ပြည်တွင်းနှင့် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအတွက် စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်နှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

**ရွေးကောက်ပွဲများ ကျင်းပခြင်းသည် အရေးကြီးသည့် လုပ်ငန်းစဉ်**

ဆွေးနွေးပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ (၅) ချက်နှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) ပါ လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို ဖော်ဆောင် နေသည့်အတွက် ရွေးကောက်ပွဲများ ကျင်းပခြင်းသည် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါကြောင်း။

**ရွေးကောက်ပွဲများ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်း တိုးတက်မြင့်မား**

ရွေးကောက်ပွဲများနှင့် စပ်လျဉ်းပြီး တရားမျှတမှုရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အများယုံကြည်ရသည့် ရွေးကောက်ပွဲဖြစ်ခြင်းစသည်တို့ကို ပြည်တွင်းသာမက နိုင်ငံတကာ အဖွဲ့အစည်းများကပါ စိတ်ဝင်တစား စောင့်ကြည့်ကြပါကြောင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာ အကဲဖြတ်သည့် လုပ်ငန်းသည် ရွေးကောက်ပွဲများ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို တိုးတက်မြင့်မားလာ စေသကဲ့သို့ ဒီမိုကရေစီစနစ်ကို ခိုင်မာစွာတည်ဆောက်ရာတွင်လည်း အထောက်အကူ ဖြစ်စေပါကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများ၌ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကို လေ့လာခွင့်ပြုခဲ့ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့် အညီဖြစ်စေရေးနှင့် လျှို့ဝှက်စွာ ဆန္ဒမဲပေးခြင်းကို မထိခိုက်စေရန် အတွက် ကျင့်ဝတ်များ ထုတ်ပြန်ပေးခဲ့ပြီး စောင့်ကြည့်လေ့လာမှုအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း ထုတ်ပြန်ပေးခဲ့ပါကြောင်း။





ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ပြည်တွင်းနှင့် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအတွက် စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်နှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကဲဖြတ်ရန် လိုအပ်**

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအနေဖြင့် ရွေးကောက်ပွဲ၏ အရည်အသွေးကို အကဲဖြတ်ရာတွင် ရွေးကောက်ပွဲကျင်းပသည့် နေ့တစ်ရက်တည်းကို စောင့်ကြည့်၍ အကဲဖြတ်ခြင်းထက် ရွေးကောက်ပွဲ ဖြစ်စဉ်တစ်ရပ်လုံး ဖြစ်သည့် ရွေးကောက်ပွဲ အကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲနှောင်းပိုင်းကာလတို့တွင် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကဲဖြတ်ရန် လိုအပ်ပါကြောင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများထားရှိခြင်းကြောင့် တရားမဲ့ ပြုကျင့်မှုများနှင့် ရွေးကောက်ပွဲ မသမာမှုများ လျှော့ချနိုင်ခြင်း၊ ကော်မရှင်၏ သမာသမတ်ကျမှုကို သိရှိကာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ရလဒ်များအပေါ် ယုံကြည်မှုရှိလာစေခြင်း၊ စောင့်ကြည့်လေ့လာသူများ၏ အစီရင်ခံစာပါအကြံပြုချက်များကို သုံးသပ်၍ နောင်ကျင်းပမည့် ရွေးကောက်ပွဲများကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဟု ယုံကြည်ပါကြောင်း၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသည့် လုပ်ငန်းသည် ကျယ်ပြန့်ပြီး နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ပါဝင်ကြခြင်းဖြစ်သည့်အတွက် လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျဖြစ်စေရန်နှင့် တိကျလွယ်ကူစွာ ဆောင်ရွက်နိုင်သည့် လုပ်ငန်းလမ်းညွှန်ဖြစ်စေရေး ဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် International IDEA အဖွဲ့မှ Mr. Manfred Bernhard က ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို STEP Democracy အစီအစဉ်ဖြင့် နှစ်ရက်တာကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးအောင်ထူး (၂၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး တက်ရောက်

**နေပြည်တော် မတ် ၁၂**

ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် မတ် ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပသည့် (၂၆) ကြိမ်မြောက် အာဆီယံ စီးပွားရေးဝန်ကြီးများ သီးသန့် အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ဗီယက်နမ်နိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူစဉ် စီးပွားရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများကို အတည်ပြုခြင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း အာဆီယံစီးပွားရေး အသိုက်အဝန်းအနေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးခြင်း၊ ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို ၂၀၂၀ ပြည့်နှစ်တွင် ချုပ်ဆိုနိုင်ရေး လမ်းညွှန်မှုပေးခြင်း၊ အာဆီယံနှင့် ပြင်ပဒေသအဖွဲ့အစည်းနှင့် နိုင်ငံများ အကြားစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် အနာဂတ်လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခြင်းနှင့် အာဆီယံ စီးပွားရေးအကြံပေးကောင်စီမှ တင်ပြသည့် ၂၀၂၀ ပြည့်နှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် လမ်းညွှန်ချက်များပေးခြင်း တို့ကို ဆောင်ရွက်ကြသည်။

ထို့ပြင် အာဆီယံ စီးပွားရေး ဝန်ကြီးများသည် COVID-19 ရောဂါကြောင့် အာဆီယံဒေသတွင်း စီးပွားရေးထိခိုက်မှုများ အထူးသဖြင့် ထုတ်လုပ်မှု ကွန်ရက်၊ ကုန်သွယ်မှု၊ ဘဏ္ဍာရေးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများအပေါ် သက်ရောက်နေသည့် စိန်ခေါ်မှုများကို အာဆီယံ၏ ညီညွတ်သည့် ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းရန် သဘောတူညီခဲ့ကြသည်။

**သတင်းစဉ်**





(၂၆) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုနေမှု ကြည့်ရှုအားပေး



**နေပြည်တော် မတ် ၁၂**

၂၀၁၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူများ၏ ဖြေဆိုနေမှုများနှင့် စာမေးပွဲဆိုင်ရာ လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။ (ဓာတ်ပုံ)

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများ နှင့် တာဝန်ရှိသူများအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ စနစ်တကျ စည်းကမ်းရှိစွာဖြင့် စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး၊ အရေးပေါ် နာမကျန်းဖြစ်လာသည့် ကျောင်းသား ကျောင်းသူများရှိပါက စနစ်တကျ ကူညီဆောင်ရွက်ပေးနိုင်ရေး၊ ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများ လိုက်နာဆောင်ရွက်ကြရမည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်၍ တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်စွာ ကျင်းပပြီးစီးအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မှာကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် မုဒုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ကမာဝက်) စာစစ်ဌာနနှင့် သံဖြူဇရပ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများနှင့် စာမေးပွဲဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ပြည်တွင်းစာစစ်ဌာန ၁၉၈၄ ခုနှင့် နိုင်ငံခြားစာစစ်ဌာန ၁၅ ခု၊ စာစစ်ဌာန စုစုပေါင်း ၁၉၉၉ ခုတို့တွင် စာမေးပွဲ ဖြေဆိုရန် စုစုပေါင်း ၉၇၁၄၀၇ ဦး စာရင်းပေးသွင်းကြပြီး ၉၀၉၅၃၉ ဦး အေးချမ်းစွာ ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

**သတင်းစဉ်**

## တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုနေမှု ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိ ကြည့်ရှုအားပေး

**လွိုင်ကော် မတ် ၁၂**

၂၀၁၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုနေကြသည့် ကျောင်းသား ကျောင်းသူများကို ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိနှင့် တာဝန်ရှိသူတို့က ယနေ့ နံနက် ၉ နာရီခွဲ၌ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လွိုင်ကော်မြို့နယ် လောပိတကျေးရွာအုပ်စု အထက (လောပိတ) ကျောင်း စာစစ်ဌာနနှင့် ကုန်းသာကျေးရွာအုပ်စု အထက(ကုန်းသာ) စာစစ်ဌာနတို့၌ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုနေကြသည့် ကျောင်းသား ကျောင်းသူများကို ကြည့်ရှုအားပေးသည်။

၂၀၁၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကယားပြည်နယ်အတွင်း စာစစ်ဌာန ၂၁ ခုဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုမှုအနေဖြင့် ကျား ၂၉၀၄ဦး၊ မ ၅၀၀၀ စုစု ပေါင်း ၇၉၀၄ ဦးဖြစ်ကာ တစ်ပြည်နယ်လုံး ဖြေဆိုမှုအနေဖြင့် ၉၃ ဒသမ၃၂ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ **ထွန်းလေး**

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် မတ် ၁၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**မိုး/ဇလ**

## တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို နိုင်ငံခြားစာစစ်ဌာနများ အပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများတွင် ဖြေဆိုသူပေါင်း ၉၀၉၅၃၉ ဦးရှိ

**နေပြည်တော် မတ် ၁၂**

၂၀၁၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့အဖြစ် အင်္ဂလိပ်စာဘာသာရပ်ကို ယနေ့တွင် ဖြေဆိုကြရာ နိုင်ငံခြားစာစစ်ဌာန ၁၅ ခုနှင့် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာန ၁၉၈၄ ခု၊ စာစစ်ဌာနစုစုပေါင်း ၁၉၉၉ ခုတွင် ဖြေဆိုသူပေါင်း ၉၀၉၅၃၉ ဦးရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်တွင် ဖြေဆိုသူပေါင်း ၉၀၉၅၃၉ ဦးအနက် တစ်နိုင်ငံလုံး၌ ဆေးရုံဖြေဆိုသူ ၁၀၅ ဦး၊ အမြင်အာရုံမသန်စွမ်းဖြေဆိုသူ ၃၀၊ အကြားအာရုံမသန်စွမ်းဖြေဆိုသူ ၂၂ ဦး၊ ကိုယ်အင်္ဂါမသန်စွမ်းဖြေဆိုသူ ၁၇၀၊ အကျဉ်းထောင်များတွင် ဝင်ရောက်ဖြေဆိုသူ ၁၈၉ ဦးနှင့် ကရင်ပြည်နယ် မြဝတီမှ ဝင်ရောက်ဖြေဆိုသူ ၁၂၅ ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**

၂၀၁၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှု အခြေပြဇယား

ဘာသာရပ် - အင်္ဂလိပ် ရက်စွဲ၊ ၁၂ - ၃ - ၂၀၁၀

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် | | | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | ကျား | မ | ပေါင်း | | |
| ၁ | ကချင် | ၇၆ | ၁၆၆၃၃ | ၂၃၉၉၆ | ၄၀၆၂၉ | ၁၅၂၂၆ | ၂၂၈၃၉ | ၃၈၀၆၅ | ၉၃.၆၉ | ၁၄၀၇ | ၁၁၅၇ | ၂၅၆၄ | ၆.၃၁ | |
| ၂ | ကယား | ၂၁ | ၃၂၁၃ | ၅၂၅၀ | ၈၄၆၃ | ၂၉၀၄ | ၅၀၀၀ | ၇၉၀၄ | ၉၃.၃၉ | ၃၀၉ | ၂၅၀ | ၅၅၉ | ၆.၆၁ | |
| ၃ | ကရင် | ၅၀ | ၈၃၉၃ | ၁၃၈၈၅ | ၂၂၂၇၈ | ၇၅၂၅ | ၁၃၁၂၂ | ၂၀၆၄၇ | ၉၂.၆၈ | ၈၆၈ | ၇၆၃ | ၁၆၃၁ | ၇.၃၂ | |
| ၄ | ချင်း | ၃၂ | ၆၁၅၉ | ၈၀၁၈ | ၁၄၁၇၇ | ၅၁၆၅ | ၇၁၇၈ | ၁၂၃၄၃ | ၈၇.၀၆ | ၉၉၄ | ၈၄၀ | ၁၈၃၄ | ၁၂.၉၄ | |
| ၅ | စစ်ကိုင်း | ၂၄၈ | ၅၇၆၆၄ | ၇၄၀၀၂ | ၁၃၁၆၆၆ | ၅၄၀၀၅ | ၇၁၅၇၄ | ၁၂၅၅၇၉ | ၉၅.၃၅ | ၃၆၅၉ | ၂၄၆၈ | ၆၁၂၇ | ၄.၆၅ | |
| ၆ | တနင်္သာရီ | ၄၈ | ၉၁၄၈ | ၁၆၁၁၉ | ၂၅၂၆၇ | ၈၃၅၉ | ၁၅၃၂၁ | ၂၃၆၈၀ | ၉၃.၇၂ | ၇၈၉ | ၇၉၈ | ၁၅၈၇ | ၆.၂၈ | |
| ၇ | ပဲခူး | ၁၇၁ | ၃၆၈၁၆ | ၄၈၁၆၆ | ၈၄၉၈၂ | ၃၃၄၈၅ | ၄၅၇၀၆ | ၇၉၁၉၁ | ၉၃.၁၉ | ၃၃၃၁ | ၂၄၆၀ | ၅၇၉၁ | ၆.၈၁ | |
| ၈ | မကွေး | ၂၀၇ | ၄၂၄၃၅ | ၅၂၆၅၆ | ၉၅၀၉၁ | ၃၉၆၂၉ | ၅၀၀၃၁ | ၈၉၆၆၀ | ၉၅.၃၄ | ၂၈၀၆ | ၁၆၂၅ | ၄၄၃၁ | ၄.၆၆ | |
| ၉ | မန္တလေး | ၂၂၀ | ၅၉၉၅၈ | ၇၃၆၀၆ | ၁၃၃၅၆၄ | ၅၆၂၂၀ | ၇၁၂၁၈ | ၁၂၇၄၃၈ | ၉၅.၄၁ | ၃၇၃၈ | ၂၃၈၈ | ၆၁၂၆ | ၄.၅၉ | |
| ၁၀ | မွန် | ၆၆ | ၁၂၆၄၃ | ၁၉၈၇၈ | ၃၂၅၂၁ | ၁၁၅၉၀ | ၁၈၉၈၂ | ၃၀၅၇၂ | ၉၄.၀၁ | ၁၀၅၃ | ၈၉၆ | ၁၉၄၉ | ၅.၉၉ | |
| ၁၁ | ရခိုင် | ၁၂၇ | ၂၃၀၅၆ | ၂၆၁၂၇ | ၄၉၁၈၃ | ၂၀၆၄၂ | ၂၄၄၀၉ | ၄၅၀၅၁ | ၉၁.၆၀ | ၂၄၁၄ | ၁၇၁၈ | ၄၁၃၂ | ၈.၄၀ | |
| ၁၂ | ရန်ကုန် | ၂၂၈ | ၆၅၀၃၆ | ၇၀၆၅၂ | ၁၃၅၆၈၈ | ၅၈၇၆၈ | ၆၅၉၈၃ | ၁၂၄၇၅၁ | ၉၁.၉၄ | ၆၂၆၈ | ၄၆၆၉ | ၁၀၉၃၇ | ၈.၀၆ | |
| ၁၃ | ရှမ်း | ၁၅၇ | ၂၆၄၁၁ | ၄၀၀၈၄ | ၆၆၄၉၅ | ၂၄၂၆၃ | ၃၈၁၃၇ | ၆၂၄၀၀ | ၉၃.၈၄ | ၂၁၄၈ | ၁၉၄၇ | ၄၀၉၅ | ၆.၁၆ | |
| ၁၄ | ဧရာဝတီ | ၂၇၉ | ၄၅၄၂၉ | ၅၇၈၉၉ | ၁၀၃၃၂၈ | ၄၀၅၄၅ | ၅၄၄၁၅ | ၉၄၉၆၀ | ၉၁.၉၀ | ၄၈၈၄ | ၃၄၈၄ | ၈၃၆၈ | ၈.၁၀ | |
| ၁၅ | နေပြည်တော် | ၁၄ | ၁၂၇၃၄ | ၁၅၂၀၀ | ၂၇၉၃၄ | ၁၁၆၉၆ | ၁၄၅၀၁ | ၂၆၁၉၇ | ၉၃.၇၈ | ၁၀၃၈ | ၆၉၉ | ၁၇၃၇ | ၆.၂၂ | |
| ၁၆ | နိုင်ငံခြားစာစစ်ဌာန | ၁၅ | ၄၈ | ၉၃ | ၁၄၁ | ၄၈ | ၉၃ | ၁၄၁ | ၁၀၀.၀၀ | ၀ | ၀ | ၀ | ၀.၀၀ | |
| | စုစုပေါင်း | ၁၉၉၉ | ၄၂၅၇၇၆ | ၅၄၅၆၃၁ | ၉၇၁၄၀၇ | ၃၉၀၀၇၀ | ၅၁၉၄၆၉ | ၉၀၉၅၃၉ | ၉၃.၆၃ | ၃၅၇၀၆ | ၂၆၁၆၂ | ၆၁၈၆၈ | ၆.၃၇ | |

## ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ် အလွမ်းရိပ်လည်ပြန် ကဗျာစုစည်းမှုစာအုပ် မိတ်ဆက်

**ရန်ကုန် မတ် ၁၂**

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် "အလွမ်းရိပ်လည်ပြန်" ကဗျာစုစည်းမှုစာအုပ်မိတ်ဆက်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်တက္ကသိုလ် တောင်ငူဆောင် မြန်မာစာဌာန၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာအောင်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားပြီး**(ယာပုံ)**ဆရာ တက္ကသိုလ်မိုးဝါက ရန်ကုန်တက္ကသိုလ်ကလောင်အသင်း(၁၉၅၈-၆၂ ခုနှစ်)နှင့်ပတ်သက်၍ မိတ်ဆက်စကား ပြောကြားခဲ့သည်။ ဆက်လက်၍ "အလွမ်းရိပ်လည်ပြန်" ကဗျာထုတ်ဝေခြင်းနှင့်ပတ်သက်သော ဆောင်ရွက်မှုများကို ကဗျာဆရာသူရဇော်က ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဆရာမကြူကြူသင်းက ရန်ကုန်တက္ကသိုလ် ကလောင်အသင်း (၁၉၅၈-၆၂ ခုနှစ်) နှင့် ပတ်သက်သော သမိုင်းကြောင်းကို တင်ပြပြီး ဆရာကြီးဒေါက်တာ ခင်အေး (မောင်ခင်မင်-ဓနုဖြူ)က မုဒိတာစကားပြောကြားခဲ့သည်။

ရန်ကုန်တက္ကသိုလ် ကလောင်ရှင်များအသင်း (၁၉၅၈-၆၂ ခုနှစ်)၏ အမှုဆောင်ဟောင်းများက ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် မှတ်တမ်းတင်ကြိုဆိုဂုဏ်ပြုရန် ကဗျာချစ်မြတ်နိုးစိတ်ဖြင့် "အလွမ်းရိပ်လည်ပြန်"ကို ထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်ကဗျာပေါင်းချုပ် ပြုစုဖြစ်ပုံနှင့်ပတ်သက်၍ ကဗျာဆရာသူရဇော်က "ရန်ကုန်တက္ကသိုလ်ကလောင်အသင်း (၁၉၅၈-၆၂ ခုနှစ်)က အဖွဲ့တွေ တက္ကသိုလ်ကြူကြူသင်းတို့၊ တက္ကသိုလ် မိုးဝါတို့၊ ထီလာစိုးမြင့်ထယ်တို့နဲ့သွားတွေ့ပြီးတော့ လုပ်ကြရအောင်ဆိုပြီး ကျွန်တော်က ဦးဆောင်၍ သူတို့လည်း သဘောတူတဲ့အတွက်ကြောင့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကိုလာပြီး စာအုပ်တွေ ရှာပါတယ်။ စာကြည့်တိုက်မှူး ဒေါက်တာလှိုင်လှိုင်ကြီးကလည်း ကျွန်တော်တို့အဖွဲ့ကို အားတက်သရောကူညီပြီး ရှိသမျှ တက္ကသိုလ် မဂ္ဂဇင်းတွေ ချပေးပါတယ်။ မူကတော့ ကဗျာအဟောင်းတွေပါ၊ အသစ်မယူပါဘူး။ ၁၉၃၅ ကစပြီးတော့ ၂၀၁၉ ခုနှစ်အထိ ထွက်သမျှမဂ္ဂဇင်းတွေအားလုံးကောက်ပါတယ်။ အဲဒီအပြင် တစ်ဦးချင်းထုတ်တဲ့ ကဗျာစာအုပ်တွေမှာလည်းပဲ ရန်ကုန်တက္ကသိုလ်ကို ဖွဲ့တဲ့ကဗျာပါရင် ယူပါတယ်။ ပြင်ပမဂ္ဂဇင်းတွေမှာ ရေးတဲ့ကဗျာလည်း ကျွန်တော်တို့ ကောက်ပါတယ်။ ကလောင်နာမည် မကြည့်ပါဘူး။ တက္ကသိုလ်နဲ့ပတ်သက်တဲ့ ကဗျာအားလုံးယူပါတယ်"ဟု ပြောကြားသည်။

"အလွမ်းရိပ်လည်ပြန်" ကဗျာပေါင်းချုပ်တွင် ပါဝင်သည့် ကဗျာများမှာ ရန်ကုန်တက္ကသိုလ်၌ ပညာဆည်းပူးခဲ့ကြစဉ်က ရန်ကုန်တက္ကသိုလ်နှင့် ပြင်ပမဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များတွင် ပုံနှိပ်ဖော်ပြခဲ့ပြီးဖြစ်သော ကဗျာရှင်များ၏ လက်ရာများကို စုစည်းဖော်ပြထားခြင်းဖြစ်ကာ လွန်ခဲ့သော နှစ်ပေါင်း ၉၀ ကျော် ကဗျာများမှစ၍ တက္ကသိုလ်ပုံရိပ်ကို ထင်ဟပ်သည့်ကဗျာ ၁၄၆ ပုဒ်ကို ရွေးချယ်ဖော်ပြထားခြင်းဖြစ်သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**




ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာ အောင်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားနေစဉ်။ ဓာတ်ပုံ - ထိန်လင်း

## COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့်ညှိနှိုင်းအစည်းအဝေး (၃၃/ ၂၀၂၀) ကျင်းပ

# ပြည်သူများတွင် ရောဂါကူးစက်ပြန့်ပွားမှုကာကွယ်ခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာ ဗဟုသုတကြွယ်ဝရေးမှာအရေးကြီးပြီး အဆိုပါကိစ္စရပ်အတွက် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိ



COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် ညှိနှိုင်းအစည်းအဝေး (၃၃/ ၂၀၂၀) ကျင်းပစဉ်။ သတင်းစဉ်

နေပြည်တော် မတ် ၁၂

COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် ညှိနှိုင်းအစည်းအဝေး (၃၃/ ၂၀၂၀) ကို ယနေ့ ညနေပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့က (၁၁-၃-၂၀၂၀) ရက်နေ့၌ COVID-19 ရောဂါဖြစ်ပွားပျံ့နှံ့မှုများအား ကမ္ဘာ့ကပ်ရောဂါ(pandemic) အဖြစ် သတ်မှတ်ကြေညာခဲ့ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မိမိတို့နိုင်ငံအပါအဝင် ရောဂါကူးစက်ပျံ့နှံ့မှုမရှိသေးသော နိုင်ငံများအတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သော - (က) ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးခြင်း၊ (ခ) အရေးပေါ်တုံ့ပြန်ရေး စနစ်ကို အဆင်သင့် ပြင်ဆင်ထားရှိအသက်သွင်းထားခြင်း၊ (ဂ) ပြည်သူလူထုအား ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းပါဝင်လာ အောင် စည်းရုံးလှုံ့ဆော်ခြင်း၊ (ဃ) ရောဂါပိုးရှိသူများ ရှာဖွေခြင်း/ အခြားနိုင်ငံများမှ ရောဂါရှိသူများနှင့် ထိတွေ့ခဲ့သူများကို အသွားအလာကန့်သတ်ခြင်း၊ သံသယရှိသူများကို သီးခြားခွဲထားရှိခြင်း၊ (င) ရှိရင်းစွဲ ရောဂါစောင့်ကြပ်ကြည့်ရှုမှုစနစ်များကို သုံး၍ သံသယရှိသူများကို ဖော်ထုတ်ကာ COVID-19 ရောဂါပိုး ဓာတ်ခွဲစမ်းသပ်ခြင်း၊ (စ) လက်ကို သန့်ရှင်းစင်ကြယ်အောင်ဆေးကြောခြင်း၊ ချောင်းဆိုး၊ နှာချေခြင်းကျင့်ဝတ်နှင့် လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာနေခြင်းအား ရှောင်ကြဉ်ခြင်းတို့ကို လက်တွေ့ကျင့်သုံးရန် ပြည်သူများအား အသိပညာပေးခြင်းအချက်များအား ဆောင်ရွက်ရန် တိုက်တွန်းထားခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် အဆိုပါအချက်များကို ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

### ပြည်သူများအကြား ဤရောဂါဖြစ်ပွားမှု လုံးဝမရှိစေရေးနှင့် အသက်ဆုံးရှုံးမှုမရှိစေရေး

ဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့်လုပ်ငန်းများ၏ အဓိကရည်ရွယ်ချက်မှာ မိမိတို့အနေဖြင့် ပြည်သူများအကြား ဤရောဂါဖြစ်ပွားမှုလုံးဝမရှိစေရေးနှင့် အသက်ဆုံးရှုံးမှုမရှိစေရေးတို့ ဖြစ်ပါကြောင်း၊ ထို့အပြင်လူနာများအား ကုသမှုပေးသည့် မိမိတို့၏ ကျန်းမာရေးဝန်ထမ်းများထံ COVID-19 ရောဂါကူးစက်မှု မရှိစေရေးအတွက် လိုအပ်သည့် ကာကွယ်ရေးလုပ်ငန်းများ၊ ပစ္စည်းကိရိယာများ လုံလောက်စွာရှိစေရေးကိုလည်း အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာ့အရပ်ရပ်ရှိ နိုင်ငံများတွင် COVID-19 ရောဂါလောလောဆယ်ဖြစ်ပွားပျံ့နှံ့မှုအခြေအနေများကို ပြည်သူ့ကျန်းမာရေးရှုထောင့်မှ သုံးသပ်ကြည့်ရာ မိမိတို့ နိုင်ငံသို့ ရောဂါဝင်ရောက်နိုင်မည့် အလားအလာသည် တစ်နေ့တခြား ပိုမိုများပြားလာနေပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ အားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အရေးကြီးသကဲ့သို့ ပြည်သူများမှလည်း COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးသည် မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စဖြစ်သည်ကဲ့သို့ နှလုံးသွင်းကာ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပြည်သူများ၏ အခန်းကဏ္ဍသည် အထူးအရေးကြီးပါကြောင်း၊ ပြည်သူများ ပါဝင်ပူးပေါင်းဆောင်ရွက်မှုမရှိပါက မိမိတို့၏ ဆောင်ရွက်ချက်များ၏ အကျိုးကျေးဇူးသည် ရာနှုန်းပြည့် ရရှိနိုင်မည် မဟုတ်ပါကြောင်း။

ပြည်သူများထံမှ မှန်ကန်ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ ရရှိနိုင်ရန်အတွက် လည်းကောင်း၊ လိုအပ်သည်များကို အကြံပြုတောင်းဆိုနိုင်ရန်အတွက် လည်းကောင်း၊ ပြည်သူများတွင် ဤရောဂါကူးစက်ပြန့်ပွားမှုကာကွယ်ခြင်းနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာ ဗဟုသုတကြွယ်ဝရေးမှာ အရေးကြီးပါကြောင်း၊ အဆိုပါကိစ္စရပ်အတွက် ဝန်ကြီးဌာနမှ မဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိအခြေအနေတွင် ပြည်သူများအနေဖြင့် အတိုင်းအတာတစ်ခုအထိ ပူးပေါင်းပါဝင်မှုများကို တွေ့ရှိနေရပါကြောင်း၊ ပြည်သူများထံမှ ယခုထက် ပိုမိုကောင်းမွန်သည့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများရရှိစေရန်အတွက် မိမိတို့အနေဖြင့် ဆန်းသစ်သော နည်းဗျူဟာများဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါ ကြောင်း၊ ဤကိစ္စအား သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များတွင် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများမှ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ၌ ဦးဆောင်၍ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လွန်ခဲ့သော နှစ်ပတ်တာကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပ၌ COVID-19 ရောဂါ ဖြစ်ပွားမှုသည် ၁၃ ဆခန့် မြင့်တက်လာပြီး ဖြစ်ပွားသော နိုင်ငံအရေအတွက်မှာလည်း သုံးဆတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဤအချက်ကို မိမိတို့အနေဖြင့် အထူးသတိထား၍ နောက်ခံထားစဉ်းစားရမည်ဖြစ်ပါကြောင်း၊ အီတလီ၊ အီရန်နှင့် ကိုရီးယားသမ္မတနိုင်ငံ အစရှိသည့်နိုင်ငံများ၌ ရောဂါပျံ့နှံ့မှုများသည် ရုတ်တရက် များပြားစွာဖြစ်ပေါ်လာခြင်းဟူသော အချက်သည် ကပ်ရောဂါဗေဒရှုထောင့်မှ အထူးအရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပြီး မိမိတို့နိုင်ငံတွင် ၎င်းတို့ကဲ့သို့ မဖြစ်စေရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အဆိုပါ နိုင်ငံများကဲ့သို့ ဖြစ်ပွားပါက မိမိတို့ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မနိုင်နင်းသော တာဝန်ကို ထမ်းရမည်ဖြစ်ပါကြောင်း၊ ယခုလောလောဆယ်ကာလ၌ ဤရောဂါ ကာကွယ်ထိန်းချုပ်ရန် ကိစ္စရပ်များကို ပြတ်ပြတ်သားသား ဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူ့ကျန်းမာရေး၊ ကပ်ရောဂါဗေဒ၊ လူမှုရေး၊ စီးပွားရေး၊ ခရီးသွားလာရေး၊ ကုန်သွယ်ရေး စသည့်ရှုထောင့်ပေါင်းစုံမှ ဝိုင်းဝန်းစဉ်းစား သုံးသပ်ကာ ဆုံးဖြတ်မည်ဖြစ်ပါကြောင်း၊ ဆုံးဖြတ်ရာ၌ မြန်မာနိုင်ငံ ပြည်သူများ၏ အရေး၊ မြန်မာနိုင်ငံ ပြည်သူများ ရောဂါမရရှိစေရေး၊ ရောဂါဖြစ်ပွားပါကလည်း သေဆုံးမှုအနည်းဆုံးဖြစ်စေရေးတို့ကို နောက်ခံထား၍ မိမိတို့ ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

### ရောဂါသည် မလွဲမသွေဝင်ရောက်နိုင်သည်ဟူသော အသိစိတ်ဓာတ်ဖြင့် ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို ဆောင်ရွက်

မိမိတို့နိုင်ငံအတွင်းသို့ ရောဂါသည် မလွဲမသွေဝင်ရောက်နိုင်သည်ဟူသော အသိစိတ်ဓာတ်ဖြင့် ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုပြီး ဆေးရုံများတွင် ဆေးနှင့် ဆေးပစ္စည်းများအသင့်ပြင်ဆင်ထားရှိမှု၊ ကုသမှုပေးမည့် ဝန်ထမ်းများအတွက် ရောဂါကူးစက်ခြင်းမရှိစေရန် ရောဂါကာကွယ်ရေးပစ္စည်းများ လုံလောက်မှုရှိစေရေးတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝယ်ယူထားသည်နှင့် လှူဒါန်းလက်ခံရရှိထားသည့် ဆေးနှင့် ဆေးပစ္စည်းများကို လူနာများအားကိုင်တွယ်ကုသမှုပေးမည့် ကျန်းမာရေးဝန်ထမ်းများ (Front line health staff) အတွက် ဖြန့်ဖြူးပေးရန်ကို ကျွမ်းကျင်မှုပိုင်းဆိုင်ရာမှ သုံးသပ်ပြီး အရေးကြီးကိစ္စအနေဖြင့် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများအတွက် လိုအပ်သည့် သင်တန်းများ ပေးခြင်းများကိုလည်း ဆက်လက်အားဖြည့်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

မိမိတို့ လုပ်ဆောင်ထားရှိသော ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ထိရောက်မှု ရှိ၊ မရှိကို သိရှိနိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးနိယာမများနှင့်အညီ ပြန်လည်ဆန်းစစ်သုံးသပ်မှုများပြုလုပ်ကာ လိုအပ်သည်များ အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောင်ရွက်ထားရှိသော လုပ်ငန်းများအား ဆန်းစစ်သုံးသပ်ရာတွင် နီးနွယ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ မီဒီယာများနှင့် ပြည်သူများပါ ပါဝင်၍ အကြံပြုဆွေးနွေးပြောကြားနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကိုလည်း ယခုရက်ပိုင်းအတွင်း ပြုလုပ်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်သူ့ကျန်းမာရေး၊ ကပ်ရောဂါဗေဒရှုထောင့်တို့မှ ဆွေးနွေးမှုများအပြင်၊ မီဒီယာများရှုထောင့်၊ ပြည်သူများ၏ရှုထောင့်၊ ကျန်းမာရေးအသိပညာဖြန့်ဝေမှုနှင့် သတင်းပြန်ကြားမှုဆိုင်ရာကိစ္စရပ်များအပေါ် အကြံပြုဆွေးနွေးမှုများကိုပါ ရယူဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ယခုအချိန်၌ COVID-19 ရောဂါဖြစ်ပွားမှု မတွေ့ရှိရသေးသည့်အတွက် ပြင်ပနိုင်ငံများမှ ဝင်ရောက်မှုနည်းသည်နှင့်အမျှ နိုင်ငံအတွင်းသို့ ကူးစက်ပျံ့နှံ့နိုင်ချေ နည်းပါးစေမည်ဆိုသည့်အချက်ကို သိရှိသဘောပေါက်ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ရောဂါဖြစ်ပွားမှု များပြားသည့်နိုင်ငံများမှ ခရီးသွားများ ပြည်တွင်းသို့ ဝင်ရောက်မှု နည်းနိုင်သမျှနည်းပါးစေရေးအတွက် လုပ်ဆောင်ရန်ရှိသည်များကို မိမိအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများထံသို့ စာဖြင့်ပေးပို့အကြံပြုထားခဲ့ပြီးဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များမှ ဝင်ရောက်လာသူများအား ရောဂါဖြစ်ပွားမှုများပြားသည့် နိုင်ငံများအလိုက် ယေဘုယျအားဖြင့် ၁၄ ရက်ကြာ အသွားအလာ ကန့်သတ်ခြင်း (Quarantine) အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာန ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်ထိရောက်မှုရှိစေရန်အတွက် ကပ်ရောဂါဗေဒရှုထောင့် သုံးသပ်ဆန်းစစ်မှုအဖွဲ့ကို ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး)က လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းဆန်းစစ်သုံးသပ်မှုအဖွဲ့ကို ညွှန်ကြားရေးမှူး(ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေး ဌာနခွဲ)က လည်းကောင်း၊ ဆေးရုံပိုင်းကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းဆန်းစစ်သုံးသပ်မှုအဖွဲ့ကို ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး)က လည်းကောင်း၊ နိုင်ငံတကာဝင်၊ ထွက်ဂိတ်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းဆန်းစစ်သုံးသပ်မှုအဖွဲ့ကို ဒုတိယညွှန်ကြားရေးမှူး(ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေး)ကလည်းကောင်း အသီးသီး တာဝန်ယူဦးဆောင်၍ စနစ်တကျ စတင်ဆောင်ရွက်တော့မည် ဖြစ်ကြောင်း ပြောကြားသည်။

### ပြည်သူများ ကျန်းမာရေးအသိပေးနှိုးဆော်မှုများ လိုက်နာဆောင်ရွက်ရေးအတွက် လုပ်ဆောင်နေ

အစည်းအဝေး၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က COVID-19 ရောဂါဖြစ်ပွားပျံ့နှံ့မှုများအား ကမ္ဘာ့ကပ်ရောဂါ(pandemic) အဖြစ် သတ်မှတ်ကြေညာခဲ့မှုနှင့် ဆက်စပ်သည့် ကိစ္စရပ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVID-19 ရောဂါနှင့်ပတ်သက်သည့် နေ့စဉ်ဖြစ်ပွားမှုအခြေအနေများ၊ ကမ္ဘာ့နိုင်ငံများတွင် လူနာအသစ်ဖြစ်ပွားမှု မြင့်တက်လျက်ရှိသည့် အခြေအနေများ၊ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ ညွှန်းပို့ဆေးရုံကြီးများ (Designated Hospitals) နှင့် အခြားသော ဆေးရုံကြီးများရှိ စောင့်ကြည့်လူနာများ၏ အခြေအနေများနှင့် ထူးခြားဖြစ်စဉ်များ၊ ဓာတ်ခွဲနမူနာစစ်ဆေးထားရှိသည့် အခြေအနေများ၊ အပြည်ပြည်ဆိုင်ရာလေဆိပ်/ ရေဆိပ်များ၊ နယ်စပ် ဝင်ပေါက်/ထွက်ပေါက်ဂိတ်များမှ ဝင်ထွက်သွားလာမှုအခြေအနေများနှင့် ထူးခြားဖြစ်စဉ်များ၊ COVID-19 ရောဂါဖြစ်ပွား/သေဆုံးမှုမြင့်တက်နေသည့်နိုင်ငံများမှ ပြန်လည်ရောက်ရှိလာမည့် မြန်မာနိုင်ငံသားများအတွက် Quarantine ၁၄ ရက်ထားရှိနိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ပြည်သူများ ကျန်းမာရေးအသိပေးနှိုးဆော်မှုများ လိုက်နာဆောင်ရွက်ရေးအတွက် လုပ်ဆောင်နေမှုများ၊ ဗဟိုအဆင့်တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများမှ တာဝန်ရှိသူများ Video Conferencing ပြုလုပ်၍ လုပ်ငန်းဆွေးနွေးပြောကြားမှုများ၊ ဆေးနှင့် ဆေးပစ္စည်းဝယ်ယူထားရှိမှု၊ လှူဒါန်းလက်ခံရရှိမှု စသည်တို့ကို ဆွေးနွေးတင်ပြကြသည်။

အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်(ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ်(ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ဝယ်/ဖြန့်)၊ နေပြည်တော်ခုတင် (၁,၀၀၀) ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး၊ ညွှန်ကြားရေးမှူး(ဗဟိုကူးစက်)၊ ညွှန်ကြားရေးမှူး(ကုသရေး)၊ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့် ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ဓာတ်ခွဲ၊ e-health၊ ပြည်တွင်း/ ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေး၊ ပြည်သူကျန်းမာရေးတက္ကသိုလ်(ရန်ကုန်) စသည့်ကဏ္ဍအသီးသီးနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများတက်ရောက်၍ ဆန်းစစ်သုံးသပ်ခြင်း၊ ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၂-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် (၁၁-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီမှ (၁၂-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ စောင့်ကြည့်လူနာသစ် (၁၄) ဦးအား တွေ့ရှိခဲ့ပြီး သက်ဆိုင်ရာ ဆေးရုံများတွင် သီးခြားထားရှိ ဆေးကုသမှုပေးလျက်ရှိပါသည်။ ၎င်းတို့ထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့စစ်ဆေးသွားမည်ဖြစ်ပါသည်။ **(ဇယား -၁)**

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) တွင် ဓာတ်ခွဲစစ်ဆေးချက်များအရ (၁၁-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီမှ (၁၂-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ သက်ဆိုင်ရာ ဆေးရုံများရှိ စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိသော လူနာများအနက် လူနာ (၄) ဦး၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုးမရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။ **(ဇယား -၂)**

၄။ ဆေးရုံများတွင်ထားရှိ၍ အသွားအလာကန့်သတ်မှု (Hospital Quarantine) ပြုလုပ်ထားသော တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ မြန်မာနိုင်ငံသား (၈) ဦးနှင့် မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ရွှေပန်းတောတိုက်နယ်ဆေးရုံမှ မြန်မာနိုင်ငံသား (၁) ဦး၊ စုစုပေါင်း (၉) ဦးတို့၏ ဓာတ်ခွဲအဖြေများတွင် Coronavirus Disease 2019 (COVID-19) ဗိုင်းရပ်စ်ရောဂါပိုးမရှိပါကြောင်း (မရှိကြောင်း) စစ်ဆေးသိရှိရပါသည်။

၅။ ယနေ့ (၁၂-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်အထိ လူနာ (၁၆) ဦးအား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပါသည်။

၆။ (၁၂-၃-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့ အပါအဝင် ကမ္ဘာ့နိုင်ငံ (၁၁၄) နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က COVID-19 ရောဂါ ဖြစ်ပွားပျံ့နှံ့မှုကို ကမ္ဘာ့ကပ်ရောဂါ (pandemic) အဖြစ် သတ်မှတ်ကြေညာခဲ့သဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

ဇယား -၁

COVID-19 ရောဂါစောင့်ကြည့်လူနာ/ သံသယလူနာများ တွေ့ရှိမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၂-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| စဉ် | အသက် | ကျား / မ | နေရပ်လိပ်စာ | ရောဂါ လက္ခဏာများ | ရောဂါ လက္ခဏာများ စတင် ဖြစ်ပွားသည့် ရက် | ခရီးသွားရာဇဝင် | | လူနာအား စတင် တွေ့ရှိသည့် နေရာ | COVID-19 ရောဂါ လူနာနှင့် ထိတွေ့မှု ရှိ/ မရှိ | ဆေးကုသမှုခံယူ လျက်ရှိသည့် ဆေးရုံ/ ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | သွားရောက် ခဲ့သည့် နိုင်ငံ၊ မြို့ | မြန်မာ နိုင်ငံ သို့ ရောက်ရှိ သည့်ရက် | | | | |
| ၁ | ၂၆ နှစ် | ကျား | ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း | ၈-၃-၂၀၂၀ | ကိုရီးယား သမ္မတ နိုင်ငံ | ၁-၃-၂၀၂၀ | ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံ၊ | မရှိပါ။ | ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံ၊ (၁၀-၃-၂၀၂၀) | ဓာတ်ခွဲ အဖြေတွင် COVID-19 ပိုးမတွေ့ရှိပါ။ |
| ၂ | ၃၄ နှစ် | ကျား | သီရိလင်္ကာနိုင်ငံ | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှုကြပ်ခြင်း | ၅-၃-၂၀၂၀ | ထိုင်းနိုင်ငံ | ၁၁-၃-၂၀၂၀ | ရန်ကုန် အပြည်ပြည် ဆိုင်ရာလေဆိပ် | မရှိပါ။ | အင်းစိန်ပြည်သူ့ ဆေးရုံ (၁၁-၃-၂၀၂၀) | ဓာတ်ခွဲ အဖြေတွင် COVID-19 ပိုးမတွေ့ရှိ ပါ။ |
| ၃ | ၂၈ နှစ် | ကျား | ပုဇွန်တောင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး | ဖျားခြင်း၊ ချောင်းဆိုး ခြင်း၊ ဝမ်းလျှောခြင်း | ၈-၃-၂၀၂၀ | ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ | ၂၈-၂-၂၀၂၀ | ရန်ကုန် ပြည်သူ့ ဆေးရုံကြီး | မရှိပါ။ | ဝေဘာဂီအထူးကု ဆေးရုံ (၁၁-၃-၂၀၂၀) | |
| ၄ | ၄၃ နှစ် | ကျား | တောင်တွင်းကြီး မြို့နယ်၊ မကွေးတိုင်းဒေသကြီး | ချောင်းဆိုးခြင်း၊ ရင်ကြပ်ခြင်း | ၂၇-၂-၂၀၂၀ | မလေးရှားနိုင်ငံ | ၁၁-၃-၂၀၂၀ | အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်ဝင်းရှိ ဆေးခန်း | မရှိပါ။ | ဝေဘာဂီအထူးကု ဆေးရုံ (၁၁-၃-၂၀၂၀) | |
| ၅ | ၂၆ နှစ် | ကျား | တောင်တွင်းကြီး မြို့နယ်၊ မကွေးတိုင်းဒေသကြီး | ဖျားခြင်း၊ | ၁၀-၃-၂၀၂၀ | မလေးရှားနိုင်ငံ | ၁၁-၃-၂၀၂၀ | အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်ဝင်းရှိ ဆေးခန်း | မရှိပါ။ | ဝေဘာဂီအထူးကု ဆေးရုံ (၁၁-၃-၂၀၂၀) | |
| ၆ | ၂၉ နှစ် | မ | တောင်ငူမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ဖျားခြင်း၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း | ၆-၃-၂၀၂၀ | ထိုင်းနိုင်ငံ | ၉-၃-၂၀၂၀ | ကျန်းမာရေး ဌာနခွဲ | မရှိပါ။ | တောင်ငူပြည်သူ့ ဆေးရုံ (၁၁-၃-၂၀၂၀) | |
| ၇ | ၄၁ နှစ် | ကျား | ဒီမောဆိုမြို့နယ်၊ ကယားပြည်နယ် | ချောင်းဆိုးခြင်း၊ ရင်ကြပ် ခြင်း၊ သလိပ်ပွခြင်း | ၆-၃-၂၀၂၀ | မရှိပါ။ | | လွိုင်ကော် ပြည်သူ့ ဆေးရုံကြီး | မရှိပါ။ | လွိုင်ကော် ပြည်သူ့ ဆေးရုံကြီး (၁၁-၃-၂၀၂၀) | |
| ၈ | ၆၈ နှစ် | ကျား | နမ့်လန်မြို့နယ် ရှမ်းပြည်နယ် (မြောက်ပိုင်း) | ဖျားခြင်း၊ အသက်ရှုရခက် ခဲခြင်း | | မရှိပါ။ | | နမ့်လန်တိုက်နယ် ဆေးရုံ | မရှိပါ။ | လားရှိုးပြည်သူ့ ဆေးရုံကြီး (၁၁-၃-၂၀၂၀) | |
| ၉ | ၃၀ နှစ် | ကျား | ကျောင်းကုန်းမြို့နယ်၊ ဧရာဝတီ တိုင်းဒေသကြီး | ဖျားခြင်း | ၁၁-၃-၂၀၂၀ | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ရှန်တုန်ပြည်နယ် | ၇-၃-၂၀၂၀ | ကျေးလက် ကျန်းမာရေး ဌာနခွဲ၊ ဆရာမမှ တွေ့ရှိ | မရှိပါ။ | ပုသိမ် ပြည်သူ့ ဆေးရုံကြီး (၁၁-၃-၂၀၂၀) | |
| ၁၀ | ၆၅ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် | ဖျားခြင်း၊ အသက်ရှုကြပ်ခြင်း | ၉-၃-၂၀၂၀ | မရှိပါ။ | | မြောက်ဥက္ကလာပ ပြည်သူ့ ဆေးရုံကြီး | မရှိပါ။ | မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး (၁၂-၃-၂၀၂၀) | |
| ၁၁ | ၂၁ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(မြို့သစ်) အရှေ့ပိုင်း | ဖျားခြင်း၊ ချောင်းဆိုးခြင်း | ၇-၃-၂၀၂၀ | စင်္ကာပူနိုင်ငံ | ၂၇-၂-၂၀၂၀ | ပြင်ပဆေးရုံ | မရှိပါ။ | သဃ်န်းကျွန်း အထွေထွေ ရောဂါကု ဆေးရုံကြီး (၁၂-၃-၂၀၂၀) | |
| ၁၂ | ၂၀ နှစ် | ကျား | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့ | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း | ၂၇-၂-၂၀၂၀ | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ စန်တုန်ပြည်နယ် | ၂၇-၂-၂၀၂၀ | လားရှိုးပြည်သူ့ ဆေးရုံကြီး | မရှိပါ။ | လားရှိုးပြည်သူ့ ဆေးရုံကြီး (၁၂-၃-၂၀၂၀) | |
| ၁၃ | ၆၉ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ် | ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ဝမ်းလျှောခြင်း | ၁၁-၃-၂၀၂၀ | မရှိပါ။ | | ရန်ကုန်ပြည်သူ့ ဆေးရုံကြီး | မရှိပါ။ | ရန်ကုန်ပြည်သူ့ ဆေးရုံကြီး (၁၂-၃-၂၀၂၀) | |
| ၁၄ | ၁၉ နှစ် | မ | စစ်ကိုင်းတိုင်း ဒေသကြီး၊ ထီးချိုင့်မြို့နယ် | ဖျားခြင်း | ၁၁-၃-၂၀၂၀ | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ကွမ်တုံပြည်နယ်၊ ဝေ့ဝမ်မြို့နယ် | ၆-၃-၂၀၂၀ | ထီးချိုင့်မြို့နယ် ပြည်သူ့ဆေးရုံ | မရှိပါ။ | ထီးချိုင့်မြို့နယ် ပြည်သူ့ဆေးရုံ | |

COVID-19 ရောဂါအတွက် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၂-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

ဇယား -၂

| စဉ် | အသက် | ကျား/ မ | နေရပ်လိပ်စာ | ဆေးကုသမှုခံယူလျက်ရှိသည့် ဆေးရုံ | ဆေးရုံ စတင် တက်ရောက်သည့် ရက်စွဲ | COVID-19 ဓာတ်ခွဲ အဖြေ |
|---|---|---|---|---|---|---|
| ၁ | ၂၆ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ | ခရမ်းပြည်သူ့ဆေးရုံ | ၁၀-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၂ | ၃၄ နှစ် | ကျား | သီရိလင်္ကာနိုင်ငံ | အင်းစိန် ပြည်သူ့ ဆေးရုံကြီး | ၁၁-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၃ | ၄၃ နှစ် | ကျား | ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ် | ကျောက်တံခါးမြို့နယ်ပြည်သူ့ဆေးရုံ | ၉-၃-၂၀၂၀ | မတွေ့ရှိပါ။ |
| ၄ | ၂၇ နှစ် | မ | ကယားပြည်နယ်၊ ဒီမောဆိုမြို့နယ် | လွိုင်ကော်ပြည်သူ့ဆေးရုံ | ၁၀-၃-၂၀၂၀ | မတွေ့ရှိပါ။ |

● *ကျောဖုံးမှ*

ကျန်အဆင့်များကို တစ်ကျော့တည်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပထမအဆင့်ပွဲစဉ်များကို ဧပြီ ၈၊ ၉ ရက်၊ ဒုတိယအဆင့်ပွဲစဉ်များကို ဧပြီ ၂၉ ရက်၊ မေ ၃၊ ၄ ရက်၊ တတိယအဆင့်ပွဲစဉ်များကို မေ ၁၉၊ ၂၀၊ ၂၇ ရက်၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇူလိုင် ၁၊ ၈ ရက်၊ ဆီမီးဖိုင်နယ် ပထမအကျော့ကို ဩဂုတ် ၈ ရက်နှင့် ၉ ရက်၊ ဒုတိယအကျော့ကို ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက်၊ ဗိုလ်လုပွဲကို စက်တင်ဘာ ၃၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် MNL ကလပ် ၁၂ သင်း၊ MNL-2 (ပထမတန်း) ကလပ် ရှစ်သင်းနှင့် အပျော်တမ်း ငါးသင်းယှဉ်ပြိုင်မည်ဖြစ်ပြီး အပျော်တမ်းအသင်းများအနက် ရန်ကုန်ပရီမီယာလိဂ် ချန်ပီယံအသင်းနှင့် Play-off အဆင့်မှ အနိုင်ရအသင်းတို့သာ ထွက်ပေါ်ရန် ကျန်ရှိတော့သည်။

ပွဲစဉ် မဲနှိုက်ရေးဆွဲထားမှုအရ ပထမအဆင့်အဖြစ် ဧပြီ ၈ ရက်တွင် 10/Mon အသင်းနှင့် ပေါင်းလောင်းအသင်း၊ တက္ကသိုလ်အသင်းနှင့် ကချင်ယူနိုက်တက်အသင်း၊ Junior Lions အသင်းနှင့် ယောမြေအသင်း၊ ဧပြီ ၉ ရက်တွင် မြဝတီအသင်းနှင့် ရန်ကုန် ပရီမီယာလိဂ် ချန်ပီယံအသင်း၊ ငွေကြယ်ပွင့်အသင်းနှင့်Play-off အဆင့်မှ အနိုင်ရအသင်း၊ မောရဝတီအသင်းနှင့် Happy Friendship အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ Play-off ပွဲအဖြစ် အပျော်တမ်းအသင်းများဖြစ်သည့် ရန်ကုန်လိဂ်ပြိုင်ပွဲ တတိယဆုရ ရွှေပြည်သာအသင်းနှင့် ရန်ကုန်ပရီမီယာလိဂ် FA Cup ချန်ပီယံ ဇီးကုန်းအသင်းတို့ ကစားမည်ဖြစ်ပြီး အနိုင်ရသည့်အသင်း ကစားခွင့်ရမည်ဖြစ်သည်။ ဒုတိယအဆင့်အဖြစ် 10/Mon / ပေါင်းလောင်းပွဲမှ အနိုင်ရသည့် အသင်းနှင့် Chinland အသင်း၊ Southern အသင်းနှင့် တက္ကသိုလ်/ကချင်ပွဲမှ အနိုင်ရသည့်အသင်း၊ Junior Lions/ ယောမြေပွဲမှ အနိုင်ရသည့် အသင်းနှင့် အား/ကာသိပ္ပံ အသင်း၊ ချင်းယူနိုက်တက်အသင်းနှင့် မြဝတီ/ရန်ကုန် ပရီမီယာလိဂ် ချန်ပီယံပွဲမှ အနိုင်ရသည့်အသင်း၊ ငွေကြယ်ပွင့်/ Play-off ပွဲမှ အနိုင်ရသည့်အသင်းနှင့် ဖွဲ့ကပင်အသင်း၊ မကွေးအသင်းနှင့် မောရဝတီ/Happy Friendship ပွဲမှ အနိုင်ရသည့်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲမှုအရ MNL ကလပ်အသင်းများဖြစ်သည့် ရတနာပုံ၊ စစ်ကိုင်း၊ ဟံသာဝတီနှင့် ရခိုင်အသင်းတို့မှာ တတိယအဆင့်၊ ရှမ်းယူနိုက်တက်၊ ရှာဝတီနှင့် ရန်ကုန်အသင်းတို့မှာ ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# COVID-19 ရောဂါနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်

## (၄-၁-၂၀၂၀ ရက်နေ့မှ ၁၂-၃-၂၀၂၀ ရက်နေ့အထိ) (၁၂-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

၁။ **ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၁-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် (၁၅:၃၀) နာရီအချိန် ထုတ်ပြန်ချက်)

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံစုစုပေါင်း - (၁၁၄) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - (၁၁၈, ၃၂၆) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၄, ၂၉၂) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၃.၆) %

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် COVID-19 ရောဂါဖြစ်ပွားမှုအား -

- (၃၀-၁-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေ (Public Health Emergency Concern) အဖြစ်လည်းကောင်း၊
- (၂၇-၂-၂၀၂၀) ရက်နေ့တွင် ရောဂါကူးစက်ပျံ့နှံ့နိုင်မှုနှုန်းအား တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် အလွန်မြင့်မားကြောင်း (Very High) အဖြစ်လည်းကောင်း၊
- (၁၁-၃-၂၀၂၀) ရက်နေ့တွင် ကမ္ဘာ့ကပ်ရောဂါ (Pandemic) အဖြစ် လည်းကောင်း သတ်မှတ်ခဲ့ပါသည်။

- ကမ္ဘာပေါ်တွင် ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ -

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်ထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| ၁ | အီတလီ | ၁၀,၁၄၉ | ၆၃၁ |
| ၂ | အီရန် | ၈,၀၄၂ | ၂၉၁ |
| ၃ | ကိုရီးယားသမ္မတနိုင်ငံ | ၇,၇၅၅ | ၆၀ |
| ၄ | ပြင်သစ် | ၁,၇၇၄ | ၃၃ |
| ၅ | စပိန် | ၁,၆၃၉ | ၃၆ |
| (၅) နိုင်ငံ စုစုပေါင်း | | ၂၉,၃၅၉ | ၁,၀၅၁ |

- ကမ္ဘာ့ဒေသအသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားသော နိုင်ငံများ ဆက်တိုက်များပြားလာခဲ့ကြောင်းနှင့် နိုင်ငံပြင်ပမှ ရောဂါကူးစက်မှု (Imported case) များသာမက နိုင်ငံတွင်း၌ပါ ရောဂါကူးစက်မှု (Local transmission) များ ရှိလာပါကြောင်း တွေ့ရှိရပါသည်။
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပတွင် နိုင်ငံတွင်းကူးစက်မှုဖြစ်ပွားသော နိုင်ငံ(၆၆) နိုင်ငံမှာ -

| စဉ် | ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ထားသော ဒေသကြီးများ | နိုင်ငံ |
|---|---|---|
| ၁။ | အနောက်ပစိဖိတ်ဒေသ | - ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ သြစတြေးလျ၊ မလေးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ နယူးဇီလန်၊ ကမ္ဘောဒီးယား |
| ၂။ | ဥရောပဒေသ | - အီတလီ၊ ဂျာမနီ၊ ပြင်သစ်၊ စပိန်၊ ဆွစ်ဇာလန်၊ အင်္ဂလန်၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ဆွီဒင်၊ နော်ဝေး၊ သြစတြီးယား၊ ဂရိ၊ အိုက်စလန်၊ ဒိန်းမတ်၊ ဆန်မာရီနို၊ ချက်သမ္မတနိုင်ငံ၊ အစ္စရေး၊ ပေါ်တူဂီ၊ ဖင်လန်၊ အိုင်ယာလန်၊ ရိုမေးနီးယား၊ ဆလိုဗေးနီးယား၊ ခရိုအေးရှား၊ ဟန်ဂေရီ၊ ဘယ်လာရုစ်၊ ဆလိုဗေးကီးယား၊ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား၊ ဘူဂေးရီးယား၊ ပိုလန်၊ မြောက်မက်စီဒိုးနီးယား၊ ဆားဗီးယား၊ အာဘေးနီးယား၊ |
| ၃။ | အရှေ့တောင်အာရှဒေသ | - ထိုင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မော်လ်ဒိုက်၊ ဘင်္ဂလားဒေ့ရှ် |
| ၄။ | အရှေ့အလယ်ပိုင်းဒေသ | - အီရန်၊ ဘာရိန်း၊ အီရတ်၊ အီဂျစ်၊ ယူအေအီး၊ လက်ဘနွန်၊ ပါကစ္စတန်၊ တူနီးရှား၊ ဆော်ဒီအာရေးဗီးယား |
| ၅။ | အမေရိကဒေသ | - အမေရိကန်၊ ကနေဒါ၊ ဘရာဇီး၊ အီကွေဒေါ၊ ချီလီ၊ ကော်စတာရီကာ၊ ပီရူး၊ ပါရာဂွေး |
| ၆။ | အာဖရိကဒေသ | - အယ်လ်ဂျီးရီးယား၊ ကမ်မရွန်း |
| ၇။ | နယ်မြေဒေသ | - ပါလက်စတိုင်းနယ်မြေ |

- ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံနှင့် အီရန်နိုင်ငံတို့၏ ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပအခြားနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုအားလုံး၏ (၇၀.၇၄ %) ခန့်နှင့် သေဆုံးမှုအားလုံး၏ (၈၇.၄ %) ခန့် ရှိပါသည်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ လွန်ခဲ့သော (၂) ပတ်အတွင်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း ကျဆင်းလာသော်လည်း အခြားကမ္ဘာ့နိုင်ငံများတွင် ရောဂါကူးစက်သူဦးရေ (၁၃)ဆ များပြားလာခဲ့ပြီး ရောဂါကူးစက်ဖြစ်ပွားသည့် နိုင်ငံအရေအတွက်မှာလည်း (၃) ဆ များပြားလာခဲ့ကြောင်း သိရှိရပါသည်။
- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID-19 ရောဂါအတည်ပြုလူနာ မတွေ့ရှိရသေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၈၀) နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ကြောင်း တွေ့ရှိရပါသည်။

၂။ **မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ (၁၂-၃-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀) နာရီအချိန်ထိ)**

| | ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ | | | | လူနာဦးရေ စုစုပေါင်း |
|---|---|---|---|---|---|
| | ပိုးတွေ့ | ပိုးမတွေ့ | ဓာတ်ခွဲရလဒ် စောင့်ဆိုင်းဆဲ | ဓာတ်ခွဲနမူနာ ရယူရန်စီစဉ်ဆဲ | |
| စောင့်ကြည့်လူနာ | - | ၈၆ | ၈ | ၈ | ၁၀၂ |
| သံသယလူနာ | - | ၂ | - | - | ၂ |
| စုစုပေါင်း | - | ၈၈ | ၈ | ၈ | ၁၀၄ |

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁၂-၃-၂၀၂၀) ရက်နေ့အထိ စောင့်ကြည့်လူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၄၂) ဦး၊ ရှမ်းပြည်နယ်တွင် (၁၉) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၁၅) ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၂၆) ဦး စုစုပေါင်း (၁၀၂) ဦးတို့ ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအား ဆောင်ရွက်ရာတွင်-

(က) သံသယလူနာနှင့် စောင့်ကြည့်လူနာများအား စောစီးစွာရှာဖွေဖော်ထုတ်ခြင်း၊ သီးခြားထားရှိကုသခြင်းနှင့် ထိရောက်ကောင်းမွန်သည့်ကုသမှုများ ပေးလျက်ရှိခြင်း၊

(ခ) ဆင့်ပွားကူးစက်ပျံ့နှံ့မှုများအား ကာကွယ်နိုင်ရေးအတွက် လူနာနှင့် အနီးကပ်ထိတွေ့သူများ (အတူနေမိသားစုများနှင့် ကျန်းမာရေးဝန်ထမ်းများစသည်) တို့အား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများတွင် ရောဂါပိုးကူးစက်မှု ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား အစဉ်တစိုက် ဆက်လက်အားဖြည့်ဆောင်ရွက်ခြင်း၊

(ဂ) ကျန်းမာရေးဝန်ထမ်းများအား မှန်ကန်ထိရောက်သည့် ရောဂါကာကွယ်ရေးလုပ်ငန်းများအား တိကျစွာဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်များအား ရေးသားဖြန့်ဝေခြင်းနှင့် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များအား ဖြန့်ဝေခြင်း၊

(ဃ) ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံ၌ လတ်တလောဖြစ်ပွားနေသော အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား နိုင်ငံပိုင်သတင်းစာမျက်နှာများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov. mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/ MinistryOfHealthAndSportsMyanmar နှင့် https://www.facebook.com/ MyanmarCDC) တို့တွင် ဖော်ပြခြင်းနှင့် တစ်ပြိုင်တည်းမှာပင် ပြည်သူလူထုအကြား ပျံ့နှံ့လေ့ရှိသည့် သတင်းအမှားများအား သတင်းအမှန်များဖြင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊

(င) ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုရေးအသင်းအဖွဲ့များ (Civil Society Organizations)နှင့် ပြည်သူလူထုအခြေပြု အသင်းအဖွဲ့များ (Community Based Organizations) တို့မှပူးပေါင်း၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လူစည်ကားသည့် နေရာများဖြစ်သည့် ကားဂိတ်များ၊ ဈေးများ စသည့်နေရာများတွင် COVID-19 ကျန်းမာရေးအသိပညာပေးလုပ်ငန်းများအား Hand Held Loud Speaker များဖြင့် ပိုမိုဆောင်ရွက်စေခြင်း၊

(စ) COVID – 19 ရောဂါကြောင့် ပြည်သူလူထု၏ လူမှုစီးပွားထိခိုက်မှုများ နည်းပါးစေရန် သက်ဆိုင်ရာနီးနွယ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

၅။ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းမြင့်တက်လျက်ရှိသည့် နိုင်ငံများမှ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော်လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့် အခြေအနေများစွာရှိနေပါသည်။

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဖြစ်သော အဖျားရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ နိုင်ငံတကာမှ ခရီးသည်များအား COVID-19 ရောဂါကင်းရှင်းကြောင်းလက်မှတ်နှင့် ကျန်းမာကြောင်း ဆေးထောက်ခံချက် (Medical Certificate) ပါရှိမှသာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ လေယာဉ်ပေါ်တွင် Health Declaration Card များ ဖြည့်စွက်ခြင်းအား အထူးကြပ်မတ်ခြင်းများအား ဆောင်ရွက်လျက်ရှိပါသည်။
- ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါရှိသူ (Asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားရာတွင် အလုံပိတ်အခန်း (သို့မဟုတ်) လေယာဉ်၊ သင်္ဘော၊ အဝေးပြေးဘတ်စ်ကားကဲ့သို့သော နေရာများတွင် ရောဂါကူးစက်မှုများပြားနိုင်ကြောင်း တွေ့ရှိရ၍ ပြည်သူလူထုများအနေဖြင့် သတိပြုရန် လိုအပ်ပါသည်။

၆။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက် တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် -

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေ အကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်၊

(ဂ) ရောဂါဖြစ်ပွားနေသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှ ထွက်ရှိလာသော အမှုန်အမွှားများမှတစ်ဆင့် ရောဂါကူးစက်နိုင်သဖြင့် လက်ကိုမကြာခဏ ဆပ်ပြာဖြင့် ဆေးကြောပေးရန်အတွက် ပွဲလမ်းသဘင်များတွင် ဆပ်ပြာနှင့် ရေ (သို့မဟုတ်) လက်သန့်စင်ဆေးရည် (Hand Sanitizer) များ စီစဉ်ထားရှိရန်၊

(ဃ) ပွဲလမ်းသဘင်များ မကျင်းပမီ COVID-19 ရောဂါနှင့်ပတ်သက်သည့် သတင်းအချက်အလက်များအား (၅) မိနစ်ခန့် အချိန်ယူပြောကြားရန်၊

(င) အကယ်၍ ထိုသို့မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့်လူအရေအတွက် နည်းနိုင်သမျှနည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာပြုလုပ်ရန်၊

(စ) COVID-19 ရောဂါသည် အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါ၊ ကင်ဆာရောဂါအခံရှိသူများ၌ ပိုမိုပြင်းထန်စွာ ဖြစ်ပွားနိုင်ပါ၍ ၎င်းတို့အား လူစုလူဝေးမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ရန်နှင့် ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များအား စနစ်တကျလိုက်နာရန် လိုအပ်ပါသည်။

၇။ ကမ္ဘာ့ကပ်ရောဂါ (Pandemic) အနေဖြင့် ဖြစ်ပွားလျက်ရှိသော COVID-19 ရောဂါအား တုံ့ပြန်ဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့် အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် လွန်စွာအရေးပါလှပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များကိုလည်း တိကျစွာ စနစ်တကျ လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံတွင် ကျဆုံးခဲ့သော အမေရိကန်စစ်သည်များ၏ရုပ်ကြွင်းများအား မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဒုတိယအကြိမ် ပြန်လည်သယ်ဆောင်

မန္တလေး မတ် ၁၂

**မြန်မာနိုင်ငံ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးဒေသတစ်ဝိုက်တွင် မကြာသေးမီက ရှာဖွေတွေ့ရှိခဲ့သော ဒုတိယကမ္ဘာစစ်အတွင်းက ကျဆုံး ပျောက်ဆုံး ကျန်ရစ်ခဲ့သော အမေရိကန်စစ်သည်များ၏ ဖြစ်နိုင်ခြေရှိသော လူသားရုပ်ကြွင်းများကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဂုဏ်ပြုအခမ်းအနားကျင်းပ၍ အမေရိကန်လေတပ်မှ C-17 အကြီးစား သယ်ယူပို့ဆောင်ရေးလေယာဉ်ကြီးဖြင့် အမေရိကန်နိုင်ငံသို့ ဒုတိယအကြိမ်အဖြစ် ပြန်လည်သယ်ဆောင်သွားခဲ့သည်။**

**ရှာဖွေမှုများ လုပ်ဆောင်**

အဆိုပါ ရှာဖွေခြင်းလုပ်ငန်းကို အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန၏ စစ်ကြွင်းရှာဖွေမှတ်တမ်းတင်ရေး အေဂျင်စီ(ဒီပီအေအေ)၏ အစီအစဉ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်း ရှာဖွေမှုများ လုပ်ဆောင်ခဲ့ရာ ၂၀၀၃ -၂၀၀၄ ခုနှစ်တွင် ရှာဖွေရေးအစီအစဉ် သုံးကြိမ်နှင့် ၂၀၁၃ နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ကိုးကြိမ် ပြုလုပ်ခဲ့ပြီး အဆိုပါရှာဖွေခြင်းများမှ စစ်သည် ၂၃ ဦး၏ ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခဲ့ကာ ယခုတွေ့ရှိခဲ့သည့် ရုပ်ကြွင်းများကိုလည်း အမေရိကန် ဟာဝိုင်အီရှိ ဒီပီအေအေ၏ ဓာတ်ခွဲခန်းသို့ ဆက်လက်ပို့ဆောင်သွားမည် ဖြစ်သည်။

"လွန်ခဲ့တဲ့ ၇၅ နှစ်ကျော်က ကျွန်တော်တို့နိုင်ငံအတွက် တာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့တဲ့ အမေရိကန်နိုင်ငံသားတွေလို့ ဖြစ်နိုင်ခြေရှိတဲ့ ရုပ်ကြွင်းတွေကို လွန်ခဲ့တဲ့နှစ်ကစပြီး ဒီလိုရှာဖွေသယ်ဆောင်မှုတွေကို နှစ်နိုင်ငံ အစိုးရအဖွဲ့တွေ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက လေယာဉ်ပျက်ကျသွားတဲ့နေရာနဲ့ လေယာဉ်အစိတ်အပိုင်းတွေ တွေ့ရှိမှုပေါ်မူတည်ပြီး ရုပ်ကြွင်းတွေကို ရှာဖွေမှုပြုလုပ်တာဖြစ်တဲ့အတွက် ယခုတွေ့ရှိတဲ့ ရုပ်ကြွင်းတွေကလည်း အမေရိကန်စစ်သည်တွေရဲ့ ရုပ်ကြွင်းတွေဖြစ်မယ်လို့ ယုံကြည်ပါတယ်။ မနှစ်ကလည်း ဒီလိုရုပ်ကြွင်းတွေကို သယ်ယူခဲ့ပေမယ့် ဒီရုပ်ကြွင်းတွေကန ရှာဖွေတွေ့ရှိခဲ့တဲ့ စစ်သည်အရေအတွက်ကို ဆုံးဖြတ်နိုင်ခြင်း မရှိသေးပါဘူး။ ဒီနှစ်မှာလည်း အလားတူဒေသမှာပဲ ရှာဖွေမှုတွေ ပြုလုပ်သယ်ဆောင်သွားပြီး ပထမအကြိမ်နဲ့ ဒုတိယအကြိမ် ရှာဖွေတွေ့ရှိခဲ့တဲ့ ရုပ်ကြွင်းတွေကိုပေါင်းပြီး စစ်သည်အရေအတွက် ဘယ်လောက်ရှာဖွေတွေ့ရှိခဲ့တယ်ဆိုတာကို ဆုံးဖြတ်သွားမှာပါ။ ဒီလိုရုပ်ကြွင်းတွေ ရှာဖွေသယ်ဆောင်တဲ့လုပ်ငန်းကို အမေရိကန်နဲ့ မြန်မာအစိုးရအဖွဲ့တို့ နှစ်နိုင်ငံ ပူးပေါင်းပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်တဲ့အတွက် ဝမ်းမြောက်မိပါတယ်'' ဟု DPPA Team Leader For this mission, Captain Matt Moschgat က ပြောသည်။

**ရှာဖွေတွေ့ရှိခြင်းမရှိသေး**

အဆိုပါ ရုပ်ကြွင်းများသည် ၁၉၄၄ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ပျောက်ဆုံးခဲ့သော စစ်သည် ခုနစ်ဦး လိုက်ပါသွားသည့် B-25G လေယာဉ်နှင့် ဆက်စပ်နေမည်ဟု ယူဆရပြီး ၁၉၄၆ ခုနှစ်တွင် အပျက်အစီးအပိုင်းအစ နေရာစုံစမ်းစစ်ဆေးမှုတစ်ရပ်က ညွှန်ပြခဲ့သော်လည်း ပျက်ကျခဲ့သည့်နေရာကို ရှာဖွေတွေ့ရှိခြင်းမရှိသေးကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ- အောင်ဖြိုးကျော်**



## ကောလာဟလသတင်းမှားများနှင့်ပတ်သက်၍ ပြည်သူများထံ ရှင်းလင်းခြင်း

**(၁၂-၃-၂၀၂၀)ရက်နေ့၊ ည(၁၀း၀၀)နာရီ**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါစောင့်ကြည့်လူနာနှင့် သံသယလူနာများ သတင်းများ၊ အဆိုပါလူနာများ၏ ဓာတ်ခွဲအဖြေသတင်းများကို ပြည်သူများထံ နေ့စဉ် (update) ထုတ်ပြန်ပေးလျက်ရှိပါသည်။

ယနေ့ (၁၂-၃-၂၀၂၀)၊ ည (၁၀) နာရီ အချိန်အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးပါ။

ယခုအခါ မသမာသူများက ပြည်သူများအား စိုးရိမ်ထိတ်လန့်စေရန် ရည်ရွယ်၍လည်းကောင်း၊ ထိုသို့ ပြည်သူများ၏ စိုးရိမ်ထိတ်လန့်မှုအပေါ်တွင် မကောင်းသောစိတ်ထားဖြင့် အကျိုးအမြတ်ထုတ်လို၍လည်းကောင်း ကောလာဟလသတင်းမှားများကို ပုံစံအမျိုးမျိုးဖြင့် ဖန်တီးဖြန့်ဖြူးလျက်ရှိပါသည်။

ယနေ့ညနေတွင် လူမှုကွန်ရက် (Facebook messenger) မှတစ်ဆင့် ကောလာဟလသတင်းမှားကို အသံဖိုင်ဖြင့် ဖန်တီးဖြန့်ဖြူးနေသည်ကို တွေ့ရှိနေရပါသည်။ အဆိုပါ အသံဖိုင်တွင် "ပြည်ထောင်စုဝန်ကြီး၏ PSO မှ ပြောကြားသည်" ဆို၍ မဟုတ်မမှန် လုပ်ကြံဖန်တီးပြောဆိုကာ ပြည်သူများစိုးရိမ်ထိတ်လန့်စေရန် လုပ်ဆောင်လျက်ရှိပါသည်။

ထိုသို့လုပ်ဆောင်မှုမှာ ပြည်သူတစ်ဦး၊ နိုင်ငံသားတစ်ဦးအနေဖြင့် မည်သို့မျှမလုပ်ဆောင်သင့်ပါ။

ကောလာဟလသတင်းမှားများ ဖြန့်ဖြူးနေသူများကိုလည်း သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းကာ ရှာဖွေဖော်ထုတ်၍ တည်ဆဲဥပဒေများအတိုင်း အရေးယူသွားမည်ဖြစ်ပါသည်။

ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အသိပညာပေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ကြပါရန်နှင့် မှန်ကန်သော ကျန်းမာရေးအသိပညာများကို ဝေမျှကြပါရန် ထပ်မံတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၁ ရက် နံနက် ၇ နာရီခွဲတွင် ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာအနီး ပင်လောင်း- ဖယ်ခုံ ကားလမ်းပေါ်တွင် ကြာသိန်း မောင်းနှင်လာသည့် Mitsubishi Double Cab အမျိုးအစား မော်တော်ယာဉ်ပေါ်မှ ဘိန်းစိမ်းများ သိမ်းဆည်းရမိပြီး ထပ်မံစစ်ဆေးပေါ်ပေါက်ချက်အရ ဖယ်ခုံမြို့နယ် စလင်းကျေးရွာအနီး လျှို့အတွင်းရှိ ကြာသိန်း ပိုင်ဆိုင်သည့် ဘိန်းချက်လုပ်သည့်စခန်းမှ ဘိန်းညိုမှုန့် ၁၆ ဒသမ ၈ ကီလို၊ ဘိန်းရည် လီတာ ၄၀၊ အမိုနီယမ် ကလိုရိုက် ၆ ကီလို၊ ဘိန်းညှစ်စင် နှစ်ခုနှင့် ဆက်စပ်ပစ္စည်းများကို ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ မတ် ၁၀ ရက်မွန်းလွဲ ၂ နာရီခွဲတွင် လောက်ကိုင်မြို့နယ် တလင်ကေးကျေးရွာအနီး လူမနေသည့်အဆောက်အအုံအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၂၀၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

၁၃-၃-၂၀၂၀ (သောကြာနေ့)

**နံနက်ပိုင်း**

၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၇:၃၅ - MRTV Travelogue "ရွှေသောင်ယံသို့ ခရီးသွားခြင်း" (အပိုင်း-၃)
၈:၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
၁၂:၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ" (အပိုင်း- ၁၇)

**ညပိုင်း**

၁၆:၃၅ - Weekly MNL Review
၁၇:၃၀ - Weekly Sports Info
၁၈:၂၀ - BBC Click
၁၈:၃၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ဉုံဖွ"+"ကမ္ဘာကျော်ရုပ်ရှင်"
၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ" (အပိုင်း-၁၈)
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
- ပြည်သူ့အကျိုးပြု မှတ်တိုင်များ "တိုးတက်အောင်မြင် မန္တလေးမြို့တော်တစ်ခွင်" (အဆင့်မြင့်သန့်စင်ခန်းများ ဆောင်ရွက်ထားရှိမှု)
- မြန်မာ့ရုပ်ရှင် ရာပြည့် ဂုဏ်ပြုအစီအစဉ် "လိပ်ပြာကူး ထူးခြားသူများ" (အကယ်ဒမီ စိုးမြတ်သူဇာ)
- မြန်မာဗီဒီယိုဇာတ်လမ်း "စည်းရိုး" (ကျော်ရဲအောင်၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ-ကျော်ဇောလင်း)

## အောင်လံမြို့နယ်တွင် တောမီးမှတစ်ဆင့် ကြက်မွေးမြူရေးခြံ မီးလောင်မှုဖြစ်

**အောင်လံ မတ် ၁၂**

အောင်လံမြို့နယ် မိုးကောင်းကျေးရွာ၏ မြောက်ဘက်တွင် တောမီးမှတစ်ဆင့် ကြက်မွေးမြူရေးခြံအား မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က မီးလောင်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်မှုမှာ ဦးရာမိုး ပိုင်ဆိုင်သည့်ကြက်ခြံကို တောမီးမှတစ်ဆင့် ကူးစက်လောင်ကျွမ်းခြင်းဖြစ်ပြီး မီးလောင်မှုဖြစ်ပွားရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့နှင့် မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ကန်ကြီးနယ်မြေမီးသတ်စခန်းမှ မီးငြိမ်းသတ် ရေသယ်ယာဉ်တစ်စီး၊ မြို့ပေါ်ရပ်ကွက်ရှိ အရန်မီးသတ်ယာဉ် ခုနစ်စီးဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ယင်းမီးလောင်မှုကြောင့် ကြက်အကောင်ရေ ၁၀၀၀ ခန့် မွေးမြူထားသော ကြက်မွေးမြူရေးခြံ သုံးလုံး၊ ဝါးသက်ငယ်မိုး၊ ဝါးခြမ်းကာ ကြက်စာသိုလှောင်ရုံ တစ်လုံးနှင့် ကြက်အကောင်ရေ ၃၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သဃ်န်းကျွန်းမြို့နယ်(ခ)ရပ်ကွက် ပြည်တော်သာလမ်း၌ နေအိမ် ၂၇ လုံးမီးလောင်

**ရန်ကုန် မတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်(ခ)ရပ်ကွက် ပြည်တော်သာလမ်း ခြံအမှတ် ၁၆ /၁၇ နေအိမ်၌ ယနေ့မွန်းလွဲ ၁ နာရီကျော်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပြည်တော်သာလမ်းရှိ ခြံအမှတ် ၁၆/၁၇ နေအိမ်၌ ယနေ့မွန်းလွဲ ၁ နာရီ ၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားရာ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမျိုးဝင်း၊ အရှေ့ပိုင်းခရိုင်မီးသတ်ဦးစီးမှူး ဦးကိုကိုကြီးတို့ ဦးဆောင်သော သန္နေတပ်ဖွဲ့ဝင် ၃၃၈ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၃ ဦး ပါဝင်သော မီးငြိမ်းသတ်ယာဉ်၊ အုပ်ချုပ်မှုယာဉ်၊ ရေသယ်ယာဉ်နှင့် ကွပ်ကဲမှုယာဉ် ၄၅ စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မီးထိန်းနိုင်ခဲ့ပြီး မွန်းလွဲ ၁ နာရီ ၄၈ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်ရာတွင် သဃ်န်းကျွန်းမြို့နယ် ရန်အောင်ရပ်ကွက် ရန်ကင်းလမ်းမှ ဦးလင်းနိုင် (၄၃ နှစ်)နှင့် ကိုစိုးသူ(၂၆ နှစ်)တို့တွင် ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့သည်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ ရေနွေးအိုးတည်သည့် မီးဖိုအပူလွန်ကဲမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် အိမ်ခြေ ၂၇ လုံး မီးလောင်ဆုံးရှုံးခဲ့ကာ မီးဘေးသင့် အိမ်ထောင်စု ၂၈ စုမှ အမျိုးသား ၆၈ ဦး၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသူ ကျောင်းသူတစ်ဦးအပါအဝင် အမျိုးသမီး ၉၁ ဦး စုစုပေါင်း ၁၅၉ ဦးတို့အား (ခ)ရပ်ကွက် ဦးဘလှလမ်း အ.မ.က(၁၀)ကျောင်း၌ ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ကူညီမှု ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်စမ်း(သဃ်န်းကျွန်း)**



# ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကိုတိုက်ဖျက်ရန် ဥရောပမှ အမေရိကန်ပြည်ထောင်စုသို့ ခရီးသွားလာမှုများ ရက် ၃၀ ကြာရပ်ဆိုင်း

**ဝါရှင်တန် မတ် ၁၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့ပွားမှုကိုတိုက်ဖျက်ရန် ဥရောပမှ အမေရိကန်ပြည်ထောင်စုသို့ ခရီးသွားလာမှုအားလုံးကို ရက် ၃၀ ကြာ ရပ်ဆိုင်းလိုက်ကြောင်း၊ ထိုကဲ့သို့ ရပ်ဆိုင်းမှုတွင် ဗြိတိန်မပါဝင်ကြောင်း သိရသည်။

ယမန်နေ့က ဘဲဥပုံရုံးခန်းမှ ပြောကြားသော ရုပ်မြင်သံကြားမိန့်ခွန်းတွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ယခုချမှတ်လိုက်သော စည်းမျဉ်းများသည် မတ် ၁၃ ရက် ညသန်းခေါင်တွင် စတင်အာဏာသက်ရောက်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏အစိုးရအဖွဲ့သည် ကိုရိုနာဗိုင်းရပ်စ်ပိုး စတင်ဖြစ်ပွားသည့်အချိန်ကတည်းက ထိရောက်သောဆောင်ရွက်ချက်များကို ချမှတ်အကောင်အထည်ဖော်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ကိုရိုနာဗိုင်းရပ်စ်ကြောင့်အထိနာခဲ့သော ကုမ္ပဏီများကို နောက်ထပ်ပံ့ပိုးမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လွှတ်တော်ကို လုပ်ငန်းငယ်လေးများကို အတိုးနှုန်းနည်းနည်းနှင့် ချေးငွေထောက်ပံ့ပေးနိုင်ရန် အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ တိုးမြှင့်ပေးရန် တောင်းဆိုထားကြောင်းလည်း သိရသည်။

လေ့လာစောင့်ကြည့်သူများက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ငွေကြေးဈေးကွက်ကို အာမခံချက်ရှိရန်လုပ်ဆောင်နေပြီး ကိုရိုနာဗိုင်းရပ်စ်ကို လျှော့တွက်နေသည်ဆိုသည့် ဝေဖန်ချက်များကို ပျောက်ကွယ်အောင်ကြိုးစားနေသည်ဟု ပြောကြားလိုက်သည်။ **အင်န်အိတ်ချ်ကေ**



အမေရိကန်သမ္မတဒေါ်နယ်ထရမ့်



ရှင်ကန်ဆန် ကျည်ဆန်ရထားများကို တွေ့ရစဉ်။

# ဂျပန်နိုင်ငံတွင် ကျည်ဆန်ရထားအသုံးပြုသူအရေအတွက် ပိုမိုကျဆင်းဖွယ်ရှိ

**တိုကျို မတ် ၁၂**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကြောင့် ဂျပန်နိုင်ငံ၏ ရှင်ကန်ဆန်ကျည်ဆန်ရထားလိုင်းကို သုံးစွဲသူအရေအတွက်သည် ယခင်နှစ်က အလားတူကာလထက် ထက်ဝက်အထိ ကျဆင်းခဲ့သည်ဟု ကျည်ဆန်ရထားလိုင်းပြေးဆွဲနေသော ကုမ္ပဏီက မကြာသေးမီက ပြောကြားလိုက်သည်။

စင်ထရယ်ဂျပန်ရထားကုမ္ပဏီက မတ် ၁ ရက်မှ ၉ ရက်အထိ ခရီးသည်အရေအတွက်အပေါ် အခြေခံပြီး တွက်ချက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ထို့အပြင် ဖေဖော်ဝါရီလ၏ ပမာဏသည်လည်း ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အဆိုပါကုမ္ပဏီက ပြောကြားလိုက်သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကို အကြောင်းပြုကာ အပန်းဖြေခရီးသွားနေရာများကိုလည်း ပိတ်ထားပြီး ပွဲလမ်းသဘင်များကိုလည်း ဖျက်သိမ်းလိုက်ကြောင်း သိရသည်။

ထို့ကြောင့် အိမ်မှာနေရင်း အလုပ်လုပ်သူများ များပြားလာခဲ့ပြီး ခရီးသွားလာသူများ နည်းပါးသွားရခြင်းဖြစ်ကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။

စင်ထရယ် ဂျပန်ရထားကုမ္ပဏီ ဥက္ကဋ္ဌ ရှင်းခါနဲကိုက မတ်လတွင် ရထားစီးခရီးသည် ယခုထက် ပိုမိုကျဆင်း လိမ့်မည်ဖြစ်ကြောင်းကြိုတင်သုံးသပ်ပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**

# ရာသီဥတုအရေးတက်ကြွလှုပ်ရှားသူများအနေဖြင့် အွန်လိုင်းပေါ်၌ ဆန္ဒဖော်ထုတ်မှုများပြုလုပ်ကြရန် ဂရီတာသွန်းဘတ် တိုက်တွန်း

**စတော့ဟုမ်း မတ် ၁၂**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု ဖြစ်ပွားနေသည့်အတွက် ဗိုင်းရပ်စ် ကူးစက်မှုအန္တရာယ်ကို ရှောင်လွှဲနိုင်ရန် လူထုစုဝေးချီတက်မှုများ မပြုလုပ်ဘဲ အွန်လိုင်းပေါ်တွင် အားပေးထောက်ခံမှုများပြုလုပ်ကာ လှုပ်ရှားပါဝင်ကြရန် ဆွီဒင်နိုင်ငံမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူ ဆယ်ကျော်သက် ဂရီတာသွန်းဘတ်က ရာသီဥတုအရေးတက်ကြွလှုပ်ရှားသူများကို တိုက်တွန်းလိုက်ကြောင်း သိရသည်။

ရာသီဥတုဆိုင်ရာ အကျပ်အတည်းမှန်သမျှကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် ပြည်သူလူထုအနေဖြင့် ကျွမ်းကျင်သူပညာရှင်များနှင့် သိပ္ပံပညာရပ်များ၏ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ကာ စည်းလုံးညီညွတ်စွာ ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မတ် ၁၁ ရက်တွင် ဂရီတာသွန်းဘတ်က ပြောကြားခဲ့သည်။ ယခုအခါတွင် ကျွမ်းကျင်သူပညာရှင်များက လူထုစုဝေးမှုများ ရှောင်ရှားကြရန် တိုက်တွန်းလျက်ရှိသည်။

အများပြည်သူ သတိထားသိရှိစေမည့် နည်းလမ်းများကို ရှာဖွေရန်နှင့် လူစုလူဝေးများအတွင်း ပါဝင်ခြင်းမရှိသည့် အပြောင်းအလဲကို အားပေးထောက်ခံရန် ရာသီဥတုအရေးတက်ကြွလှုပ်ရှားသူများကို ဂရီတာသွန်းဘတ်က တိုက်တွန်းခဲ့သည်။ **အင်န်အိတ်ချ်ကေ**



ဆွီဒင်နိုင်ငံမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူ ဆယ်ကျော်သက် ဂရီတာသွန်းဘတ်။

# တရုတ်နိုင်ငံမှ ဆေးဝါးအထောက်အပံ့ပစ္စည်းများ ဥရောပသို့ရောက်ရှိ



နှာခေါင်းစည်းစက်ရုံမှ အလုပ်သမားတစ်ဦးကို တွေ့ရစဉ်။

**ဘရပ်ဆဲလ် မတ် ၁၂**

အီတလီနှင့် စပိန်နိုင်ငံများသို့ ပို့ဆောင်မည့် တရုတ်နိုင်ငံမှ ပေးပို့လိုက်သည့် ဆေးဝါးအထောက်အပံ့ပစ္စည်းများ ဥရောပသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချွမ်ရင်၏ ပြောပြချက်အရ သိရသည်။

ဆေးဝါးဆိုင်ရာ အထောက်အပံ့ပစ္စည်းတစ်သုတ်မှာလည်း ဘယ်လ်ဂျီယံနိုင်ငံသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါပစ္စည်းများတွင် နှာခေါင်းစည်းပေါင်း ၁ ဒသမ ၈ သန်းနှင့် စမ်းသပ်ကိရိယာပေါင်း တစ်သန်းပါဝင်သည်ဟု ဆိုသည်။

အဆိုပါ ဆေးဝါးအထောက်အကူပြုပစ္စည်းများကို အီတလီ၊ စပိန်နိုင်ငံတို့အပါအဝင် ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးတွင် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်နေကြသည့် နေရာဒေသများသို့ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနရုံး၏ တွစ်တာအကောင့်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

# အီရတ်နှင့် ကုလသမဂ္ဂခေါင်းဆောင်များက မဟာမိတ်တပ်ဖွဲ့များ တိုက်ခိုက်ခံရမှုအပေါ် ရှုတ်ချ

**ဘဂ္ဂဒက် မတ် ၁၂**

မမျှော်လင့်သော ဒုံးကျည်တိုက်ခိုက်မှုတွင် အမေရိကန်ဦးဆောင်မဟာမိတ်တပ်ဖွဲ့ဝင် သုံးဦးကျဆုံးပြီးနောက် အီရတ်နှင့် ကုလသမဂ္ဂအရာရှိများက မဟာမိတ်တပ်ဖွဲ့များ တိုက်ခိုက်ခံရသည့်အပေါ် ရှုတ်ချကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဘဂ္ဂဒက်မြောက်ပိုင်း တာဂျီလေတပ်အခြေစိုက်စခန်းကို တိုက်ခိုက်မှုသည် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များ အသုံးပြုသော လေတပ်အခြေစိုက်စခန်းကို နှစ်ပေါင်းများစွာ တိုက်ခိုက်မှုများအတွင်း အသေအပျောက်အများဆုံးဖြစ်ခဲ့သည့် အဆိုးရွားဆုံး တိုက်ခိုက်မှုဖြစ်သည်။

အဆိုပါတိုက်ခိုက်မှုတွင် အိမ်နီးချင်းဆီးရီးယားမှ အီရန်မဟာမိတ် အီရတ်တိုက်ခိုက်ရေးသမား ၂၆ ဦး ထက်မနည်း သေဆုံးခဲ့သည်။ အီရတ်နိုင်ငံ မြောက်ပိုင်းတွင် အမေရိကန် စေ့စပ်ညှိနှိုင်းရေးမှူးတစ်ဦး ဒုံးကျည်တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ပြီးနောက် အမေရိကန်နှင့် တီဟီရန်တို့သည် အပြန်အလှန်လက်စားချေတိုက်ခိုက်မှုများ အလျဉ်းသင့်သလို လုပ်ဆောင်လာကြသည်။

ယခုတစ်ကြိမ်တိုက်ခိုက်မှုသည် ပို၍အခြေအနေဆိုးရွားလာမည်ကို စိုးထိတ်လျက်ရှိသည်။ အီရတ်အရာရှိများနှင့် ကုလသမဂ္ဂအရာရှိများသည် ယခုတိုက်ခိုက်မှုကို ပြစ်တင်ရှုတ်ချခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ထူးခြားဆန်းပြား ကမ္ဘာတစ်ခွင်မှ သတင်းများ

ချိုးစန္ဒီနွေး

**ဒီတစ်ပတ်မှာလည်း ကမ္ဘာတစ်ဝန်းမှာ လက်တလောပေါ်ပေါက်ခဲ့တဲ့ ထူးခြားတဲ့ဖြစ်ရပ်လေးတွေကို စိတ်ဝင်စားဖွယ် စုစည်းဖော်ပြထားပါတယ်။ ဒီတစ်ပတ်မှာ စုစည်းထားတဲ့သတင်းတွေကတော့ လေယာဉ်ကိုကြိုးနဲ့ဆွဲပြီး ကမ္ဘာ့စံချိန်တင်အောင် ကြိုးပမ်းတဲ့သတင်း၊ ၁၇ နှစ်ကြာသူငယ်ချင်းလို့သိထားတဲ့လူက ညီမ အရင်းဖြစ်နေတဲ့သတင်း၊ အစားစားရင်းနည်းပညာအသုံးပြုရင် အစာဝင်မှုလျော့ကျတဲ့သတင်းနဲ့ မျက်ရည်ပုံသဏ္ဌာန်ကြယ် တွေ့ရှိတဲ့သတင်းတို့ပဲ ဖြစ်ပါတယ်။**

**အားကစားသမားများနှင့် လေယာဉ်အမှုထမ်းများက ၂၀၁ ဒသမ ၆ တန် အလေး ချိန်ရှိသည့် လေယာဉ်ကို ကြိုးဖြင့်ဆွဲကာ ကမ္ဘာ့စံချိန်တင်ရန်ကြိုးပမ်း**

ဗြိတိန် အဲဝေးလေကြောင်းလိုင်းက အမှုထမ်းတွေနဲ့ နာမည်ကျော်အားကစား သမားအချို့ဟာ အုပ်စု ဖွဲ့ပြီး ၂၀၁ ဒသမ ၆ တန် အလေးချိန်ရှိတဲ့ လေယာဉ်ပျံကို ၃၂၈ မီတာအထိ ကြိုးနဲ့ဆွဲပြီး ဂရင်းနက်စ်စံချိန်တင်ဖို့ကြိုးပမ်းခဲ့ကြတာကို တွေ့ရ ပါတယ်။ နာမည်ကျော်အားကစားသမားတွေနဲ့ လေယာဉ်အမှုထမ်းတွေဟာ ဗြိတိန်အဲဝေးက အေ ၃၅၀ လေယာဉ်ကို ဆွဲပြပြီး ကမ္ဘာ့စံချိန်ချိုးခဲ့ပါတယ်။ အရင်စံချိန်တင်ထားတဲ့လေယာဉ်ရဲ့ အလေးချိန်ကတော့ ၁၉၈ ဒသမ ၄ တန်ပဲ ရှိပါတယ်။ ဗြိတိန်လေကြောင်းလိုင်းဟာ Comic Relief ဆိုတဲ့ လူမှုရေးအသင်းနဲ့ မိတ်ဖက်ပြုလုပ်ထားပြီး ချို့တဲ့သောကလေးငယ်များ ဘဝသစ်စနိုင်ရေးအကူအညီ ပေးနေတဲ့ flying Start ဆိုတဲ့ အစီအစဉ်တစ်ခု ပြုလုပ်ထားပါတယ်။ အခုပြု လုပ်တဲ့ပွဲကတော့ အားကစားရန်ပုံငွေရရှိအောင် လှုပ်ရှားမှုတစ်ရပ်အနေနဲ့ အခုလို လုပ်ဆောင်ခဲ့တာလည်း ဖြစ်ပါတယ်။ **ယူပီအိုင်ဒေ့ါကွန်း**



လေယာဉ်အမှုထမ်းများနှင့် အားကစားသမားများက လေယာဉ်ကိုကြိုးဖြင့်ဆွဲနေကြစဉ်။

**၁၇ နှစ်ကြာ သူငယ်ချင်းအဖြစ် ခင်မင်လာသူနှစ်ဦးက ညီအစ်မအရင်းဖြစ်နေ**

လာတိုယာဝင်ဘာလေနဲ့ အက်ရှ်လေသောမတ်စ်တို့ဟာ အလယ်တန်း ကျောင်းသူဘဝကတည်းက အခင်ဆုံးသူငယ်ချင်းတွေ ဖြစ်ခဲ့ကြတာပါ။ သူတို့ နှစ်ဦးကြားမှာ ကံတရားက ရိုက်ခတ်မှုကတော့ ဆန်းကြယ်လှပါတယ်။ ၁၇ နှစ် ကြာအချစ်ဆုံးသူငယ်ချင်းတွေအဖြစ်ရှိခဲ့ကြတဲ့သူတို့နှစ်ဦးဟာ ညီအစ်မအရင်း ခေါက်ခေါက်တွေ ဖြစ်နေတယ်ဆိုတာကို မထင်မှတ်ဘဲသိခွင့်ရခဲ့ပါတယ်။ အခု အခါမှာ အသက် ၃၁ နှစ် ရှိနေပြီဖြစ်တဲ့ သောမတ်စ်ကတော့ ဒီအဖြစ်အပျက်ကို သိလျှင်သိချင်း သူညဘက်အိပ်လို့တောင် မပျော်ခဲ့ဘူးလို့ ပြောပါတယ်။ ဝင်ဘာလေ ကတော့ အသက် ၂၉ နှစ်ရှိပါပြီ။ ဝင်ဘာလေကို ညီမအဖြစ် တော်စပ်ခွင့်ရတာကို ဝမ်းသာပေမယ့် သူ့ရဲ့အဖေအရင်းဟာ သူ့ဘေးနားမှာ




၁၇ နှစ်ကြာမှ ညီအစ်မတော်စပ်မှန်းသိရှိခဲ့ရသည့် အက်ရှ်လေသောမတ်စ် (ယာ)နှင့် လာတိုယာဝင်ဘာလေ(ဝဲ) တို့ကိုတွေ့ရစဉ်။

ရှိနေခဲ့တယ်ဆိုတာကို သတိမထားမိတဲ့အတွက် ခံစားရတယ်လို့ ပြောပါတယ်။ သောမတ်စ်ဟာ သူ့ရဲ့လက်ရှိအဖေဟာ အဖေအရင်းမဟုတ်ဘူးဆိုတာကို သူ့အနေနဲ့ ၁၅ နှစ် အရွယ်ကတည်းက သိထားခဲ့ပါတယ်။ သူတို့ သူငယ်ချင်းနှစ်ဦး ညီအစ်မတွေအဖြစ် စပြီးသိရှိခွင့်ရတာလည်း ထူးဆန်းပါတယ်။ ပါတီပွဲတစ်ခုမှာ သူတို့အတူတက် တဲ့ပုံကို ဖေ့စ်ဘုတ်ပေါ်တင်ခဲ့ပါတယ်။ အဲဒီပုံတွေထဲမှာ ဝင်ဘာလေရဲ့အဖေ ပုံပါ ပါသွားပါတယ်။ သောမတ်စ်အမေရဲ့ သူငယ်ချင်းက ဝင်ဘာလေရဲ့အဖေပုံကို မြင်တဲ့အခါမှာတော့ ဝင်ဘာလေရဲ့အဖေနဲ့ သောမတ်စ်ရဲ့ အမေတို့အရင်တုန်းက တွဲခဲ့ဖူးတာကို ပြန်ပြောပြခဲ့ပါတယ်။ အဲဒါကြောင့် သူတို့ နှစ်ဦး ဒီအင်န်အေစစ်ကြည့် လိုက်တဲ့အခါ အဖြေကတော့ သူတို့နှစ်ဦးဟာ ညီအစ်မတွေဖြစ်နေတယ်ဆိုတာကို သိရှိခွင့်ရလိုက်ပါတော့တယ်။ သူငယ်ချင်းဘဝကတည်းက တစ်ဦးနဲ့တစ်ဦး အလွန်ချစ်ကြသူတွေမို့ ညီအစ်မ အဖြစ်ပြောင်းလဲသွားချိန်မှာတော့ သူတို့အတွက် ဘာမှထူးဆန်းမနေတော့ပါ ဘူး။ **ဘီအီးတီနယူးစ်**

**အစားစားချိန်မှာ နည်းပညာအသုံးပြုခြင်းဟာ အစားစားမှုကို လျော့ကျစေ**

နောက်ထပ်သတင်းတစ်ပုဒ်ကတော့ ဝိတ်ချချင်တဲ့သူ ပိန်ချင်တဲ့သူတွေ အတွက် အဆင်ပြေမယ့်သတင်းတစ်ပုဒ်ပါပဲ။ အဲဒါကတော့ထမင်းစားချိန်မှာ နည်းပညာတစ်ခုခုကိုအသုံးပြုနေမယ်ဆိုရင် အစာတွေအများကြီးမစားဖြစ် တော့ဘူးဆိုတဲ့သတင်းပါပဲ။ အစားစားနေချိန်မှာ နည်းပညာကိုအသုံးပြုခဲ့မယ် ဆိုရင် အစားစားတဲ့ပမာဏကို လျော့ကျစေတယ်လို့ အီလီနွိုက်တက္ကသိုလ်ရဲ့ ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။ ဒီလေ့လာမှုကိုတော့ လူပေါင်း ၁၁၉ ဦးနဲ့ စမ်းသပ်ခဲ့တာပဲဖြစ်ပါတယ်။ တစ်နေ့မှာတော့ အစားစားနေစဉ် သူတို့ကို ဂိမ်း ကစားခိုင်းထားပြီး နောက်တစ်နေ့မှာတော့ ပုံမှန်အတိုင်းသာ အစားစားစေပြီး လေ့လာမှုပြုလုပ်ခဲ့ပါတယ်။ အဲဒီမှာ သုတေသီတွေတွေ့ရှိခဲ့တာကတော့ ကွန်ပျူ တာဂိမ်းကစားစဉ် အစားစားမှုဟာ နည်းပါးသွားတာကို တွေ့ရပါတယ်။ နောက်ပြီး ဘယ်လောက်အထိ သူတို့စားလိုက်မိလဲဆိုတာကိုတောင် မမှတ်မိကြပါဘူး။ ကွန်ပျူတာဂိမ်းမကစားဘဲ ပုံမှန်အတိုင်းသာ အစားစားရတဲ့အုပ်စုက အစား ပိုစားတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ **ဆင်ဟွာ**



မျက်ရည်စက်ပုံသဏ္ဌာန်ရှိကြယ်။

**မျက်ရည်ပုံသဏ္ဌာန်ရှိသည့်ကြယ်ကို အပျော်တမ်းနက္ခတ္တဗေဒပညာရှင်များ ရှာဖွေတွေ့ရှိ**

ကြယ်တွေဆီမှာ ထူးခြားမှုတစ်ခုခု ရှိနေပြီဆိုရင် နက္ခတ္တဗေဒပညာရှင်တွေ ကတန်းပြီး သတိပြုမိတတ်ကြပါတယ်။ HD74423 လို့ အမည်ရတဲ့ ကြယ်ရဲ့ ထူးခြားမှုဖြစ်စဉ်ကိုတော့ အပျော်တမ်းနက္ခတ္တဗေဒပညာရှင်တွေက သတိပြုမိ ခဲ့ကြပါတယ်။ နာဆာရဲ့နောက်ဆုံးပေါ် ဂြိုဟ်ရှာဖွေတဲ့ အာကာသဂြိုဟ်တုကနေ ရှာဖွေ တွေ့ရှိခဲ့တာပါ။ အဲဒီကြယ်ရဲ့ပုံစံဟာထူးဆန်းနေတာကို သူတို့သတိထား မိခဲ့ကြပါတယ်။ အဲဒီကြယ်ဟာ ကမ္ဘာမြေနဲ့အလင်းနှစ် ၁၅၀၀ အကွာမှာတည်ရှိပြီး အဲဒီကြယ်ဟာ ဓာတုဗေဒနည်းအရ ထူးခြားတဲ့ကြယ်တစ်လုံးဆိုတာကို သိရှိခဲ့ကြ ပါတယ်။ ကြယ်တွေမှာ ပုံမှန်အားဖြင့် သတ္တုကြွယ်ဝပါတယ်။ ဒီကြယ်မှာတော့ သတ္တုနည်းပါးတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ရှားပါးတဲ့ပုံစံဖြစ်နေရ တာပါ။ အဲဒီကြယ်ဟာ နေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ထုထည်အားဖြင့် ၁ ဒသမ ၇ဆ ရှိပါတယ်။ **ဖလစ်ဘုတ်ဒေ့ါကွန်း**



ပယင်းထဲတွင်တွေ့ရသည့် ဒိုင်နိုဆောဟုယူဆရသော သတ္တဝါ၏ ဦးခေါင်းခွံ။

**ဒိုင်နိုဆောဟုယူဆရသည့် အသေးဆုံးငှက်တစ်ကောင်၏ဦးခေါင်းကို နှစ်ပေါင်း ၉၉ သန်း သက်တမ်းရှိသည့် ပယင်းထဲတွင်တွေ့ရှိ**

ဒိုင်နိုဆောလို့ယူဆရတဲ့ အမျိုးအမည်သေချာမသိရှိရသေးသော သတ္တဝါ တစ်ကောင်ရဲ့ ဦးခေါင်းခွံကို သက်တမ်းအားဖြင့် နှစ်ပေါင်း ၉၉ သန်းရှိပြီဖြစ်တဲ့ ပယင်းထဲမှာ တွေ့ရှိခဲ့ပါတယ်။ ယနေ့အခါမှာ အသေးဆုံးငှက်လို့ တင်စားခံရတဲ့ ငှက်ပိတုန်းထက်တောင် အဲဒီသတ္တဝါရဲ့ အရွယ်အစားက သေးငယ်နေပါသေး တယ်။ လွှသွားပုံသဏ္ဌာန်ရှိတဲ့သွားတွေဟာ မေးရိုးမှာ အပြည့်ရှိနေပါတယ်။ သုတေသီတွေကတော့ အဲဒီဦးခေါင်းရုပ်ကြွင်းကိုကြည့်ပြီး အသေးဆုံးဒိုင်နိုဆော ပဲလို့ ပြောကြပါတယ်။ များသောအားဖြင့် ဒိုင်နိုဆောဆိုတဲ့ သတ္တဝါဟာ အကောင် အကြီးစား ကြောက်စရာသတ္တဝါကြီးလို့ ထင်မြင်ခဲ့ကြပေမယ့် ယခုပယင်းထဲမှာ တွေ့ရတဲ့ဒိုင်နိုဆောကတော့ဖြင့် ထင်ထားတာနဲ့ကွဲလွဲနေပါတယ်။ ဒီရုပ်ကြွင်းကို လေ့လာခြင်းအားဖြင့် ဒိုနိုဆောတွေရဲ့ ဂေဟစနစ်မှာ ပျောက်ဆုံးနေတဲ့အပိုင်းတွေ ရှိတယ်ဆိုတာကို သိလာရတယ်လို့ ကယ်လီဖိုးနီးယားပြည်နယ် စခရစ်ကောလိပ် က ဇီဝဗေဒဆိုင်ရာပါမောက္ခ လားစ်စကက်မစ်က ပြောကြားခဲ့ပါတယ်။

**ကိုးကား – သည် အင်န်ဒီပန်းဒန့်**

အခုဖော်ပြပေးခဲ့တဲ့သတင်းတွေကတော့ ကမ္ဘာတစ်ဝန်းမှာ ပေါ်ပေါက်ခဲ့တဲ့ ဖြစ်ရပ်ဆန်း၊ အာကာသနဲ့ ဆေးပညာဆိုင်ရာသတင်းတွေပဲ ဖြစ်ပါတယ်။

## နိုင်ငံတကာသတင်းတိုထွာ

### တရုတ်၌ ဟိုတယ်ပြိုကျမှု သေဆုံးသူ ၂၉ ဦးအထိမြင့်တက်

**ဖူကျိုး မတ် ၁၂**

တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန်းပြည်နယ်တွင် ဟိုတယ်တစ်လုံးပြိုကျခဲ့မှုမှ သေဆုံးသူအများအပြားရှိခဲ့ရာ ယခုအခါ သေဆုံးသူအရေအတွက် ၂၉ ဦးအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးအဖွဲ့သားများက ပြိုကျအဆောက်အအုံအတွင်း ပိတ်မိနေကြသူများကို မတ် ၁၂ ရက်တွင် ဆက်လက် ရှာဖွေခဲ့ကြရာ နေ့လယ် ၁၁ နာရီတွင် ကွမ်ကျိုးပြည်နယ်အတွင်းရှိ အဆိုပါပြိုကျအဆောက်အအုံ၏ အပျက်အစီးများထဲမှ သေဆုံးသူအလောင်းများ ထပ်မံတွေ့ရှိခဲ့ကြောင်း ဒေသကယ်ဆယ်ရေးရုံးက ပြောကြားခဲ့သည်။

ကျင်ကျားဟိုတယ်သည် မတ် ၈ ရက်ညပိုင်းက ပြိုကျခဲ့ပြီး လူ ၂၇ ဦးမှာ အဆောက်အအုံအတွင်း ပိတ်မိနေ ခဲ့ကြသည်။ ကယ်ဆယ်ရေးအဖွဲ့သားများက ၎င်းတို့ကို တွေ့ရှိခဲ့ချိန်တွင် ၂၇ ဦးမှာ သေဆုံးသွားခဲ့သည်။

**ဆင်ဟွာ**

### စံချိန်တင်ကျဆင်းခဲ့သည့် ရေနံစိမ်းဈေးပြန်တက်လာ

**တိုကျို မတ် ၁၂**

ပြီးခဲ့သည့် မတ် ၉ ရက်က စံချိန်တင်အဆိုးဆုံးကျဆင်းခဲ့သည့် ရေနံစိမ်းဈေးသည် အမေရိကန်၏ စီးပွားရေးဆိုင်ရာ အကြံပြုချက်များကြောင့် ရင်းနှီးမြှုပ်နှံသူများ၏ စိုးရိမ်ပူပန်မှုများ လျော့ပါးစေခဲ့သည့်အတွက် မတ် ၁၀ ရက်တွင် ဈေးပြန်တက်လာခဲ့ကြောင်း သိရသည်။

တိုကျိုဈေးကွက်၌ ရေနံစိမ်းဈေး တစ်ကီလိုလီတာကို ယန်း ၂၅၃၇၀ ဖြင့် ဈေးပိတ်ခဲ့ပြီး ယင်းဈေးနှုန်းသည် ပြီးခဲ့သည့် တနင်္လာနေ့ဈေးပိတ်ချိန်ကထက် ၁၆ ရာခိုင်နှုန်းကျော် ပြန်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကိုရိုနာ ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုနှင့် အိုပက်အဖွဲ့ဝင်နိုင်ငံများနှင့် အဖွဲ့ဝင်မဟုတ်သည့် ရုရှားနိုင်ငံတို့အကြား ရေနံထုတ်လုပ် မှုလျှော့ချရေးဆိုင်ရာ သဘောတူညီမှုမရရှိခဲ့သည့် နောက်ဆက်တွဲ သက်ရောက်မှုအနေဖြင့် ရေနံစိမ်းဈေးသည် မတ် ၉ ရက်တွင် အဆိုးဆုံးကျဆင်းမှုဖြစ်ပေါ်ခဲ့ပြီး ယခုပြန်တက်လာခဲ့ခြင်းဖြစ်သည်။ ရေနံထုတ်လုပ်သည့် နိုင်ငံများအကြား သဘောထားကွဲလွဲမှုကြောင့် ရေနံဖြန့်ဖြူးရောင်းချမှု ပိုမိုတိုးပွားလာနိုင်ကြောင်း သတင်းရင်းမြစ်အချို့က ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသို့ စက်ယန္တရားများပေးအပ်

**ပဲခူး မတ် ၁၂**

ပဲခူးမြို့ ကလိကျေးရွာနှင့် ရှမ်းရွာကြီးကျေးရွာအနီးရှိ ပဲခူးတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးအဆောက်အအုံဝင်း အတွင်း၌ ယမန်နေ့က စက်ယန္တရားများထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စက်မှုလျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်းကစက်ယန္တရားများဝယ်ယူရခြင်းနှင့်ပတ်သက်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သနပ်ပင်၊ ကဝ၊ ကျောက်တံခါး၊ ညောင်လေးပင်၊ ရေတာရှည်၊ ဖြူး၊ ပေါင်းတည်၊ လက်ပံတန်း၊ မိုးညို၊ ကြို့ပင်ကောက် မြို့နယ်များအတွက် ပေးအပ်မည့် စက်ယန္တရားယာဉ် ဘက်ဟိုး ၁၀ စီးအား တိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်လှုထံသို့လည်းကောင်း၊ တိုင်းဒေသကြီး စက်မှုလျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်းက သနပ်ပင်၊ ကျောက်တံခါး၊ ဖြူး၊ ပေါက်ခေါင်း၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ ဇီးကုန်း၊ မိုးညိုမြို့နယ်များအတွက်ပေးအပ်မည့် စက်ယန္တရားယာဉ် Roller ကိုးစီးကို ခရိုင်လေးခရိုင်ကိုယ်စား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပဲခူးခရိုင်မှူး ဒေါ်ကြည်ကြည်ဝင်းထံသို့ လည်းကောင်း လွှဲပြောင်းပေးအပ်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကလိ၊ ရှမ်းရွာကြီးရုံးအဆောက်အအုံဝင်းအတွင်း ရောက်ရှိနေသည့် စက်ယန္တရားများကို ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**



ပဲခူးတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ်ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဘဏ္ဍာနှစ်တွင် ဘက်ဟိုးလေးစီးနှင့် Compactor သုံးစီးဝယ်ယူထားရှိပြီး ယင်းစက်ယန္တရားများဖြင့် တိုင်းဒေသကြီးအတွင်း လမ်းပေါင်း ၂၇လမ်း၊ မိုင်အားဖြင့် ၂၆ မိုင် ၅ ဒသမ ၁၆ ဖာလုံအောင်မြင်စွာဆောင်ရွက်ပြီးစီးခဲ့သည်။

ယခုထပ်မံ၍ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် Roller ကိုးစီးနှင့် ဘက်ဟိုး ၁၀ စီးတို့ကို ဝယ်ယူကာ ယင်းစက်ယန္တရားများဖြင့် လမ်းပေါင်းမြောက်မြားစွာအကောင်အထည်ဖော် ဆောင်ရွက်သွားရန်ရည်ရွယ်ကြောင်းနှင့် CRN(Core Rural Network)စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် လာမည့် ၂၀၃၀ ပြည့်နှစ်တွင်မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းကျော် နေထိုင်သည့် ကျေးလက်ဒေသများအတွင်း ကျေးရွာတစ်ရွာတိုင်းတွင် ရာသီမရွေးသွားလာနိုင်သည့် လမ်းတစ် လမ်းရှိရန် ဆောင်ရွက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးထံမှ သိရသည်။

**တင်စိုး(ပဲခူး)**

# စစ်တွေမြို့သို့ ရောက်ရှိလာသည့် နေရပ်စွန့်ခွာသူများအား ဆန်နှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

**စစ်တွေ မတ် ၁၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက်ရှိ မဏိရတနာဘုန်းတော်ကြီးကျောင်းတိုက်၌ ခေတ္တခိုလှုံရန် ရောက်ရှိလာသည့် နေရပ်စွန့်ခွာသူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်နှင့် ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဏိရတနာဘုန်းတော်ကြီးကျောင်းတိုက်ဓမ္မာရုံ၌ ကျောင်းထိုင်ဆရာတော်ကြီးအားဖူးမြော်ကာ တိုက်ပွဲရှောင်များအတွက် လိုအပ်ချက်များကို လျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဘုန်းတော်ကြီးကျောင်းရှိ နေရပ်စွန့်ခွာ စခန်းတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စားဝတ်နေရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ နေရာထိုင်ခင်းအဆင်ပြေမှုရှိ မရှိတို့ကိုတွေ့ဆုံမေးမြန်းပြီး လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တိုက်ပွဲရှောင်ပြည်သူများအားတွေ့ဆုံ အားပေးစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ဆန်ရိက္ခာတစ်လစာ ၁၀၉ အိတ်ကျော်နှင့် ကလေးကစားစရာပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ **(အောက်ပုံ)**

မဏိရတနာဘုန်းတော်ကြီးကျောင်းတိုက်တွင် အိမ်ထောင်စု ၉၃ စု၊ အမျိုးသား ၁၂၂ ဦး၊ အမျိုးသမီး ၂၂၈ ဦး ရောက်ရှိနေထိုင်လျက်ရှိကြောင်း၊ အဆိုပါ နေရပ်စွန့်ခွာသူများမှာ ရသေ့တောင်မြို့နယ်နှင့် မင်းပြားမြို့နယ်တို့အတွင်း တိုက်ပွဲများဖြစ်ပွားခြင်းကြောင့် စစ်တွေမြို့သို့ ခေတ္တခိုလှုံရန် ရောက်ရှိလာကြသူများဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီ (၁ / ၂၀၂၀) အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၂**

နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ(၁/၂၀၂၀) အစည်းအဝေးကို မတ်၁၀ရက်က နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှု ကော်မတီအတွင်းရေးမှူး နေပြည်တော်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြိုးပွင့်ဟန်က သစ်လွင်သော ကမ္ဘာ့ရွှေပြည်တန် ကုမ္ပဏီလီမိတက်၏ စက်အုတ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းဆောင်ရွက် ခွင့်အတည်ပြုလျှောက်ထားလွှာတင်ပြခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ သစ်လွင်သော ကမ္ဘာ့ရွှေပြည်တန်ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာ ဦးပိုင်ဝေဦးက ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်အုတ်ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် အတည်ပြုလျှောက်ထားလွှာ အပေါ် ရှင်းလင်းတင်ပြသည်။ ယင်းနောက် နေပြည်တော် ကောင်စီရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာန ဆိုင်ရာများက အတည်ပြုလျှောက်ထားလွှာနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီရင်းနှီးမြှုပ်နှံမှု ကော်မတီအတွင်းရေးမှူး ဒေါ်ဖြိုးပွင့်ဟန်က နေပြည်တော်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ ၏ ၂၀၁၈ ခုနှစ်မေလ မှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ မြေပြင်ကွင်းဆင်းစစ်ဆေးမှု အခြေအနေကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီ ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဝင်း**

# ဝါးခယ်မ၌ နွေရာသီအခြေခံအားကစားနည်းများ အခမဲ့သင်ကြားမည်

**ဝါးခယ်မ မတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနကကြီးမှူးပြီး နွေရာသီအားကစားသင်တန်းများကို မတ် ၁၃ ရက်မှစကာ အခမဲ့သင်ကြားပေးသွားမည်ဖြစ်သည်။

မြို့နယ်အတွင်း ထူးချွန်ထက်မြက်သောအားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးကို ရည်ရွယ်ကာ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းနှင့် မြန်မာ့သိုင်း ကစားနည်းငါးမျိုးကို အခမဲ့သင်ကြားပေးမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများအနေဖြင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၌ စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်း၊ သင်တန်းကာလမှာ မတ် ၁၃ ရက်မှ ၃၁ ရက်အထိဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ (ပြန်/ဆက်)**

# ကချင်ရုပ်ရှင်နှင့် ဗီဒီယိုလောက၏ ကနဦးစွမ်းဆောင်သူ အနုပညာရှင်၊ အတတ်ပညာရှင်များအား တွေ့ဆုံဂါရဝပြုပွဲကျင်းပ

**မြစ်ကြီးနား မတ် ၁၂**

ကချင်အနုပညာရှင်များအသင်းချုပ်မှ ဦးဆောင်ကျင်းပသော ကချင်ရုပ်ရှင်နှင့် ဗီဒီယိုလောက၏ ကနဦးစွမ်းဆောင်ခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များအား တွေ့ဆုံဂါရဝပြုခြင်း အခမ်းအနားကို မတ် ၁၀ ရက်က မြစ်ကြီးနားမြို့ မနောကွင်းအတွင်းရှိ မဂ္ဂယ်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုး တိုးတက်လာမှုကို ၎င်းတို့၏ အနုပညာအဆင့်အတန်းကိုကြည့်ခြင်းအားဖြင့် သိရှိနိုင်ကြောင်း၊ ကချင်ရုပ်ရှင်နဲ့ဗီဒီယိုလောကကို ၁၉၈၂ ခုနှစ်မတိုင်ခင်က စတင်ခဲ့ကြပြီး ယနေ့အထိရပ်တည်နိုင်ခြင်းသည်အောင်မြင်မှုရရှိတယ်လို့ ဆိုနိုင်ကြောင်း၊ အနုပညာမောင်နှမများ အနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံအဆင့်၊ အရှေ့တောင်အာရှအဆင့်မှ ကမ္ဘာ့အဆင့်ထိ တက်လှမ်းနိုင်အောင် မျှော်မှန်းချက်ကြီးစွာထားပြီး ကြိုးစားရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့်လည်း အနုပညာရှင်များနှင့် အတူတတ်နိုင်သလောက် အတူတကွလက်တွဲပြီး ရုပ်ရှင်ဗီဒီယိုလောက တိုးတက်အောင်ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်သလို အနုပညာရှင်များကလည်း မိမိတို့ပြည်နယ်၊ မိမိတို့နိုင်ငံငြိမ်းချမ်းရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးကိုဝိုင်းဝန်း ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ကချင်ရုပ်ရှင်နှင့် ဗီဒီယိုလောကတွင် ထူးချွန်စွာစွမ်းဆောင်ပြီး ဆောင်ရွက်ပေးနိုင်ခဲ့ကြသည့်သရုပ်ဆောင်ဇာတ်ပို့မင်းသားမင်းသမီးများ၊ ဇာတ်ညွှန်း၊ ကင်မရာနှင့် ထုတ်လုပ်သူများ၊ ဒါရိုက်တာနှင့် အနုပညာလက်ဆင့်ကမ်း ဦးဆောင်သူများ၊ ကချင်ရုပ်ရှင်လောက၏ ပထမဆုံးထုတ်လုပ်ခဲ့သော အဖွဲ့သားများ၊ ကချင်ရုပ်ရှင်လောကအား ကူညီပံ့ပိုးပေးခဲ့ကြသော အတတ်ပညာရှင်များ၊ မြန်မာ့ရုပ်ရှင်လောကတွင် ပထမဆုံး သရုပ်ဆောင်ခဲ့ကြသော ကချင်တိုင်းရင်းသား သရုပ်ဆောင်များနှင့်ဇာတ်ဆောင် မင်းသမီး၊မင်းသားဆုများအပြင် ကချင်တိုင်းရင်းသားလူငယ်များအား မြေတောင်မြှောက်ချီးမြှင့်ပေးသည့်အတွက် ကျေးဇူးတင်ဂါရဝဆု၊ ကွယ်လွန်သွားသော အနုပညာရှင်များအား အောက်မေ့သတိရဂုဏ်ပြုခြင်း အပါအဝင် မျိုးနွယ်စုများ၏ အနုပညာရှင်အဖွဲ့များအား ဂုဏ်ပြုခြင်းများကို ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ကချင်အနုပညာရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



**ပြည်နယ်(ပြန်/ဆက်)**

# ပါရာဒီဆိုရုပ်ရှင်ရုံသစ်များ မန္တလေးမြို့နှင့် ကျောက်ဆည်မြို့တို့တွင် ဖွင့်လှစ်

**မန္တလေး မတ် ၁၂**

ကျောက်ဆည် ပါရာဒီဆိုရုပ်ရှင်ရုံ ဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကျောက်ဆည်မြို့ မင်းရပ်ကွက်ရှိ ယင်းရုပ်ရှင်ရုံနေရာ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးအောင်ကြည်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက ရုပ်ရှင်သရုပ်ဆောင် ဦးအောင်လွင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် အခြားဖိတ်ကြားထားသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**



ထို့ပြင် မန္တလေး ပါရာဒီဆိုရုပ်ရှင်ရုံဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မန္တလေးမြို့၊ ၆၂ လမ်းနှင့် သိပ္ပံလမ်းထောင့်ရှိ ယင်းရုပ်ရှင်ရုံနေရာတွင် ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးရဲမွန်၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ဦးအောင်လွင်နှင့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် စိုးမြတ်သူဇာတို့က လည်းကောင်း၊ နန်းတော်ရှေ့ ပါရာဒီဆို ရုပ်ရှင်ရုံဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ၁၉ လမ်း၊ အောင်မြေသာစံမြို့နယ်ရှိ ယင်းရုပ်ရှင်ရုံနေရာတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်နှင့် တာဝန်ရှိသူများ၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အေးဝတ်ရည်သောင်းတို့က လည်းကောင်း၊ အမရပူရ ပါရာဒီဆို ရုပ်ရှင်ရုံဖွင့်ပွဲကို ယမန်နေ့ ညနေ ၃ နာရီက မန္တလေးမြို့ နန်းတော်ရာရပ် ကွင်းအမှတ် (၆၀၃/က)ရှိ ယင်းရုပ်ရှင်ရုံနေရာတွင် ကျင်းပရာဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရုပ်ရှင်အနုပညာရှင်များနှင့် ဂီတပညာရှင်များက လည်းကောင်း ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

မန္တလေး တိုင်းဒေသကြီးတွင် ပါရာဒီဆိုရုပ်ရှင်ရုံအုပ်စုမှ ဒစ်ဂျစ်တယ်စနစ်ဖြင့်ပြသသည့် ရုပ်ရှင်ရုံနှင့် ပိတ်ကားအရေအတွက် ဖွင့်လှစ်နိုင်မှု ၁၁ ခုနှင့် အခြားရုပ်ရှင်ရုံနှင့် ပိတ်ကားအရေအတွက် ၂၁ ခုရှိသဖြင့် စုစုပေါင်း ၃၂ ခုအထိ ရှိလာပြီဖြစ်ကြောင်း၊ ယခုအခါ မြန်မာတစ်နိုင်ငံလုံးတွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ပြသသည့် ရုပ်ရှင်ရုံနှင့် ပိတ်ကားအရေအတွက် စုစုပေါင်းမှာ ၂၁၁ ခုအထိ တိုးတက်လာပြီဖြစ်ကြောင်း သိရသည်။

**နီနီဝင်းနှင့် ခင်သူဇာမင်း (FDC)**

# ဂျပန်နိုင်ငံ NHK အသံလွှင့်ဌာနမှ ရိုက်ကူးရေးအဖွဲ့ ရန်ကုန်မြို့တွင် သတင်းမှတ်တမ်းရိုက်ကူး

**ရန်ကုန် မတ် ၁၂**

ဂျပန်နိုင်ငံ NHK အသံလွှင့်ဌာနမှ ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ရန်ကုန်ရုပ်ရှင်သင်တန်းကျောင်း (Yangon Film School– YFS) သို့ သွားရောက်ပြီး အခြေခံရိုက်ကူးရေး သင်တန်းဖွင့်လှစ်သင်ကြားမှုကို မှတ်တမ်းရိုက်ကူးသည်။



ဂျပန်နိုင်ငံမှ ရိုက်ကူးရေးအဖွဲ့ Yangon Film School တွင် သတင်းမှတ်တမ်း ရိုက်ကူးနေစဉ်။

မြန်မာ့ရုပ်ရှင် ပြောင်းလဲတိုးတက်လာမှုအဖြစ် Cartoon, Animation များအား စိတ်ဝင်စားမှု မြင့်တက်လာသည့် အခြေအနေကို ပုဂ္ဂလိက ရုပ်ရှင်သင်တန်းကျောင်းဖြစ်သော YFSတွင် သင်ကြားနေမှုများအား အခြေခံရိုက်ကူးပြီး စိတ်ဝင်စားဖွယ် Documentary ပြသနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါအဖွဲ့သည် မတ် ၁၃ ရက်မှ ၂၅ ရက်အတွင်း YFSတွင် ရိုက်ကူးမှုအပြင် မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်၊ သမ္မတရုပ်ရှင်ရုံ ပတ်ဝန်းကျင်နှင့် ကာတွန်းဦးဝင်းဖေ (အဖျောက်)၏ တစ်နေ့တာလှုပ်ရှားမှုဘဝပုံရိပ်များ၊ ၎င်း၏ ကာတွန်းလက်ရာများကို ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်း၊ ထိုသို့ ရိုက်ကူးထားရှိမှုများကို NHK အသံလွှင့်ဌာန၏ NHK World Channel တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းထိန်(FDC)**

# စွမ်းအားမြှင့် မီးဖိုများအခမဲ့ဖြန့်ဝေ

**ရွှေတောင် မတ် ၁၂**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားရာသီဥတုပြောင်းလဲမှု ဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြို့နယ်အတွင်း လျှပ်စစ်မီးမရရှိသေးသည့် အုပ်စုပေါင်း ၂၃ အုပ်စုမှ ကျေးရွာပေါင်း ၉၇ ရွာရှိ အိမ်ထောင်စုပေါင်း ၁၀၉၀၀ အား စွမ်းအားမြှင့်မီးဖိုများ အခမဲ့ ဖြန့်ဝေခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ကျေးရွာရှိပြည်သူများ လက်ဝယ်အရောက် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကွင်းယားကြီးအုပ်စု ရေဖြူကန်ကျေးရွာအတွင်းရှိ အိမ်ထောင်စု ၇၇ စုအတွက် တစ်အိမ်ထောင်လျှင် မီးဖိုတစ်လုံးနှုန်းဖြင့် စုစုပေါင်းစွမ်းအားမြှင့် မီးဖို ၇၇ လုံးကို ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ်ဦးစီးမှူးနှင့် ဌာနမှဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ပြီး ကျန်ရှိသော မီးဖိုများကို ဖေဖော်ဝါရီလနောက်ဆုံးပတ်က အပြီးဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစိုးဝမ်းလွင်ထံမှ သိရသည်။

**အေးအေးဆင့်(ပြန်/ဆက်)**


# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မတ် ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မတ် ၁၄ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် မြင်းနှင့် ကြက်တို့၏ ကျေးဇူးရှင်သခင်အား ကျေးဇူးသိတတ်ပုံအကြောင်းကို ရေးဖွဲ့ထားသော ကာတွန်းမင်းကောင်းကို၏ “မြင်းနှင့် ကြက်” မျက်နှာဖုံးဇာတ်လမ်း၊ ချစ်စရာ Wood Thrush ငှက်မျိုးစိတ်တို့၏ သဘောသဘာဝနှင့် ၎င်းတို့၏ နေထိုင်သွားလာ ကျက်စားပုံအကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် သုတဆောင်းပါး၊ အာတူး၏ ထိုးထွင်းကြံဆနိုင်စွမ်းရှိပုံ အကြောင်းကို ရေးဖွဲ့ထားသည့် နှစ်မျက်နှာ ကာတွန်း၊ မတော်လောဘစိတ် ရှိခြင်းကြောင့် ရရှိပြီး အခွင့်အရေးကိုပင် လက်လွှတ် ဆုံးရှုံးခဲ့ရပုံ အကြောင်းကို ရေးဖွဲ့ထားသည့် ပုံပြင်တို့အပါအဝင် ရွှေသွေးအင်္ဂလိပ်သဒ္ဒါ၊ ဉာဏ်စမ်း၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**




## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၈၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၈၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၃၀/၇၀၀ | ကျပ် | ၆၉၀/၇၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၄၀/၇၁၅ | ကျပ် | ၇၀၅/၇၃၅ | ကျပ် |
| အောက်တိန်း ၉၂ | ၅၈၀/၆၄၀ | ကျပ် | ၆၅၀/၆၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၀၀/၇၅၅ | ကျပ် | ၇၈၅/၇၉၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၈ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၇၆ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၇ . ၇၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၈၆ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၄၉ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၉၉ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၀ . ၀၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၈၅၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၈၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၈ . ၁၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၂၃၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၆၇၀၃ | ၇၇၀၈၄၅၀၀ |
| MTSH | ၃၉၅၀ | ၃၉၀၀ | ၉၁၄၁ | ၃၆၀၁၁၀၅၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၁ | ၈၂၀၀ |
| FPB | ၂၂၅၀၀ | ၂၃၀၀၀ | ၄၇ | ၁၀၅၈၅၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၇ | ၁၉၉၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနှင့် နမ့်မွန်ကြီးရေတံခွန်

အေးကြွယ်

**"နှင်းယွန်း ခါဟေမာန်၊
လေပြန်သွင်းလို့ ညင်းညံ့ညံ့ တိမ်ယံကွန့်ဆိုင်း၊
အို...လေ မျှော်လေတိုင်းမှိုင်း မှုန်ဝေ"
ဆောင်းကုန်တော့မည်။**

ရာသီကုန်ဆုံး၍ နှုတ်ဆက်သည့်အလား ဟန်ရေးပြနေသည့် မြူခိုးပြာပြာ၊ တောင်ခိုးလဲ့လဲ့၊ ငွေနှင်းဖြူဖြူများက ပြင်စည်မင်းသားကြီး၏ နှင်းယွန်းခါဟေမာန် တောဘွဲ့ယိုးဒယားသီချင်းထဲကလို အုံ့မှိုင်းဝေဆိုင်းနေသည်။ သည်ရာသီမျိုး ခရီးသွားရသည်က လွန်စွာကြည်နူးစရာကောင်း၏။ လမ်းတစ်လျှောက် မြင်တွေ့ရသည့် နှင်းသောက်နံနက်ခင်း အလှများက ကြည် လင်လှပနေသည်။ သွားရမည့် ခရီးက ရှည်လျားသည့်တိုင် တောတောင်သဘာဝရှုခင်းအလှများကို တစ်ဝကြီး ကြည့်ရှုခံစားရမည်ဖြစ်၍ အပန်းဖြေခရီးတစ်ခုဟုပင် မှတ်ယူမိသည်။

နေပြည်တော်မှ စထွက်ကတည်းက လှမ်းမြင်နေရသည့် အလှိုင်းလှိုင်းထနေသော တိမ်တိုက်ဖြူဖြူများ၊ တောင်တန်းကြီးများပေါ် ပျောက်တိပျောက်ကျား ဖြာကျနေသည့် နေခြည်တန်းများ၊ မှိုင်းမှိုင်းအုံ့အုံ့ မြင်နေရသော တောအုပ်ကြီးများက လက်ယပ်ကြိုဆိုနေသယောင် ခံစားရသည်။ အီရန်ကဗျာဆရာကြီး "Rumi"က ခရီးသွားခြင်းနှင့် ပတ်သက်၍ "Travel brings power and love back into your life."ဟု ပြောခဲ့ဖူးသည်။ ခရီးသွားခြင်းသည် ကျွန်တော်တို့အတွက် ချစ်ခြင်းတရားများ၊ စွမ်းအားများကို အမှန်ပင်ဖြည့်စွမ်းပေးခဲ့ပါသည်။

ယခုခရီးစဉ်သည် ယခင်သွားလာခဲ့သည့် ခရီးများနှင့်မတူဘဲ ကွဲပြားမှုရှိသည်။ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ၏ ရှမ်းပြည်နယ်ခရီးစဉ်တွင် လိုက်ပါခွင့်ရခဲ့ခြင်းဖြစ်သည်။ ရှမ်းပြည်နယ်ဆိုသည်ကား ကျွန်တော်တို့ ကြိမ်ဖန်များစွာ ကူးလူးသွားလာခဲ့သည့် ပြည်နယ်တစ်ခု။ မြန်မာလူမျိုးတိုင်း ရင်းနှီးကျွမ်းဝင်ချစ်ခင်ရသည့်ပြည်နယ်တစ်ခု။ ရှမ်းပြည်နယ်တွင် ပင်လုံဆိုသည့် သမိုင်းထဲက ချစ်စရာမြို့လေးတစ်မြို့ရှိသည်။ တောတောင် ရေတံခွန် စိမ့်စမ်းစသည့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့်အပြင် ပြဒါးလင်းဂူကဲ့သို့ ကျောက်ခေတ်လူသားများ ကျင်လည်ခဲ့ရာ ရှေးဟောင်းအမွေအနှစ်များလည်းရှိသည်။

ဤသို့ သဘာဝအရင်းအမြစ်များ ပေါကြွယ်နေသည့် ရှမ်းပြည်နယ်တွင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူကိုယ်တိုင် ယခုလိုကွင်းဆင်း စီမံဆောင်ရွက်ပေးခြင်းဖြစ်သည်။ ခရီးစဉ်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ တို့လည်း လိုက်ပါလာခဲ့သည်။

## ပေါင်းလောင်းသို့

နေပြည်တော်-ပင်လောင်း ကားလမ်းအတိုင်း ယာဉ်တန်းဖြင့် ထွက်ခွာကြသည်။ ရှမ်းပြည်နယ်ထဲသို့ ဝင်လိုက်သည်နှင့် ရေမြေတောတောင်သဘာဝများ ပြောင်းလဲလာ၏။ အတက်အဆင်း၊ အကွေ့အကောက်ပေါ်များသည့် လမ်းဖြစ်သဖြင့် တစ်ခါတလေ တောင်ထိပ်ပေါ်ရောက်လိုက်၊ တောင်ခြေကို ဆင်းလိုက်ဖြင့် ရှုခင်းမျိုးစုံ မြင်တွေ့နေရသည်။ ရှမ်းပြည်နယ်ဟု ဆိုလိုက်သည်နှင့် ကျွန်တော်တို့စိတ်ထဲတွင် နေကြာပွင့်ဝါဝါများ၊ မြေနီနီရဲရဲများ၊ တောအုပ်ညိုညိုကြီးများနှင့် တောင်တန်းစိမ်းစိမ်းကြီးများက အလိုလိုပေါ်လာသည်။ ကျွန်တော်တို့ ယာဉ်တန်းအား



ကိုးပင်ကွေ့ဆောက်လုပ်ရေးရိပ်သာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးတစ်ဦးက လာရောက်ကြိုဆိုပြီး ရှမ်းပြည်နယ်၏ သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်မည့် အခြေအနေကို ရှင်းပြ၏။

**"ရှမ်းပြည်နယ်မှာ နမ့်မွန်ကြီးရေတံခွန်သာမက ခရီးသွားလုပ်ငန်းကို ဆွဲဆောင်မှုရှိနိုင်တဲ့ အခြားနေရာတွေ အများကြီးရှိပါတယ်။ အဲဒီလုပ်ငန်းတွေ လုပ်နိုင်ဖို့အတွက် NCA မြန်မြန်ထိုးစေချင်ပါတယ်"** ဟုလည်း ပြောသည်။

ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာစိတ်အားထက်သန်နေသည်။ အထူးသဖြင့် ရှမ်းပြည်နယ်အတွင်းရှိ ကျိုင်းတောင်းရေတံခွန်နှင့် ဟိုက်ပါရေတံခွန်များ၏ သာယာလှပမှုများကို သဘာဝအခြေခံခရီးသွားလုပ်ငန်းများ မည်သို့ချိတ်ဆက်ဆောင်ရွက်နိုင်မည်ကို မေးမြန်းသည်။ လမ်းပန်းဆက်သွယ်ရေးနှင့် နယ်မြေလုံခြုံရေးကိစ္စများ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးသည်။

ကျွန်တော်တို့ယာဉ်တန်းသည် ကိုးပင်ကွေ့ရိပ်သာမှ ပင်လောင်းလမ်းအတိုင်း ဆက်လက်ထွက်ခွာကြရာ လမ်းတစ်လျှောက် လမ်းခင်းလမ်းချဲ့ပြုပြင်နေသည့် စက်ယန္တရားကြီးများ၊ တောင်ကမ်းပါးယံများကို စနစ်တကျထိန်းသိမ်းပြုပြင်နေမှုများကို မြင်တွေ့ရသည်။ အမှန်အတိုင်းပြောရလျှင် နေပြည်တော်-ပင်လောင်းလမ်း စတင်ဖွင့်လှစ်လိုက်သည့်အတွက် နေပြည်တော်နှင့် ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့၏ လမ်းပန်းဆက်သွယ်ရေး အတော်ပင်ကောင်းမွန်ခဲ့သည်။ မကြာသေးခင်က ကယားပြည်နယ်သို့ ရောက်ရှိချိန်

**"လမ်းတွေ ကောင်းသွားတော့ ကျွန်တော်တို့ကယားပြည်နယ်ကိုလည်း ...ခရီးသွားတွေလာကြတယ်ဗျ"** ဆိုသည့် ကယားပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ စကားကို ပြန်ကြားယောင်မိသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းသည် ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုနေသည်ကို အားလုံးအသိပင်ဖြစ်သည်။

ပေါင်းလောင်းမြို့အနီးသို့အရောက် ကွေ့အမှတ်(၁) မှ (၁၅) အထိရှိသော မြွေလိမ်မြွေကောက် တောင်ဆင်းလမ်းများကို ဖြတ်ရသည်။ လမ်းကွေ့ရောက်တိုင်း တောင်တန်းများ ဝန်းရံနေသည့် ပေါင်းလောင်းဆည်ရေပြင်နှင့် ကျေးရွာဟောင်းအချို့ကို လှမ်းမြင်နေရသည်။ ယင်းကျေးရွာဟောင်းများမှာ ပေါင်းလောင်းဆည် မတည်ဆောက်မီက ယင်းနေရာများတွင် အခြေချနေထိုင်ခဲ့ကြပြီး ရေတံခွန်၊ စိမ့်စမ်းများဖြင့် လွန်စွာလှပ သာယာခဲ့သည့် အနေအထားရှိခဲ့သည်ဟု ထင်သည်။

## နမ့်မွန်ကြီး ခရီးသွားဒေသဖော်ဆောင်ရေး

ပေါင်းလောင်းမြို့အဝင် ဖိုကုန်းကျေးရွာတွင် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူများက လာရောက်ကြိုဆို၍ နမ့်မွန်ကြီးရေတံခွန် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအစီအမံများကို ရှင်းလင်းတင်ပြသည်။ နမ့်မွန်ကြီး ရေတံခွန်သည် ပင်လောင်းမြို့နယ်၊ လိန်းလီသစ်တောကြိုးဝိုင်းအတွင်း ပေါင်းလောင်းမြို့၏ မြောက်ဘက် ၁၂ မိုင်ခန့်အကွာတွင် တည်ရှိ၏။ နမ့်မွန်ကြီး ရေတံခွန်၏ ခရီးသွားလုပ်ငန်းမှာ ရာသီချိန်ခရီးသွားလုပ်ငန်းဖြစ်ပြီး တစ်နှစ်လျှင် ၈ လခန့် ခရီးသွားလာ လည်ပတ်နိုင်သည်။ ၂၀၁၇ ခုနှစ်တွင် လူမှုကွန်ရက်ပေါ်ရှိ ဓာတ်ပုံများ ပျံ့နှံ့ခဲ့ရာမှ ပြည်တွင်းခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ခဲ့ကြသည်ဟု သိရသည်။

နမ့်မွန်ကြီးရေတံခွန်မှာ တခြားရေတံခွန်များနှင့် မတူဘဲ ရေပြာရောင်ရေတံခွန်ဖြစ်သည်။ ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်မှုအပြည့်ရှိသဖြင့် သဘာဝကို မထိခိုက်သော၊ ရေရှည်ဖွံ့ဖြိုးသော ခရီးစဉ်ဒေသတစ်ခု ဖြစ်ပေါ်လာရေးအတွက် စီမံဆောင်ရွက်နေကြသည်။

ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ UNWTO ၏ ခန့်မှန်းထားသည့် ကိန်းဂဏန်းပမာဏများအရ ၂၀၃၀ တွင် နိုင်ငံတကာခရီးသွားဧည့်သည် ၁ ဒသမ ၈ ဘီလီယံရှိမည်ဖြစ်ပြီး ၄၇ ရာခိုင်နှုန်းမှာ ထွန်းသစ်စနိုင်ငံများမှ ဖြစ်မည်ဟု သိရသည်။ ထို့ကြောင့်ပင် အာရှတစ်လွှားတွင် သဘာဝအခြေခံသော ခရီးသွားလုပ်ငန်းများ အပြိုင်အဆိုင် မြှင့်တင်ကြိုးပမ်းနေကြသည်ကို တွေ့နေရသည်။

နမ့်မွန်ကြီးရေတံခွန် ခရီးစဉ်ဒေသဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ရေတံခွန်အတွင်း လာရောက်လည်ပတ်သည့် ခရီးသွားများအား အမှိုက်စနစ်တကျ စွန့်ပစ်ရေး၊ ခရီးသွားဧည့်သည်များအား စနစ်တကျ မှတ်တမ်းယူရေး၊ အများသုံးအိမ်သာများ ထားရှိပေးရေး၊ ရေတံခွန်၏ အလှအပများ မပျက်စီးစေရေးနှင့် အန္တရာယ်ကင်းစွာ ကြည့်ရှုခံစားနိုင်ရေး၊ လမ်းညွှန်ဆိုင်းဘုတ်များ စနစ်တကျထားရှိပေးရေးနှင့် ရပ်ရွာလူထုပါဝင်သော ခရီးသွားလုပ်ငန်းဖြစ်ပေါ်လာစေရေးတို့ကို ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူက ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြားချက်များအနက် ရပ်ရွာလူထုပါဝင်သော ခရီးသွားလုပ်ငန်းဖြစ်ပေါ်စေရေးဆိုသည့် အချက်ကို ကျွန်တော် လွန်စွာစိတ်ဝင်စားမိသည်။ အထူးသဖြင့် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်းကို ထိခိုက်ပျက်ပြားမှုမရှိစေရေးနှင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖြစ်ပေါ်ရေးကို ဦးစားပေးစဉ်းစားသည်ဟုထင်သည်။ ငွေအား၊ လူအား၊ စက်စွမ်းအားဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသည့် ကုမ္ပဏီများရှိစေကာမူ ခရီးသွားလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသည့် ဒေသခံများနှင့် အပြန်အလှန် နားလည်မှုရှိစွာ လုပ်ကိုင်ဆောင်ရွက်ပေးရေးကိုလည်း စဉ်းစားပေးသည်ကို တွေ့ရသည်။ တစ်နည်းအားဖြင့် ဒေသခံများအပေါ်ထားရှိသည့် အကြီးအကဲတစ်ဦး၏ မေတ္တာတရားနှင့် ကိုယ်ချင်းစာတရားများကို လှစ်ခနဲ မြင်လိုက်ရသည်။

## ရေတံခွန်ဆီသို့

ရှင်းလင်းတင်ပြချက်များ နားထောင်ပြီးနောက် ဖိုကုန်းကျေးရွာမှ နမ့်မွန်ကြီးရေတံခွန်ရှိရာသို့ သွားရောက်ရန် လှေဆိပ်သို့ဆင်းခဲ့ကြသည်။ ရေတံခွန်သို့ ရောက်ရှိရန် အချိန်တစ်နာရီကျော် စက်လှေစီးရမည်ဟုဆိုသည်။ စက်လှေပေါ်သို့ရောက်ရှိစဉ် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ဘေးဘယ်ညာမှ တောင်စောင်းများရှိ နီညိုရောင်အပင်ကြီးများကို လက်ညှိုးထိုးပြရင်း...

**"သဘာဝအလျောက် ပေါက်နေတဲ့ ပန်းတွေပေါ့ ... အလွန်လှတယ်"** ဟု ပြောသည်။

ပေါင်းလောင်းဆည်ရေပြင်သည် ပြာလဲ့ကြည်လင်နေပြီး စက်လှေများခုတ်မောင်း၍ ဖြစ်ပေါ်နေသော လှိုင်းကြက်ခွပ်လေးများကြောင့် တစ်ခါတစ်ရံ ငြိမ့်ခနဲနေအောင် လှုပ်ရမ်းခဲ့သည်။ စက်လှေများ ခုတ်မောင်းခြင်းကြောင့် ထွက်ပေါ်နေသည့် လှိုင်းလိပ်ရေပွားများက စိတ်ကို ကြည်လင်စေခဲ့၏။ ဘေးဘယ်ညာ ငေးကြည့်ပါက အချို့နေရာများတွင် သစ်ပင်ကြီးများ၊ ဝါးပင်များ ပေါက်ရောက်နေသည့် တောင်တန်းများကို တွေ့ရသလို အချို့နေရာများတွင် ဆင်ကြီးတစ်ကောင် ဝပ်ဆင်းနေသဏ္ဌာန်ဖြစ်နေသော တောင်တန်းကြီးများကိုလည်း တွေ့ရသည်။

ပေါင်းလောင်းချောင်းအတွင်း စက်လှေစီးနေသည့် တစ်ခဏ တရုတ်နိုင်ငံ လီမြစ်အတွင်း သင်္ဘောစီး၍ ခရီးသွားလာခဲ့ရသည်များကို သတိရမိသည်။ လွန်ခဲ့သည့်နှစ်အနည်းငယ်က တရုတ်နိုင်ငံတောင်ပိုင်းမှ ကွေ့လင်မြို့ကို သင်္ဘောစီး၍ သွားဖူးသည်။ လီမြစ်ဆိုသည်မှာ အလွန်သာယာလှပပြီး တောတောင်သဘာဝအလှများဖြင့် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်မှုရှိသည့် မြစ်တစ်စင်းဖြစ်သည်။ လီမြစ်အတွင်း တင်ကျီးငှက်ဖြင့် ငါးဖမ်းပြနေသည့် ဒေသခံများနှင့် ယွမ်ငွေ ၂၀ ပေါ်တွင် ပုံနှိပ်ဖော်ပြထားသည့် တောင်တန်းကြီးများက ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်စေခဲ့သည်။

ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ကျွန်တော်တို့သိနားလည်ထားကြသည်မှာ ခရီးသွားလုပ်ငန်း တိုးတက်စေလိုလျှင် ကွဲပြားခြားနားသောရှုထောင့်စုံမှ လေ့လာဆောင်ရွက်ရမည့်အချက်ပင်ဖြစ်သည်။ ခရီးသွားဒေသတစ်ခု ဖော်ဆောင်မည်ဆိုပါက ပထဝီဆိုင်ရာရှုထောင့် (Geographical Perspective)၊ လူမှုဗေဒဆိုင်ရာရှုထောင့် (Sociological Perspective)၊ သမိုင်းဆိုင်ရာရှုထောင့် (Historical Perspective)၊ စီမံခန့်ခွဲမှုဆိုင်ရာရှုထောင့် (Managerial Perspective)နှင့် စီးပွားရေးဆိုင်ရာရှုထောင့် (Economic Perspective) တို့ကို ကြည့်ရှုဆောင်ရွက်တတ်ရမည်ဟု ထင်သည်။

ပထဝီဆိုင်ရာရှုထောင့်အဖြစ် ကြည့်ပါက ခရီးသွားလုပ်ငန်းဖော်ဆောင်မည့် ဒေသ၏ ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်အနေအထား၊ တောတောင်ရေမြေ ရှုခင်းရှုကွက်တို့ကို ထည့်သွင်းစဉ်းစားရမည်။ ထိုနည်းတူ လူမှုဗေဒဆိုင်ရာရှုထောင့်တွင် ခရီးသွားဧည့်သည်များနှင့် ကွဲပြားခြားနားနေသော ဘာသာစကား၊ ရိုးရာယဉ်ကျေးမှု၊ အပြုအမူနှင့် အမူအကျင့်များ၊ ဓလေ့ထုံးတမ်းများ၊ ရိုးရာအစားအစာများနှင့် အဝတ်အထည် အသုံးအဆောင်များသည် ဆွဲဆောင်မှုဖြစ်ပေါ်စေသဖြင့် ထည့်သွင်းစဉ်းစားရသည်။ ထို့ပြင် သမိုင်းဆိုင်ရာရှုထောင့်အနေဖြင့် ရှားပါးသော သမိုင်းအမွေအနှစ်ပစ္စည်းများ၊ အဆောက်အအုံများ၊ ဖြစ်စဉ်ဖြစ်ရပ်များသည် ခရီးသွားလုပ်ငန်းအတွက် အကျိုးသက်ရောက်မှု ရှိစေမည်ဖြစ်သည်။

အရေးကြီးဆုံး ရှုထောင့်နှစ်ခုမှာ စီမံခန့်ခွဲမှုဆိုင်ရာရှုထောင့်နှင့် စီးပွားရေးဆိုင်ရာရှုထောင့်ပင် ဖြစ်သည်။ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ စဉ်းစားရာတွင် ခရီးသွားများလည်ပတ်ရန် အစီအစဉ်များ ရေးဆွဲခြင်း၊ ဈေးနှုန်းများ အဆမတန်ကြီးမားမှု မရှိစေရန် ကွပ်ကဲထိန်းချုပ်ထားခြင်း၊ သုတေသနပြုလုပ်၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ ဈေးကွက်ချဲ့ထွင်ခြင်း၊ အရည်အသွေးမီသော ဝန်ဆောင်မှုများပေးခြင်း၊ လုံခြုံမှုနှင့် ကျန်းမာရေး အကာအကွယ်များပေးခြင်း စသည်တို့ကို ဆောင်ရွက်ရမည်။ စီးပွားရေးဆိုင်ရာရှုထောင့်တွင် နိုင်ငံခြားငွေလဲလှယ်ပေးသည့် စနစ်၊ တစ်ဦးချင်းနှင့် စုပေါင်းဝင်ငွေရရှိမှု၊ အလုပ်အကိုင် ရှာဖွေပေးနိုင်မှုနှင့် နိုင်ငံတော်အတွက် ဝင်ငွေရရှိနိုင်မှု၊ ဒေသထွက်ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်မှုစသည်တို့ကို စဉ်းစားဆောင်ရွက်ရမည်။

*စာမျက်နှာ ၂၁ သို့*



# 2019-20 EPL WEEK-30

# မော်ရင်ညိုနဲ့ ဆိုးလ်ရှား ပြန်တွေ့ဦးမယ့်အချိန်

ဝေမိုးဆက်

ပရီမီယာလိဂ်ပွဲစဉ် ၂၉ မှာတော့ မန်ယူက မထင်မှတ်တဲ့ကြားက မန်စီးတီးကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရပြီး အဆင့် ၅ နေရာကို ဆက်ထိန်းထားနိုင်တယ်။ ဒီတစ်ပတ်မှာလည်း မန်ယူအနေနဲ့ စပါးရဲ့အိမ်ကွင်းမှာ သွားရောက်ကစားရဖို့ရှိနေပါတယ်။ စပါးက လက်ရှိအချိန်မှာ ခြေစွမ်းကျဆင်းနေတော့ မန်ယူနိုင်ပွဲဆက်နိုင်မလား စောင့်ကြည့်ရမယ်။

## Vitality Stadium

### ဘုန်းမောက် - ပဲလေ့စ်

ပထမအကျော့ရလဒ် - ပဲလေ့စ် ၁-၀ ဘုန်းမောက်

အခုနောက်ပိုင်းမှာ ပဲလေ့စ်ရဲ့ခြေစွမ်းပိုင်းက ကောင်းမွန်နေတယ်။ တိုက်စစ်ပိုင်းက ထင်သလောက်ဂိုးသွင်းအားမကောင်းပေမယ့် ခံစစ်ပိုင်းကတော့ ကျစ်လျစ်မှုအပြည့်ရှိတယ်။ နောက်ဆုံး သုံးပွဲဆက် ပေးဂိုးမရှိခဲ့သလို ပွဲတိုင်းလည်း အနိုင်ရခဲ့တယ်။ ဘုန်းမောက်ကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းမဆိုးသလို အိမ်ကွင်းအားလည်းရှိနေတယ်။ ဒါပေမယ့် ဘုန်းမောက် ခံစစ်အားနည်းလို့ ပဲလေ့စ်ကိုရွေးမယ်။

## The American Express Community

### ဘရိုက်တန် - အာဆင်နယ်

ပထမအကျော့ရလဒ် - အာဆင်နယ် ၁-၂ ဘရိုက်တန်

အာဆင်နယ်က ယူရိုပါလိဂ်ကထွက်လိုက်ရတာကြောင့် ပရီမီယာလိဂ်ပွဲတွေမှာ အားစိုက်ကစားနေပါတယ်။ မန်စီးတီးရဲ့ဥရောပပြိုင်ပွဲဝင်ခွင့်ပိတ်ပင်ခံရမှုကြောင့် အဆင့် ၅ နေရာက မန်ယူနဲ့ ငါးမှတ်သာကွာတဲ့ အာဆင်နယ်အနေနဲ့လည်း ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်နိုင်သေးလို့ အားစိုက်ကစားမှာပါ။ ဘရိုက်တန်ကတော့ တိုက်စစ်ပိုင်းအားနည်းလွန်းပါတယ်။ ဒီပွဲမှာလည်း အာဆင်နယ်နိုင်ပွဲဆက်မယ်။

## Carrow Road

### နော့ဝှစ်ချ် - ဆောက်သမ်တန်

ပထမအကျော့ရလဒ် - ဆောက်သမ်တန် ၂-၁ နော့ဝှစ်ချ်

နော့ဝှစ်ချ်က အခုနောက်ပိုင်းပွဲတွေမှာ ခြေကုန်ထုတ်ကစားနေပြီး ခံစစ်ကစားပုံလည်း ကောင်းမွန်တယ်။ တိုက်စစ်ကတော့ ဂိုးသွင်းခြေနည်းပေမယ့် အိမ်ကွင်းပွဲတွေမှာ ရုန်းအားကောင်းမွန်တယ်။ ဆောက်သမ်တန်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကျဆင်းနေတယ်။ နော့ဝှစ်ချ်ကိုသာ ရွေးမယ်။

## Etihad Stadium

### မန်စီးတီး - ဘန်လေ

ပထမအကျော့ရလဒ် - ဘန်လေ ၁-၄ မန်စီးတီး

မန်စီးတီးက မန်ယူကိုအရေးနိမ့်ခဲ့လို့ နိုင်ပွဲပြန်ရှာမှာဖြစ်ပေမယ့် ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာ မန်စီးတီးအတွက်အမှတ်မလိုတော့တာ သတိပြုရမယ်။ ဒီပွဲအပြီးမှာလည်း မန်စီးတီးအနေနဲ့ ရီးရဲနဲ့ ချန်ပီယံလိဂ်ပွဲရှိတာကြောင့် ဒီပွဲမှာ အားစိုက်ကစားဖို့ဆိုတာမသေချာပါဘူး။ ဘန်လေကတော့ မန်စီးတီးကို အကောင်းဆုံးခံကစားနိုင်ဖို့အားစိုက်မှာ သေချာတယ်။ မန်စီးတီး ဂိုးပြတ်နိုင်ဖို့ခက်မယ်။

## Tottenham Hotspur Stadium

### စပါး - မန်ယူ

ပထမအကျော့ရလဒ် - မန်ယူ ၂-၁ စပါး

စပါးခြေစွမ်းပိုင်းကျဆင်းနေတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေကျဆင်းနေတယ်။ အိမ်ကွင်းဖြစ်လို့ ချန်ပီယံလိဂ်ဝင်ခွင့်ရအောင် အားစိုက်ကစားလာမှာဖြစ်ပေမယ့် မန်ယူရဲ့ခြေစွမ်းပိုင်းကလည်း ကောင်းမွန်နေပါတယ်။ မန်ယူတို့ တိုက်စစ်ပိုင်းလည်းထက်မြက်နေတာကြောင့် မန်ယူပဲ နိုင်ပွဲရမယ်။

## Villa Park

### ဗီလာ - ချယ်လ်ဆီး

ပထမအကျော့ရလဒ် - ချယ်လ်ဆီး ၂-၁ ဗီလာ

ချယ်လ်ဆီးက လက်ရှိအချိန်မှာခြေစွမ်းပိုင်း ပြန်လည်ကောင်းမွန်နေပါတယ်။ ချန်ပီယံလိဂ် ပွဲရှိပေမယ့် ချန်ပီယံလိဂ်မှာနောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ ခက်နေတာကြောင့် ပရီမီယာလိဂ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အားစိုက်လာမှာသေချာတယ်။ ဗီလာကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းတိုးတက်လာပေမယ့် ခံစစ်ပိုင်းက အားနည်းတယ်။ ချယ်လ်ဆီးနိုင်ပွဲဆက်မယ်။

## St. James' Park

### ကာဆယ် - ရှက်ဖီးလ်ယူ

ပထမအကျော့ရလဒ် - ရှက်ဖီးလ်ယူ ၀-၂ ကာဆယ်

အခုနောက်ပိုင်းမှာ ကာဆယ်ရဲ့ခြေစွမ်းက တိုးတက်လာတယ်။ နောက်ဆုံး သုံးပွဲဆက်အရှုံးမရှိခဲ့ဘူး။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်လို့ ခြေကုန်ထုတ်ကစားမှာ သေချာတယ်။ ရှက်ဖီးလ်ကလည်း ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်ချက်ရှိလို့ ခြေကုန်ထုတ်မှာ ဖြစ်ပေမယ့် တိုက်စစ်ပိုင်း အားနည်းတယ်။ သွင်းဂိုးနည်းနိုင်သလို သရေလည်း ကျနိုင်တယ်။

## Goodison Park

### အဲဗာတန် - လီဗာပူး

ပထမအကျော့ရလဒ် - လီဗာပူး ၅-၂ အဲဗာတန်

ချန်ပီယံလိဂ်ပွဲကစားခဲ့ရလို့ လီဗာပူးတို့ ပွဲပန်းလာနိုင်ပေမယ့် ချန်ပီယံဆုကိုရယူနိုင်ဖို့ နိုင်ပွဲရအောင်တော့ အားစိုက်လာမှာပါ။ ဒါဘီပွဲဖြစ်သလို လက်ရှိအချိန်မှာ အဲဗာတန်ရဲ့ခြေစွမ်းကလည်း မဆိုးဘူး။ ချယ်လ်ဆီးကိုဂိုးပြတ်အရေးနိမ့်ခဲ့ရပေမယ့် အိမ်ကွင်းကစားအားကောင်းမွန်တတ်တယ်။ ဒါကြောင့်လည်း လီဗာပူးတို့ ကပ်ပြီးသာ နိုင်ခြေရှိတယ်။

## Vicarage Road

### ဝက်ဖို့ဒ် - လက်စတာ

ပထမအကျော့ရလဒ် - လက်စတာ ၂-၀ ဝက်ဖို့ဒ်

နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ လက်စတာတို့ ဗီလာကို ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့လို့နိုင်ပွဲပျောက်ဆုံးမှုတွေကို ရပ်တန့်နိုင်ခဲ့ပေမယ့် အခုပွဲက အဝေးကွင်း ဖြစ်နေပါတယ်။ ဝက်ဖို့ဒ်က ခြေစွမ်းမတည်ငြိမ်ဘူးဆိုပေမယ့် တန်းဆင်းဇုန် ဖိအားကြောင့် အိမ်ကွင်းပွဲတွေမှာအားစိုက်ကစားလေ့ရှိသလို နောက်ဆုံးအိမ်ကွင်း ငါးပွဲမှာ တစ်ပွဲသာ ရှုံးခဲ့ပါတယ်။ ဒီပွဲမှာလည်း လက်စတာရုန်းကန်ရနိုင်ကာ ဝက်ဖို့ဒ်ကို ရွေးမယ်။

## London Stadium


### ဝက်စ်ဟမ်း - ဝုဖ်

ပထမအကျော့ရလဒ် - ဝုဖ် ၂-၀ ဝက်စ်ဟမ်း

ဝက်စ်ဟမ်းက အာဆင်နယ်ကို အရေးနိမ့်ခဲ့ရပေမယ့်လည်း ခြေစွမ်းပိုင်းကတော့မဆိုးပါဘူး။ အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်တတ်တယ်။ ဝုဖ်ကလည်း ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်နိုင်တာကြောင့် ခြေကုန်ထုတ်ကစားနေပါတယ်။ ဝုဖ်တို့ ယူရိုပါလိဂ်ပွဲရှိတာကိုတော့ သတိပြုရမယ်။ ဝက်စ်ဟမ်းကိုနှစ်သက်တယ်။

# ဝီလီယံဘယ်သွားမလဲ

အောင်က



ဝီလီယံ ချယ်လ်ဆီးအသင်းကိုစတင်ရောက်ရှိခဲ့စဉ်ကတည်းက ပရိသတ်တွေကြားမှာ နှစ်သက်သူရော မနှစ်သက်သူပါရှိနေခဲ့တယ်။ ချယ်လ်ဆီးအသင်းနဲ့အတူ ၃၂၉ ပွဲကစားပြီး ၅၉ ဂိုးသွင်းယူပေးပြီး ဂိုးရရှိဖို့ ၅၁ ကြိမ် ပံ့ပိုးထားနိုင်မှုဟာ ဒီဘက်ခေတ်ဘောလုံးလောကမှာတော့ တိုက်စစ်ကစားသမားကောင်းတစ်ဦးအတွက်လုံလောက်တဲ့ အရည်အချင်းမဟုတ်ဘူးလို့လည်းဆိုကြပါတယ်။

ဝီလီယံအနေနဲ့ ချယ်လ်ဆီးအသင်းနဲ့အတူ ကစားခဲ့တဲ့ရာသီတွေကိုကြည့်မယ်ဆိုရင်လည်း ၂၀၁၇-၁၈ တစ်ရာသီသာ ပြိုင်ပွဲစုံမှာ အများဆုံး ၁၃ ဂိုးအထိ သွင်းယူထားနိုင်ခဲ့တယ်။ ဒါဟာ သူ့ရဲ့ကစားသမားဘဝတစ်လျှောက် တစ်ရာသီအတွင်း အများဆုံးသွင်းယူထားနိုင်တဲ့ သွင်းဂိုးလည်းဖြစ်တယ်။ အခုတော့ ဝီလီယံဟာ ချယ်လ်ဆီးအသင်းကို ကျောခိုင်းဖို့ကနီးကပ်လာခဲ့ပြီ။ ချယ်လ်ဆီးအသင်းက သူ့ကို နှစ်နှစ်စာချုပ် သက်တမ်းတိုးမြှင့်ဖို့ ကမ်းလှမ်းတယ်။ သူက သုံးနှစ်စာချုပ်ချုပ်ဆိုဖို့ဆန္ဒရှိတယ်။ ဒါကြောင့် သူနဲ့ ချယ်လ်ဆီးအသင်းရဲ့ လမ်းခွဲမှုက ဒီနှစ်ရာသီမှာ သေချာသလောက်ကို နီးစပ်နေခဲ့ပြီ။ သူ့အနေနဲ့အသင်းကနေ အလွတ်နဲ့ထွက်ခွာမှာဖြစ်တာကြောင့် အသင်းတော်တော်များများကတော့ စိတ်ဝင်စားနေကြတယ်။ ဘယ်အသင်းကို သူပြောင်းမလဲ။

### ဘာစီလိုနာ

ပြီးခဲ့တဲ့နှစ်အနည်းငယ်ကတည်းက ဝီလီယံကိုခေါ်ယူဖို့ ဘာစီလိုနာအသင်းက စိတ်ဝင်စားနေခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်နွေရာသီဈေးကွက်တုန်းကဆိုရင်လည်း ဘာစီလိုနာဟာ ဝီလီယံကို ပေါင်သန်း ၅၀ နဲ့ ခေါ်ယူဖို့ ကမ်းလှမ်းခဲ့ပါသေးတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းက လက်မခံဘဲ ငြင်းဆိုခဲ့တာကြောင့် ပရိသတ်တွေတောင် အံ့အားသင့်ခဲ့ကြပါတယ်။

အဲဒီအချိန်တုန်းကဆိုရင် ဝီလီယံ ကိုယ်တိုင်ကတောင် မိသားစုတွေကို ချယ်လ်ဆီးအသင်းကနေထွက်ခွာဖို့ရှိနေပြီလို့တောင် ပြောဆိုထားပြီးဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီတုန်းကခေါ်ယူဖို့ ကြိုးစားခဲ့တာက ဘာစီလိုနာအသင်းအနေနဲ့ ၂၀၁၇ ခုနှစ်ကအသင်းကနေ ထွက်ခွာသွားတဲ့နေမာရဲ့ကွက်လပ်ကို ဖြည့်ဖို့အတွက် ခေါ်ယူဖို့ ကြိုးစားခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် လာမယ့်နွေရာသီမှာတော့ ဘာစီလိုနာအသင်းအနေနဲ့ အလွတ်ပြောင်းရွှေ့ကြေးနဲ့ဝီလီယံကို ထပ်မံခေါ်ယူဖို့ရှိနေပါသေးတယ်။ ဝီလီယံကို ပုံမှန်ပွဲထွက်ကစားသမားအဖြစ် အသုံးမပြုဘူးဆိုရင် ဘာစီလိုနာရဲ့ လူငယ်ကစားသမားတွေပြီးရင် ဒုတိယ ဦးစားပေးကစားသမားအဖြစ်ထားသုံးသွားနိုင်တဲ့ကစားသမားမျိုးဖြစ်ပါတယ်။ ဒါကြောင့်လည်း ဝီလီယံရဲ့ ဦးတည်ရာဟာ ဘာစီလိုနာအသင်းကိုလည်း ဖြစ်လာနိုင်ပါတယ်။

### အာဆင်နယ်

ဝီလီယံအနေနဲ့ လန်ဒန်မှာနေ ထိုင်ရတာကို နှစ်သက်မှုရှိသလို မိသားစုကလည်း လန်ဒန်မှာနေရတဲ့ဘဝဟာ အသားကျနေပြီလို့ဆိုထားခဲ့ပါတယ်။ ဒါကြောင့် သူ့အနေနဲ့ ချယ်လ်ဆီးအသင်းမှာသာ ဆက်လက်ရှိမတော့ဘူးဆိုရင် လန်ဒန်ကနေ စွန့်ခွာဖို့ဖြစ်လာနိုင်တယ်။ ဒါပေမယ့် လက်ရှိအချိန်မှာက ဝီလီယံကိုခေါ်ယူဖို့ လန်ဒန်ကလပ်ဖြစ်တဲ့ အာဆင်နယ်အသင်းက စိတ်ဝင်စားပြီး ကမ်းလှမ်းနေတယ်။ ဒါကြောင့် ဝီလီယံအနေနဲ့ လန်ဒန်မှာသာဆက်နေဖို့ဆိုရင် အာဆင်နယ်အသင်းက အဓိကစဉ်းစားရမယ့်နေရာဖြစ်လာလိမ့်မယ်။ အာဆင်နယ်အသင်းအနေနဲ့ကလည်း လာမယ့်ရာသီမှာသာ ချန်ပီယံလိဂ်ဝင်ခွင့်မရဘူးဆိုရင် အူဘာမီယန်နဲ့ ပီပီတို့ကိုအသင်းမှာဆက်ထိန်းထားဖို့က ခက်တယ်။

ဒါကြောင့် အာဆင်နယ်အသင်းအနေနဲ့တိုက်စစ်ပိုင်းအတွက် ကြိုပြီး စဉ်းစားထားတဲ့အနေနဲ့ ဝီလီယံကိုခေါ် ယူဖို့ စိတ်ဝင်စားနေတာဖြစ်တယ်။ ဝီလီယံကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူနိုင်တာဖြစ်တာကြောင့်လည်း အာဆင်နယ်အသင်းကစိတ်စားနေတာ ဖြစ်တယ်။ ဒါကြောင့်လည်း ဝီလီယံဟာ ပီတာဆက်ချ်တုန်းကလိုပဲ လန်ဒန်မှာသာ ဆက်နေဦးမယ်ဆိုရင် အာဆင်နယ်ဟာ သူ့ရဲ့ဦးတည်ရာဖြစ်လာနိုင်တယ်။

### စပါး

လန်ဒန်မှာအသားကျနေခဲ့တဲ့ ဝီလီယံအနေနဲ့ အာဆင်နယ်အသင်းကို ပြောင်းရွှေ့ဖို့ မရွေးချယ်ဘူးဆိုရင် နောက်တစ်သင်းရှိနေပါသေးတယ်။ အဲဒါကတော့ စပါးအသင်းဖြစ်ပါတယ်။ ဝီလီယံဟာ ချယ်လ်ဆီးအသင်းကို မပြောင်းရွှေ့ခင်က စပါးအသင်းကို ပြောင်းရွှေ့ဖို့ နီးစပ်ခဲ့ပါသေးတယ်။ ဒါပေမယ့် အီဘရာဟီမိုဗစ်က အရခေါ်ယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

အခုတော့ စပါးအသင်းအနေနဲ့ ဝီလီယံကိုခေါ်ယူဖို့ ထပ်မံအခွင့်အရေး ရရှိနေပြီဖြစ်ပါတယ်။ စပါးအသင်းရဲ့ ကစားသမားအင်အားကလည်း ဒီနှစ်ပိုင်းအတွင်း ကျဆင်းမှုရှိနေတာကြောင့် နွေရာသီမှာအသင်းရဲ့အင်အားကို အကောင်းဆုံးဖြည့်တင်းဖို့ လုပ်ဆောင်ရတော့မယ်။ ဒါကြောင့် ဝီလီယံလို ဝါရင့်ကစားသမားမျိုးက စပါးအသင်းအတွက် လိုအပ်တယ်လို့ ပြောရမယ်။ ဒါ့အပြင် စပါးအသင်း မန်နေဂျာ မော်ရင်ညိုကလည်း ဝီလီယံရဲ့ဆရာ အရင်းဖြစ်တာကြောင့် ဝီလီယံရဲ့ အခြေအနေကိုကောင်းကောင်းသိသလို ဘယ်လိုကိုင်တွယ်ရမလဲဆိုတာကိုလည်းသိတယ်။ ဒါကြောင့် လန်ဒန်ကို နှစ်သက်တဲ့ ဝီလီယံအတွက် လာမယ့်ရာသီမှာတော့ စပါးအသင်းမှာလည်း တွေ့ရဖို့ ရှိနိုင်ပါတယ်။ ။

# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(၂) လူမွဲခံယူသည့်အဖွဲ့အစည်းက တစ်စုံတစ်ဦးနှင့် လုပ်ငန်းကိစ္စရပ်တစ်ရပ်ကို ဆောင်ရွက်ရာတွင် ငွေကြေး သို့မဟုတ် ငွေကြေးကဲ့သို့ တန်ဖိုးရှိသောအရာကို ကာလတန်ကြေးထက် သိသာစွာလျော့နည်းသော အဖိုးစားနားတစ်ရပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်း။

(ခ) ပုဒ်မခွဲ (ဂ) ပါပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ အောက်ပါအခြေအနေတစ်ရပ်ရပ်ရှိကြောင်း ပေါ်ပေါက်လျှင် တရားရုံးသည် အဆိုပါဆောင်ရွက်ချက်ကို ပြုလုပ်ခဲ့ခြင်းမရှိဘိသကဲ့သို့ မှတ်ယူ၍ ထိုဆောင်ရွက်ချက်မပြုမီက ရှိနေခဲ့သည့် မူလအခြေအနေအတိုင်း ပြန်လည်ထားရှိစေရန် အမိန့်ချမှတ်ရမည်-

(၁) လူမွဲခံယူသည့် အဖွဲ့အစည်းသည် ပုဒ်မခွဲ (က) ပါ လုပ်ငန်းကိစ္စရပ်တစ်ရပ်ကို ဆောင်ရွက်စဉ်က ကြွေးမြီများ ပြန်လည်ပေးဆပ်ခြင်းမပြုနိုင်သည့် အနေအထားရှိနေကြောင်း သို့မဟုတ် အဆိုပါ ဆောင်ရွက်ချက်တစ်ရပ်ရပ်ကို ပြုလုပ်ခဲ့သည့် အကျိုးဆက်ကြောင့် ကြွေးမြီများ ပြန်လည်ပေးဆပ်ခြင်းမပြုနိုင်သည့် အနေအထား ရောက်ရှိခဲ့ကြောင်း ရာထူးလက်ရှိဖြစ်သူက ယုံကြည်ခြင်း၊

(၂) ထိုလုပ်ငန်းကိစ္စရပ် တစ်ရပ်ရပ်မှာ စတင်အကျိုးသက်ရောက်သည့်နေ့မတိုင်မီ ၂ လထက် မပိုသောကာလအတွင်း ဆောင်ရွက်ခဲ့ကြောင်းနှင့် ထိုလုပ်ငန်းကိစ္စရပ်ကို လုပ်ဆောင်ခဲ့သူသည် လူမွဲခံယူသည့် အဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူနှင့် ပတ်သက်သည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း ပေါ်ပေါက်ခြင်း။

(ဂ) တရားရုံးသည်အောက်ပါအချက်တစ်ရပ်ရပ်အရ တန်ဖိုးလျော့၍ ဆောင်ရွက်ထားသည့် လုပ်ငန်းကိစ္စရပ်တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းဖြစ်သည်ဟု ယုံကြည်လျှင် ဤပုဒ်မအရ အမိန့်ချမှတ်ခြင်း မပြုရ -

(၁) လူမွဲခံသည့်အဖွဲ့အစည်းသည် လုပ်ငန်းကိစ္စရပ်များအား သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါလုပ်ငန်းကိစ္စကို ဆောင်ရွက်ခဲ့သည့်အချိန်က ယင်းအဖွဲ့အစည်းအတွက် အကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ရန် လုံလောက်သောအကြောင်းများ ရှိနေခြင်း၊

(၂) ထိုလူမွဲခံသည့်အဖွဲ့အစည်းသည် အပိုင်း ၆ လုပ်ငန်း၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်နေပြီး အဆိုပါလုပ်ငန်းကိစ္စကို ဆောင်ရွက်ခြင်းကြောင့် အကျိုးအမြတ်ရမည့်သူသည် ယင်းအဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူနှင့် ဆက်နွှယ်သည့် ပုဂ္ဂိုလ်မဟုတ်ကြောင်း ပေါ်ပေါက်ခြင်း။

(ဃ) ဤပုဒ်မအရ ဆက်စပ်သည့်အချိန်ဆိုသည့် စကားရပ်တွင် အောက်ပါတို့ပါဝင်သည်-

(၁) ပုဒ်မခွဲငယ်(၂) သို့မဟုတ် ပုဒ်မခွဲငယ် (၃) နှင့် မသက်ဆိုင်လျှင် စတင်အကျိုးသက်ရောက်သည့်နေ့ မတိုင်မီ နှစ်နှစ်၊

(၂) ပုဒ်မခွဲငယ် (၃) နှင့် မသက်ဆိုင်လျှင် အဆိုပါလုပ်ငန်းကိစ္စကြောင့် အကျိုးအမြတ်ရသူသည် ယင်းအဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူနှင့် ပတ်သက်သည့်ပုဂ္ဂိုလ်ဖြစ်သည့် ကိစ္စ၌ စတင်အကျိုးသက်ရောက်သည့် နေ့မတိုင်မီ လေးနှစ်၊

(၃) သက်ဆိုင်ရာ ကြွေးမြီတောင်းဆိုချက်များနှင့် စပ်လျဉ်း၍ မြီရှင်များအား ကြွေးမြီရရှိမှု အခွင့်အရေးပျက်ပြားစေရန်၊ ဟန့်တားရန် သို့မဟုတ် နှောင့်နှေးစေရန် ရည်ရွယ်၍ အဆိုပါလုပ်ငန်းကိစ္စရပ်ကို ဆောင်ရွက်ခဲ့ကြောင်း ရာထူးလက်ရှိဖြစ်သူက သက်သေထင်ရှားပြသသည့်ကိစ္စ၌ စတင်အကျိုးသက်ရောက်သည့်နေ့မတိုင်မီ ငါးနှစ်။

## ယခင်ဆောင်ရွက်ချက်ကို ပယ်ဖျက်ခြင်း

၃၆၁။ (က) မြီရှင်တစ်ဦးထံသို့ပေးရန်တင်ရှိနေသည့် အာမခံအကျိုးခံစားခွင့်မရှိသော ကြွေးမြီတစ်ရပ်နှင့် စပ်လျဉ်း၍ လူမွဲခံသည့်အဖွဲ့အစည်းက ဆက်စပ်သည့်အချိန်၌ မြီရှင်တစ်ဦးနှင့် လုပ်ငန်းကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ခဲ့ပြီး အကယ်၍ ထိုမြီရှင်က ၎င်း၏ကြွေးမြီအတွက် သက်သေထင်ရှားပြသ၍ ထိုလုပ်ငန်းကိစ္စတစ်ရပ်ရပ်ကို ပယ်ဖျက်ခဲ့ပါက မြီရှင်သည် ကြွေးမြီပမာဏ ပိုမိုရရှိမည်ဆိုလျှင် ရာထူးလက်ရှိဖြစ်သူသည် ဤပုဒ်မအရ ထိုလုပ်ငန်းကိစ္စဆောင်ရွက်ချက်ကို ပယ်ဖျက်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ (ဃ)နှင့် မဆန့်ကျင်စေဘဲ တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်ရှိကြောင်း ယုံကြည်လျှင် ထိုဆောင်ရွက်ချက်ကို ပြုလုပ်ခဲ့ခြင်းမရှိဘိသကဲ့သို့ မှတ်ယူ၍ ထိုဆောင်ရွက်ချက်မပြုမီက ရှိနေခဲ့သည့် မူလအခြေအနေအတိုင်း ပြန်လည်ထားရှိစေရန် အမိန့်တစ်ရပ်ချမှတ်ရမည်-

(၁) လူမွဲခံယူသည့်အဖွဲ့အစည်းသည် ထိုဆောင်ရွက်ချက်တစ်ရပ်ကို ပြုစဉ်အချိန်က ကြွေးမြီများ ပြန်လည်ပေးဆပ်ခြင်းမပြုနိုင်သည့် အနေအထားရှိနေကြောင်း သို့မဟုတ် ထိုဆောင်ရွက်ချက်တစ်ရပ်ရပ်ကို ပြုလုပ်ခဲ့သည့် အကျိုးဆက်ကြောင့် ကြွေးမြီများ ပြန်လည်ပေးဆပ်ခြင်းမပြုနိုင်သည့် အနေအထားရောက်ရှိခဲ့သည်ဟု ယုံကြည်ခြင်း၊

(၂) ထိုလုပ်ငန်းကိစ္စ ဆောင်ရွက်ချက်မှာ ဆက်စပ်သည့် နေ့မတိုင်မီ နှစ်လထက်မပိုသောကာလတွင် ဖြစ်ပွားခဲ့ကြောင်း၊ ထိုဦးစားပေးချေမှု အကျိုးအမြတ်ရရှိသူသည် ယင်းလူမွဲခံယူသည့် အဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူဖြစ်ကြောင်း ပေါ်ပေါက်ခြင်း။

(ဂ) တရားရုံးအမိန့်နှင့်အညီ ဆောင်ရွက်ခဲ့သော ဆောင်ရွက်ချက်တစ်စုံတစ်ရာသည် ယင်းအရ ရွေးချယ်ရန် အခွင့်အရေးပေးခြင်းမှ ဖြစ်ပေါ်လာသည့် ခွင့်ပြုဆောင်ရွက်ချက်အား ပိတ်ပင်ခြင်း မရှိစေရ။

(ဃ) တရားရုံးသည် ယခင်ဆောင်ရွက်ချက်ကို ပယ်ဖျက်ရာတွင် အောက်ပါအခြေအနေ တစ်ရပ်ရပ်ကြောင့်ဖြစ်သည်ဟု ယုံကြည်ပါက ဤပုဒ်မအရ အမိန့်ချမှတ်ခြင်း မပြုရ-

(၁) အကျိုးအမြတ်ရရှိသူသည် သဘောရိုးဖြင့် ဆောင်ရွက်ခဲ့ပြီး ယင်းအချိန်က-

(ကက) လူမွဲခံယူသည့် အဖွဲ့အစည်းသည် ကြွေးမြီပေးဆပ်နိုင်ခြင်းမရှိကြောင်းကို သံသယဖြစ်စေရန်အတွက် ထိုသူတွင် ဆီလျော်သော အကြောင်းအချက်များ မရှိခြင်း၊

(ခခ) သာမန်ဆင်ခြင်တတ်သူတစ်ဦးကလည်း ယင်းကဲ့သို့ အခြေအနေတွင် သံသယဖြစ်စေရန်အကြောင်း မရှိဟု ထင်မြင်ယူဆနိုင်ခြင်း။

(၂) လူမွဲခံယူသည့်အဖွဲ့အစည်းသည် အပိုင်း (၆) ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး ယခင်ဆောင်ရွက်ချက်ကို ပယ်ဖျက်ခြင်းကြောင့် အကျိုးအမြတ်ရရှိသူသည် ထိုလူမွဲခံယူသည့် အဖွဲ့အစည်းနှင့် ဆက်နွှယ်နေသော တွဲဖက်လုပ်ကိုင်သူ မဖြစ်စေရ။

(င) ဤပုဒ်မအရ ဆက်စပ်သည့်အချိန်ဆိုသည့် စကားရပ်တွင် အောက်ပါတို့ပါဝင်သည်-

(၁) ပုဒ်မခွဲငယ် (၂) နှင့် မသက်ဆိုင်လျှင် စတင်အကျိုးသက်ရောက်သည့် နေ့မတိုင်မီ ခြောက်လ၊

(၂) အဆိုပါလုပ်ငန်းကိစ္စကြောင့် အကျိုးအမြတ်ရသူသည် ယင်းအဖွဲ့အစည်း၏ တွဲဖက်လုပ်ကိုင်သူနှင့် ပတ်သက်သည့် ပုဂ္ဂိုလ်ဖြစ်သည့်ကိစ္စ၌ စတင်အကျိုးသက်ရောက်သည့်နေ့မတိုင်မီ လေးနှစ်။

## ပုဒ်မ ၃၆၀ သို့မဟုတ် ၃၆၁ အရ ချမှတ်သည့်အမိန့်များ

၃၆၂။ ပုဒ်မ ၃၆၀ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၆၁ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ လူမွဲခံယူသည့်အဖွဲ့အစည်းတစ်ရပ်က ပုဒ်မ ၃၆၀ သို့မဟုတ် ပုဒ်မ ၃၆၁ အရ ဆောင်ရွက်ချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တရားရုံးက အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) အဆိုပါဆောင်ရွက်ချက် သို့မဟုတ် ထိုဆောင်ရွက်ချက်၏ တစ်စိတ်တစ်ဒေသနှင့်စပ်လျဉ်း၍ ကုမ္ပဏီ သို့မဟုတ် တစ်သီးပုဂ္ဂလလူမွဲဖြစ်သူ၏ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လွှဲပြောင်းပေးအပ်စေသည့်အမိန့်၊

(ခ) တစ်ဦးတစ်ယောက်၏ လက်ဝယ်၌ရှိသည့် ထိုသို့လွှဲပြောင်းပေးထားသော ပစ္စည်းအား ရောင်းရငွေကို လွှဲပြောင်းထားကြောင်း သို့မဟုတ် ငွေကြေးလွှဲပြောင်းထားကြောင်း လျှောက်ထားတင်ပြလာသည့် မည်သည့်ပစ္စည်းကိုမဆို လွှဲပြောင်းပေးအပ်စေသည့် အမိန့်၊

(ဂ) ထိုလူမွဲခံယူသည့် အဖွဲ့အစည်းက ပေးအပ်ထားသော အာမခံအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ စွန့်လွှတ်ရန် သို့မဟုတ် ကင်းလွတ်ခွင့်ပြုရန် အမိန့်၊

(ဃ) တစ်ဦးတစ်ယောက်က ထိုလူမွဲခံယူသည့် အဖွဲ့အစည်းထံမှ အကျိုးအမြတ်အဖြစ် လက်ခံရရှိထားသော ငွေကြေးတစ်စုံတစ်ရာအား ရာထူးလက်ရှိဖြစ်သူထံသို့ တရားရုံးက သတ်မှတ်ပေးသည့် နည်းလမ်းအတိုင်း ပြန်လည်ပေးအပ်စေသည့် အမိန့်၊

(င) အဆိုပါဆောင်ရွက်ချက်အရ လူတစ်ဦးတစ်ယောက်နှင့်ပတ်သက်၍ အာမခံခဲ့သော တာဝန်များအနက်မှ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကင်းလွတ်ခွင့်ရရှိခဲ့သော အာမခံသူတစ်ဦးဦး အပေါ်တွင် တာဝန်အသစ်တစ်ရပ်ပေးအပ်ရန် သို့မဟုတ် ပြင်ဆင်တာဝန်ပေးအပ်စေရန် တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း ချမှတ်သည့် အမိန့်၊

(စ) ထိုအမိန့်အရ ပေါ်ပေါက်လာသော တာဝန်တစ်ရပ်ရပ်ကို ကင်းလွတ်ခွင့်ပြုရန်၊ ထို့ပြင် အာမခံ သို့မဟုတ် ပစ္စည်းအပေါ်တွင် တင်ရှိမည့် ထိုတာဝန်ကို အဆိုပါဆောင်ရွက်ချက်အရ ကင်းလွတ်ခွင့်ပြုခဲ့သည့် အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကဲ့သို့ ဦးစားပေးတူညီစွာ သတ်မှတ်ပေးစေသည့် အမိန့်၊

(ဆ) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် လူမွဲခံယူခြင်းတွင် လုပ်ငန်းကိစ္စရပ်ကြောင့်ဖြစ်သော ကြွေးမြီများနှင့် အခြားသောတာဝန်များရှိကြောင်း၊ ယင်းတို့အနက် အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ကင်းလွတ်ခွင့်ပြုခဲ့ကြောင်းကို သက်သေပြနိုင်သည့် အတိုင်းအတာအထိ အောက်ပါပုဂ္ဂိုလ် တစ်ဦးဦးနှင့် ပတ်သက်၍ ချမှတ်သည့်အမိန့်-

(၁) အမိန့်အရ ၎င်း၏ပစ္စည်းအား ကုမ္ပဏီတွင်အပ်နှံထားသူ၊

(၂) အမိန့်အရ ၎င်း၏ပစ္စည်းအား ပုဂ္ဂလိက လူမွဲခံယူသူ၏ ယုံမှတ်အပ်နှံခြင်း ခံရသူထံ အပ်နှံထားသူ၊

(၃) အမိန့်အရ ၎င်းအပေါ် လုပ်ငန်းတာဝန်များ သတ်မှတ်ပေးအပ်ခြင်းခံရသူ။

## မတန်တဆနှုန်းဖြင့် ကြွေးမြီထုတ်ချေးခြင်း

၃၆၃။ (က) လူမွဲခံယူသည့်အဖွဲ့အစည်းကိုယ်တိုင် ကြွေးမြီထုတ်ပေးသည့် ကိစ္စရပ်တစ်ရပ်ရပ်တွင် ပါဝင်သူတစ်ဦးဖြစ်လျှင် ဤပုဒ်မနှင့် သက်ဆိုင်စေရမည်။

(ခ) ကြွေးမြီထုတ်ချေးရာတွင် မတန်တဆဖြစ်သည့် နှုန်းဖြစ်ပြီး သို့မဟုတ် ဖြစ်ခဲ့ပြီး ယင်းမှာ စတင်အကျိုးသက်ရောက်သည့် နေ့မတိုင်မီ သုံးနှစ်ကာလအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်လျှင် ရာထူးလက်ရှိဖြစ်သူ၏ လျှောက်ထားချက်အရ အဆိုပါ ကြွေးမြီထုတ်ချေးခြင်းနှင့် ပတ်သက်၍ တရားရုံးသည် သင့်သည် ထင်မြင်သည့် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

(ဂ) ဤပုဒ်မအလို့ငှာ ကြွေးမြီများကို ထုတ်ပေးသူက လက်ခံထားခဲ့သော ဈေးကွက်ပေါက်ဈေး အရ ကြွေးမြီထုတ်ချေးရာတွင် ဆန့်ကျင်သက်သေမပြနိုင်ပါက အောက်ပါအခြေအနေများသည် မတန်တဆဖြစ်စေသော ဆောင်ရွက်ချက်ဟု မှတ်ယူရမည်-

(၁) ကြွေးမြီထုတ်ပေးရာတွင် စည်းကမ်းချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မတန်တဆ ငွေထုတ်ပေးမှုဖြစ်ခြင်း သို့မဟုတ် ဖြစ်ခဲ့ခြင်း၊

(၂) ကြွေးမြီထုတ်ချေးခြင်းသည် မျှတသော ရောင်းဝယ်ဖောက်ကားမှု၏ အခြေခံမူသဘောတရားများကို အခြားတစ်နည်းနည်းဖြင့် အလွန်အမင်း ဆန့်ကျင်ဖောက်ဖျက်ရာ ရောက်ခြင်း။

(ဃ) ဤပုဒ်မနှင့်အညီ ချမှတ်သောအမိန့်အရ ပုဂ္ဂလိကလူမွဲခံသူ၏ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ငွေပေးချေခဲ့လျှင် ထိုငွေကြေးသည် ထိုပုဂ္ဂလိက လူမွဲခံသူပိုင်ပစ္စည်းဖြစ်သည်ဟု မှတ်ယူရမည်။

(င) အထက်ပါ ကြွေးမြီထုတ်ချေးခြင်းနှင့် စပ်လျဉ်း၍ ဤပုဒ်မအရ ချမှတ်သောအမိန့်တစ်ရပ်တွင် အောက်ပါဖော်ပြချက် တစ်ရပ်ရပ် ပါဝင်စေရမည်-

(၁) ထိုကြွေးမြီထုတ်ချေးခြင်းအရ ဖြစ်ပေါ်လာသောတာဝန်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်သည့် ဖော်ပြချက်၊

(၂) ထိုကြွေးမြီထုတ်ချေးခြင်းအလို့ငှာ ကိုင်ဆောင်ထားသည့် အာမခံတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ သို့မဟုတ် စည်းကမ်းချက်များအားလုံးကို အခြားတစ်နည်းနည်းဖြင့် ပြောင်းလဲပြင်ဆင်သည့် ဖော်ပြချက်၊

(၃) ထိုကြွေးမြီထုတ်ချေးခြင်းတွင် ပါဝင်သည့် သို့မဟုတ် ပါဝင်ခဲ့သည့် တစ်ဦးတစ်ယောက်က လူမွဲခံယူသည့် အဖွဲ့အစည်းထံမှ ရယူထားခဲ့သော ငွေပမာဏတစ်ရပ်ရပ်ကို ရာထူးလက်ရှိဖြစ်သူအား ပေးအပ်စေသည့် ဖော်ပြချက်၊

(၄) ထိုကြွေးမြီထုတ်ချေးခြင်းအလို့ငှာ အာမခံအဖြစ်တစ်စုံတစ်ဦးက ကိုင်ဆောင်ထားသော ပစ္စည်းတစ်ရပ်ရပ်ကို ထိုသူက ရာထူးလက်ရှိဖြစ်သူထံသို့ လွှဲပြောင်းပေးအပ်စေသည့် ဖော်ပြချက်၊

(၅) ထိုကြွေးမြီထုတ်ချေးခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်သည့် ပုဂ္ဂိုလ်များအကြား စာရင်းရှင်းလင်းတင်ပြရန် ညွှန်ကြားသည့်ဖော်ပြချက်။

## ကုမ္ပဏီ၏ အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တချို့ကို ရှောင်ရှားခြင်း

၃၆၄။ (က) ဤဥပဒေအရ သတ်မှတ်ဖော်ပြထားသော ဆက်စပ်သည့်အချိန်တွင် ဖြစ်ပေါ်လာသော ကုမ္ပဏီ၏ လုပ်ငန်းတာဝန် သို့မဟုတ် ပစ္စည်းတစ်ရပ်အပေါ်ရှိ အပြောင်းအလဲရှိသော ကြွေးမြီတာဝန်သည် အောက်ပါအတိုင်းအတာအထိမှတစ်ပါး တရားမဝင် ပျက်ပြယ်စေရမည်-

(၁) ထိုကြွေးမြီတာဝန်ကို ဖြစ်ပေါ်စေသည့်အချိန်တွင်ဖြစ်စေ၊ နောက်ပိုင်းအချိန်များတွင်ဖြစ်စေ ကုမ္ပဏီသို့ ပေးချေခဲ့သည့် ငွေကြေးများ သို့မဟုတ် တင်သွင်းထားခဲ့သော ကုန်စည်များ သို့မဟုတ် ဝန်ဆောင်မှုများကြောင့် ဖြစ်ပေါ်စေသည့် ကြွေးမြီတန်ဖိုး၊

(၂) ကုမ္ပဏီ၏ ကြွေးမြီတာဝန်နှင့် ကြွေးမြီတစ်ရပ်ရပ်ကို ဖြစ်ပေါ်စေသည့် အချိန်တွင်ဖြစ်စေ၊ နောက်ပိုင်းအချိန်များတွင်ဖြစ်စေ ထိုကြွေးမြီများကို ပေးချေခြင်း သို့မဟုတ် လျှော့ပေါ့ပေးခြင်းကြောင့် ဖြစ်ပေါ်လာသည့် ကြွေးမြီတန်ဖိုး၊

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) အတွင်းကျရောက်သော ငွေပမာဏတစ်ရပ်နှင့် စပ်လျဉ်း၍ ပေးချေရမည့် အတိုးငွေပမာဏ။

(ခ) ကုမ္ပဏီ၏အပြောင်းအလဲရှိသော ကြွေးမြီ တာဝန်ပေါ်ပေါက်သည့်အချိန်သည် အောက်ပါအခြေအနေတစ်ရပ်တွင် ဤပုဒ်မအလို့ငှာ ဆက်စပ်သည့်အချိန်ဖြစ်သည်ဟု မှတ်ယူရမည်-

(၁) ကုမ္ပဏီနှင့်ဆက်စပ်သည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျိုးစီးပွားအလို့ငှာ ပြုလုပ်ထားသော ကြွေးမြီတာဝန်ဖြစ်သည့်ကိစ္စတွင် စတင်အကျိုးသက်ရောက်သည့်နေ့မတိုင်မီ လေးနှစ်အတွင်း၊

(၂) အခြားတစ်စုံတစ်ဦး၏ အကျိုးစီးပွားအလို့ငှာ ပြုလုပ်ထားသော ကြွေးမြီတာဝန်ဖြစ်သည့်ကိစ္စတွင် စတင်အကျိုးသက်ရောက်သည့်နေ့မတိုင်မီ ခြောက်လအတွင်း။

*(ဆက်လက်ဖော်ပြပါမည်)*

❄ *ကျောဖုံးမှ*

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လုံခြုံချောမွေ့ မြန်ဆန်စေရန်နှင့် သက်သောင့်သက်သာဖြင့် ခရီးသွားဝန်ဆောင်မှုပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရထားစီးနင်းမှုများသော မြစ်ကြီးနားလမ်းပိုင်းတွင် စာပို့၊ အမြန်နှင့် အထူးအမြန်ရထားတွဲဆိုင်း ရှစ်ဆိုင်းဖြင့် ပြေးဆွဲလျက်ရှိပြီး အထူးအမြန်ရထားတွင် တရုတ်နိုင်ငံမှ လေအိတ်ရထားတွဲဖြင့် ပြေးဆွဲလျက်ရှိ၍ ပိုမိုကောင်းမွန်သော ကိုရီးယားနိုင်ငံမှ လေအိတ်တွဲဆိုင်း ၂၀ ဖြင့် ထပ်မံဖြည့်တင်းပြေးဆွဲခြင်းဖြစ်သည်။ မန္တလေးမှ မြစ်ကြီးနားသို့ ၃၃၇ မိုင်ရှည်လျားပြီး လက်ရှိတွင်အစုန်၊ အဆန်ရှစ်ဆိုင်းဖြင့် ပြေးဆွဲလျက်ရှိရာ ကိုရီးယားနိုင်ငံမှ လေအိတ်တွဲဆိုင်းများ အားဖြည့်၍ မန္တလေး-မြစ်ကြီးနားသို့ ရထား ၁၀ ဆိုင်းဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**သစ္စာ**

✻ *ကျောဖုံးမှ*

အက်သလက်တီကိုဘက်ကို ဘောလုံးပိုင်ဆိုင်မှု၊ ဂိုးပေါက်ကန်သွင်းမှု သိသိသာသာ အသာစီးရယူနိုင်ခဲ့သည်။ လီဗာပူးအသင်းသည် အက်သလက်တီကိုဘက်သို့ ဂိုးပေါက်ကန်သွင်းမှု ၃၄ ကြိမ်အထိရှိခဲ့ပြီး အက်သလက်တီကိုက ၁၀ ကြိမ်သာရှိခဲ့သည်။ ပထမအကျော့ အက်သလက်တီကို အိမ်ကွင်းတွင် အက်သလက်တီကိုက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောကြောင့် တစ်ဂိုးစီသရေကျနေခဲ့၍ အချိန်ပို ဆက်လက်ကစားခဲ့ရသည်။

ပွဲချိန် ၉၄ မိနစ်တွင် ဖာမီနိုက လီဗာပူးအတွက် ဒုတိယဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း လော်ရန်တေးက အက်သလက်တီကိုအတွက် ၉၇ မိနစ်တွင် ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ အချိန်ပို ၁၀၅ မိနစ်အရောက်တွင် မိုရာတာ၏ ဖန်တီးမှုမှတစ်ဆင့် လော်ရန်တေးက သွင်းယူပေးပြီး မိနစ် ၁၂၀ တွင်လည်း လော်ရန်တေး၏ ဖန်တီးပေးမှုမှတစ်ဆင့် မိုရာတာက သွင်းယူပေးနိုင်ခဲ့သောကြောင့် နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးဖြင့် အက်သလက်တီကိုအသင်း နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် နည်းပြ ကလော့ပ်လက်ထက် ဥရောပပြိုင်ပွဲတွင် အန်ဖီးလ်ကွင်း၌ ပထမဆုံးအကြိမ် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် လီဗာပူးအသင်းသည် ချန်ပီယံလိဂ် ရှုံးထွက်အဆင့်တွင် နှစ်ကျော့စလုံးရှုံးနိမ့်မှုသည် ၂၀၀၅-၂၀၀၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်လည်း ဖြစ်သည်။

အခြားသောပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက ဒေါ့မွန်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ပီအက်စ်ဂျီအသင်းအတွက် ဂိုးများကို ပွဲကစားချိန် ၂၈ မိနစ်တွင် ဒီမာရီယာ၏ ဖန်တီးပေးမှုမှတစ်ဆင့် နေမာက သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယဂိုးကို ပထမပိုင်းပွဲကစားချိန်ပြီးခါနီးတွင် ဘားနက်က သွင်းယူပေးနိုင်ခဲ့၍ နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် သွင်းဂိုးများ ထပ်မံမြင်တွေ့ရခြင်းမရှိတော့ဘဲ ပထမပိုင်းရလဒ်အတိုင်းသာ ပြီးဆုံးခဲ့သည်။ ထို့ကြောင့် ပီအက်စ်ဂျီအသင်းသည် ဒေါ့မွန်အသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး ချန်ပီယံလိဂ်ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ ပီအက်စ်ဂျီအသင်းသည် အိမ်ကွင်းတွင် ဂျာမန်ကလပ်များနှင့် ဥရောပပြိုင်ပွဲ ရှစ်ကြိမ်တွေ့ဆုံရာ၌ မရှုံးနိမ့်အောင်ကစားထားနိုင်ပြီး ခုနစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားသည်။

**အောင်ဇော်**

*စာမျက်နှာ ၁၈ မှ*

ယခု နမ့်မွန်ကြီးရေတံခွန် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ အသေးစိတ်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူကိုယ်တိုင် ဆွေးနွေးမှာကြားနေသည်။ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများကလည်း အားတက်သရော ဝိုင်းဝန်းဆွေးနွေးနေကြသည်ကို တွေ့မြင်နေရသည်မှာ လွန်စွာအားရဖွယ်ကောင်းလှသည်။

**"ဒီဒေသမှာ အဓိက ထုတ်လို့ရတာက ဝါးပဲ။ ဝါးနဲ့ပတ်သက်တဲ့ပစ္စည်းတွေ ထုတ်လုပ်ပြီးရောင်းဖို့ စီစဉ်သင့်ပါတယ်... လိုအပ်နေတဲ့ သင်တန်းတွေပေးနိုင်အောင် စီစဉ်ပါ့မယ်"** ဟု ပြည်နယ်ဝန်ကြီးတစ်ဦး၏ ပြောစကားကို ကြားနေရသည်။ သူတို့ပြောသည့်စကားများတွင် ဒေသခံများအပေါ် သူတို့၏မေတ္တာစေတနာများ စီးမျော သက်ဝင်နေသည်ကို တွေ့ရ၊ မြင်ရ၊ ကြားရသဖြင့် ဝမ်းမြောက်မိသည်။

၁ နာရီ ၁၅ မိနစ်ခန့်ကြာ စက်လှေစီးပြီးနောက် နမ့်မွန်ကြီးရေတံခွန်သို့ ရောက်ရှိသည်။ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူက ရေတံခွန်သို့လာရောက်လည်ပတ်သည့် ဧည့်သည်များကို နှုတ်ဆက်ရင်း အတူတကွ ဓာတ်ပုံရိုက်နေသည်။

ကျောက်လွှာအထပ်ထပ်ပေါ်မှ စီးဆင်းကျဆင်းနေသည့် ရေတံခွန်ကြီးက ကျွန်တော်တို့အတွက် ကြည့်မဝရှုမဝဖြစ်နေရသည်။ အခြားရေတံခွန်များနှင့်မတူဘဲ ရေများစိမ်းလဲ့ကြည်လင်နေသည်ကလည်း ထူးခြားသည်။ ဤကဲ့သို့ သာယာလှပသည့် ရေတံခွန်များ မြန်မာနိုင်ငံတွင် များစွာရှိနေသည်။ အချို့မှာ သွားလာရေး လွယ်ကူပြီး၊ အချို့မှာ သွားလာရေး ခက်ခဲသည်။ အချို့မှာ ငြိမ်းချမ်း၍ အချို့မှာ မငြိမ်းချမ်းသော ဒေသများတွင် တည်ရှိနေ၏။ သာယာလှပမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့သည် နယ်မြေဒေသ ငြိမ်းချမ်းတည်ငြိမ်မှုနှင့် အချိုးညီညီ ဆက်စပ်ဖြစ်ပေါ်နေသည်ကို နားလည်မိသည်။

## ငြိမ်းချမ်းမှုနှင့် သာယာလှပမှု

အပြန်ခရီးက သွက်လက်နေသည်။ တရိပ်ရိပ်ပြေးနေသည့် ရှုခင်းမြင်ကွင်းများနှင့်အတူ အေးငြိမ့်ငြိမ့် စမ်းရေစီးသံများပါ ကြားနေသည်။ ရှမ်းပြည်နယ်အတွင်းရှိ သာယာလှပသော အခြားရေတံခွန်ကြီးများ၊ တောတောင်သဘာဝရှုခင်းကြီးများကိုလည်း အတွေးဖြင့် မြင်ယောင်နေသည်။

ကျွန်တော်၏နားထဲတွင် ပြည်နယ်ဝန်ကြီးတစ်ဦး၏ **"NCA မြန်မြန်ထိုးစေချင်တယ်"** ဆိုသည့်စကားကို အထပ်ထပ် ကြားနေမိသည်။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံလိုအပ်ချက်မှာ ငြိမ်းချမ်းတည်ငြိမ်ဖို့ပင် ဖြစ်သည်။ ရှမ်းပြည်နယ်တွင် တိုင်းရင်းသားညီအစ်ကို လက်နက်ကိုင်အဖွဲ့များ ရှိသည်။ အတွေးအမြင်အမျိုးမျိုး၊ အယူဝါဒအမျိုးမျိုးကြောင့်သာ လက်နက်စွဲကိုင်နေကြသည်။ ဤလက်နက်ကိုင်ပဋိပက္ခများကြောင့် နယ်မြေဒေသမဖွံ့ဖြိုးမတိုးတက်ရုံသာမက ပြည်သူများ ကျီးလန့်စာစားဘဝဖြင့်သာ ကျင်လည်နေရသည်ကိုလည်း တွေ့မြင်နေရသည်။ သဘာဝတရားက သာယာလှပမှုများ ဖန်ဆင်းပေးထားသော်လည်း အကျည်းတန်အရုပ်ဆိုးသောဘဝများသာ ပိုင်ဆိုင်နေကြရသည်။ တစ်နည်းအားဖြင့် လှေပေါက်ကြီးဖြင့် ခရီးသွားနေရသလို မည်သည့်အချိန်တွင် လှေမှောက်မည်၊ လှေမြုပ်မည်ကို စိုးတစ်ထင့်ထင့်ဖြင့် ဖြတ်သန်းနေကြရသည်။ မိမိဒေသ၊ မိမိတို့အနာဂတ်အတွက် မရေမရာ ရုန်းကန်နေကြရသည်ကို စိတ်မကောင်းဖွယ်တွေ့မြင်နေရသည်။

ကျွန်တော့်ရင်ထဲတွင် သဘာဝအရင်းအမြစ် ပေါကြွယ်ဝသည့် ရှမ်းပြည်နယ်ကြီးအပါအဝင် တစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးစေချင်သည်။ သဘာဝခရီးသွားလုပ်ငန်းသာမက ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေချင်သည်။ ဤမျှော်လင့်ချက်များအတွက် သော့ချက်သည် ငြိမ်းချမ်းရေး ပင်ဖြစ် သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက NCA သဘောတူစာချုပ်ကို အမြန် လက်မှတ်ရေးထိုးပြီး မိမိတို့နိုင်ငံ၏ အလှအား ကမ္ဘာကို လှစ်ဟပြစေလိုသည်။

စိတ်ကူးတို့ဖြင့် စီးနင်းလာသော ယာဉ်တန်း သည် ရှမ်းတောင်တန်းကြီးများကို ကျော်လွှားကာ တစ်ရိပ်ရိပ် ပြေးဆင်းနေသည်။ ဟိုးအဝေးက လှမ်းမြင်နေရသည့် စိမ်းညို့ညို့တောင်တန်းကြီးများသည် တဖြည်းဖြည်း ကျန်ရစ်ခဲ့လေပြီ။ ယင်းတောင်တန်းကြီးများနေရာတွင် ဟိုတစ်ကွက်သည်တကွက် ဖြစ်နေသော မြေကွက်နီနီများကို လှမ်းမြင်ရသည်။ တောတောင်များလွန်ပြီး လူ့ရပ်လူ့ရွာနှင့် နီးစပ်လာသည်ဟု မှတ်ယူရသည်။ တချို့နေရာများတွင် အိမ်စုကလေးများ၊ တချို့နေရာများတွင် စိုက်ခင်းပျိုးခင်းများကိုလည်း တွေ့နေရသည်။ ထိုအခိုက် ကျွန်တော့်နားထဲတွင် ကိုနေဝင်း၏ သီချင်းတစ်ပိုင်းတစ်စ ကြားနေရသည်။

**"ရိုးမတောင်ခြေ နေရောင်မခတဲ့ တောင်တွေ ... ငြိမ်းချမ်းစေ..."**

ကျွန်တော်တို့ ယာဉ်တန်းသည် အစိမ်းရောင်တောင်တန်းကြီးများကို ကျောခိုင်းကာ အဝါရောင်လွင်ပြင်ကြီးများဆီသို့ တရွေ့ရွေ့ပြေးလျက် ရှိလေသည်။


C B BANK

လေးစားအပ်ပါသော CB Bank ၏မိတ်ဟောင်းမိတ်သစ် Customer များအတွက် CB Bank ၏ (၂၃၂)ခုမြောက် ဘဏ်ခွဲဖြစ်သော သာကေတ(မြင်တော်သာလမ်း) ဘဏ်ခွဲအသစ်ကို ဖွင့်လှစ်၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား ဆောင်ရွက်ပေးနေပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါး အပ်ပါသည်။

**သာကေတ(မြင်တော်သာလမ်း)ဘဏ်ခွဲ**

အမှတ်(၂၇၂)၊ မြင်တော်သာလမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Tel : (95) 01 557564
Fax : (95) 01 557418/ 557343/ 557032
Email : thaketa.mttbr@cbbank.com.mm
Contact Center : (01) 2317770



## သံဃာတော်(၃၀၀၀)ကျော် သီတင်းသုံးတော်မူသော မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ရေ-မီး ထာဝရငွေပဒေသာပင် ကျပ်သိန်း(၁)သောင်း စီမံကိန်း

ဆက်သွယ်လှူဒါန်းရန် - မစိုးရိမ်တိုက်သစ်ဂေါပကအဖွဲ့

| | | | |
|---|---|---|---|
| ဦးလှအောင်(ဥက္ကဋ္ဌ) | ဖုန်း-၀၉-၂၀၀၃၂၂၉ | ဦးမြဇော်(အတွင်းရေးမှူး) | ဖုန်း-၀၉-၂၀၀၇၃၆၄ |
| ဦးကျော်ဇေယျ(အဖွဲ့ဝင်) | ဖုန်း-၀၉-၂၀၀၃၈၅၅ | ဦးသိန်းဌေးအောင်(အဖွဲ့ဝင်) | ဖုန်း-၀၉-၂၀၀၉၇၉၀ |
| ဦးကင်းဝန်(အဖွဲ့ဝင်) | ဖုန်း-၀၉-၅၃၀၂၁၃၇ | | |

ယခင်နေ့မှအဆက်

| စဉ် | အလှူရှင် | အလှူငွေ |
|---|---|---|
| ၁၄၃ | နှစ်ဖက်မိဘများအားရည်စူး၍ ဦးထွန်းလှ-ဒေါ်လှရီ မိသားစု ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းကုန်းကျေးရွာ | 100000 |
| ၁၄၄ | ဂန္ဓာရုံ ဆွမ်းကျွေးအဖွဲ့ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းကုန်း+ဘိုကုန်း+ကံကုန်း+စတား အများကောင်းမှု၊ | 100000 |
| ၁၄၅ | ဦးထွန်းခင်-ဒေါ်နှင်းဆီ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းကုန်းရွာ | 100000 |
| ၁၄၆ | ဒေါက်တာဇော်ဇော်-ဒေါ်စောမြင့်ဦး သမီး-မဝင်းလဲ့ခင်မွန် မိသားစု နန်းရှေ့ မန္တလေး | 100000 |
| ၁၄၇ | ဦးကျော်သီဟ-ဒေါ်အိအိဖွေးသား-မောင်မြတ်ဘုန်းခန့်၊မောင်ထက်မြတ်အောင် ကောင်းသန့်ဖွေး ဆန်ရောင်းဝယ်ရေး မန္တလေး | 100000 |
| ၁၄၈ | ဦးညိုလှ-ဒေါ်ခင်ပြုံးရီ ရွှေချိုင်းကျေးရွာ တပ်ကုန်းမြို့နယ် ဒေါ်ခင်ပြုံးရီ၏ အသက်(၆၀)နှစ်ပြည့် မွေးနေ့အလှူ | 100000 |
| ၁၄၉ | ကိုမောင်ဇော်-မရီစိန် KISS အထွေထွေရောင်းဝယ်ရေး မတ္တရာမြို့ | 100000 |
| ၁၅၀ | ဦးခင်မောင်ရင်-ဒေါ်မြမြသန်း(ကထိက/ဌာနမှူး ရူပဗေဒဌာန သွား/ဆေးတက္ကသိုလ်)ဒေါက်တာဇော်မင်းထက် (USA)မန္တလေး | 100000 |
| ၁၅၁ | ဗိုလ်မှူးချုပ်ရဲမြင့်နိုင်နှင့် ဇနီးဒေါ်အေးမွန်ကို သမီး-ဒေါက်တာလင်းထက်မြင့်မွန်၊ မအေးချမ်းမြင့်မွန် မဟာအောင်မြေ၊ မန္တလေး | 100000 |
| ၁၅၂ | ၁၃-၂-၂၀၂၀ ရက်၌ ကွယ်လွန်ခဲ့သည့် အသက်(၉၃)နှစ်အရွယ်ရှိ မိခင်ကြီး ဒေါ်သိန်းလှိုင်အားရည်စူး၍ ရွှေကျင်မြို့နယ် စာရင်းစစ်ရုံး မိသားစု | 100000 |
| ၁၅၃ | ဦးကျော်မြင့်သူ-ဒေါ်ဝင်းရီ မိသားစု တရုပ်စုရပ်/စဥ့်ကိုင်မြို့ | 100000 |
| ၁၅၄ | ဦးကံသောင်း-ဒေါ်စီစီ ဆဲဗင်းဒေးစတိုး လမ်း-၃၀ မန္တလေး | 100000 |
| ၁၅၅ | ဒေါက်တာကြည်ကြည်တင် မိသားစု အမှတ်-၈၇ နှင်းဆီလမ်း ပြည်တော်သာရပ်၊ တောင်ကြီးမြို့ | 100000 |
| ၁၅၆ | ဦးအောင်မြင့်အသက်(၆၆)နှစ်အားရည်စူး၍ ကျန်ရစ်သူမိသားစု ကောင်းမှု | 100000 |
| ၁၅၇ | ဒေါက်တာစိုင်းနော်ဆိုင်-ဒေါက်တာစုဇင်မာ သား-မောင်စိုင်းရွှေခေတ်မိသားစု | 100000 |
| ၁၅၈ | ဒေါ်ဒေါ်သောင်း သမီး-ဒေါ်ခင်စန်းလွင် နယ်မြေ-၉/အောင်ဇေယျရပ်ကွက် တပ်ကုန်းမြို့ | 100000 |
| ၁၅၉ | ဦးခင်မောင်မောင်-ဒေါ်စိုးစိုးမင်း သမီး-မမျိုးမျိုးသင်း၊ သား-ကိုသက်နိုင်စိုး၊ သမီးငယ်-မနွယ်နီဝင်း မိသားစု လမ်း(၃၀)လမ်းလယ်၊ မန္တလေးမြို့ | 100000 |
| ၁၆၀ | ဦးကြည်ဝင်း-ဒေါ်ရီရီလွင် သမီး-မရတနာဝင်း သား-မောင်မောင် ဗဟန်း၊ အုတ်လမ်း၊ ရန်ကုန် | 100000 |
| ၁၆၁ | ဦးအောင်သင်း-ဒေါ်ဖွားရှင် မိဘနှစ်ပါးအားရည်စူး၍ သမီး-ဒေါ်ဝဏ္ဏစာရီနှင့် တူမများ ရတနာပုံစံကျောင်း မန္တလေး | 100000 |
| ၁၆၂ | ကွယ်လွန်သူမိခင်ကြီးဒေါ်ခင်မေထွေးအားရည်စူး၍ ဒေါက်တာထွန်းဝင်း-ဒေါ်ကြည်ကြည်လေးသားသမီး မိသားစု ၃၁-လမ်း၊ ၇၁x၇၂ ကြား ရန်မျိုးလုံရပ်၊ ချမ်းအေးသာစံ မန္တလေး | 100000 |
| ၁၆၃ | ဦးအောင်တင်-ဒေါ်ရွှေမြဲ မဉ္ဇူမုက္ခိုကျောင်း လယ်တီရပ်၊ မုံရွာမြို့ | 100000 |
| ၁၆၄ | ဦးသန်းကျော်-ဒေါ်ညိုညိုဝင်း သမီး-မပြည့်ပြည့်ဖြိုး၊ သား-မောင်ဝင်းမိုးဦး မိသားစု မန္တလေး | 100000 |
| ၁၆၅ | ကိုမိုးထက်အောင်-မရတနာ အောင်မြေသာစံ မန္တလေး | 100000 |
| ၁၆၆ | ဦးဇော်ဇော်လတ်-ဒေါ်စန္ဒာစိုးခင် သား-မောင်ကောင်းတေဇာလတ် အမရပူရ၊ နတ်ရေကန်ကျေးရွာ | 100000 |
| ၁၆၇ | မိဘနှစ်ပါးအားရည်စူး၍ ဒေါက်တာမူမူ (ပါမောက္ခဌာနမှူး ငြိမ်း) ဓာတုဗေဒဌာန မန္တလေးအဝေးသင်တက္ကသိုလ် | 100000 |
| ၁၆၈ | ဒေါက်တာနိုင်လင်း-ဒေါ်စိုးလွင်လွင်ကျော် သမီး-လင်းလတ်အိမ် မိသားစု အစာအိမ်နှင့်အူလမ်းကြောင်းအထူးကု ၈၂လမ်း ၂၀ လမ်းထောင့် | 100000 |
| ၁၆၉ | ဦးကျော်ဇော-ဒေါ်ကြူကြူ သမီး-မဖြူဖြူမွေး ရွှေပန်းတိမ် မိသားစု ၈၂-လမ်း၊ ၂၀x၂၁ ကြား မန္တလေး | 100000 |
| ၁၇၀ | ဦးအုန်းသန်း-ဒေါ်မိမိမိုး ရန်ကုန်မြို့ | 100000 |
| ၁၇၁ | ဦးခင်မောင်ညွန့်-ဒေါ်နန်းတင်အေး ဖွဲကပင်လမ်း ဒဂုံမြောက်ပိုင်း၊ ရန်ကုန် | 100000 |
| ၁၇၂ | ဒေါ်နုနုအောင် (အထက်တန်းပြဆရာမ) အထက (၅) ခေတ္တရာမြို့သစ်၊ ပြည်မြို့ | 100000 |
| ၁၇၃ | ဦးစိုင်းငွေသောင်းအားရည်စူး၍ ဒေါ်နန်းမေကြင် မိသားစု သိင်္ဂီရတနာစတိုး ဟူမ္မလင်းမြို့ | 100000 |
| ၁၇၄ | ပါမောက္ခ ဦးမင်းဆွေအားရည်စူး၍ ဒေါ်လှလှအောင် မိသားစု၊ ကောင်းမှု၊ ၅/ခ ဦးလွန်းမောင်လမ်း၊ ၇မိုင်၊ မရမ်းကုန်း၊ ရန်ကုန် | 100000 |
| ၁၇၅ | ဦးကျော်လှိုင်-ဒေါ်မျှင်အားရည်စူး၍ သမီး-ဒေါ်စန်းစန်းရီ ကောင်းမှု ပွဲကုန်း၊ မန္တလေး | 100000 |
| ၁၇၆ | ဦးဘကွမ်း-ဒေါ်သိန်းညွန့် Risiny Sun အထည်ဆိုင်၊ ဈေးချို၊ မြေညီထပ်၊ ၈၇-လမ်း၊ ပဲပုတ်တန်း၊ မန္တလေး | 100000 |
| ၁၇၇ | ကိုပိုင်စိုး-မဇွန်လေးဝေ(သမီး)မယွန်းဇေရီပိုင် composs mobile difribution မိသားစု၊ ၃၁ လမ်း၊ မန္တလေး | 100000 |
| ၁၇၈ | မိဘနှစ်ပါးအမှူးထား၍ မနန်းချော၊ သား-မောင်မျိုးသီဟန်ညိမ်း၊ ကောင်းမှု၊ မန္တလေး | 100000 |
| ၁၇၉ | ဦးကိုကိုနိုင် (CE)ဒေါက်တာသီရိနွယ်၊(စတုတ္ထအကြိမ်)မိသားစု၊ ကောင်းမှု၊ ရွှေပင်လုံအိမ်ရာ၊ ရန်ကုန် | 100000 |
| ၁၈၀ | ဖခင်ကြီးဆရာဦးခင်ဝင်း-မိခင်ကြီးဒေါ်ခင်အုန်းမြင့်(မနောမယဆေးတိုက်)တို့အားရည်စူး၍ ဦးကြည်စိုး-ဒေါ်မိုးမိုးအေး သား မောင်စိုးဝေခန့်၊ စိုးဝေသန့် မနောမယဆေးတိုက်၊၃ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန် | 100000 |
| ၁၈၁ | ဦးစိုင်းဆမ်-ဒေါ်အေးအေးမင်း မိသားစု၊ အမှတ်(၂-ခ) မြရတနာလမ်း၊ ပြည်သာယာရိပ်သာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန် | 100000 |
| ၁၈၂ | ဦးအော်ကောက်-ဒေါ်လေးအင်း၊ ဖဒိုမြို့၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | 100000 |
| ၁၈၃ | ဦးစိုးနိုင်-ဒေါ်ယုယုခင်၊ အောင်ပြည့်ရတနာရွှေဆိုင်၊ မြိုင်မြို့ | 100000 |
| ၁၈၄ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးကျော်တင်-ဒေါ်ခင်သန်းဦးတို့၏ အိမ်ထောင်သက် (၃၅)နှစ်ပြည့်အလှူအတွက် (၂၇၆) ရှမ်းဝိုင်းရပ်၊ မန္တလေး | 100000 |
| ၁၈၅ | မိဘများဖြစ်ကြသော ဦးသန်းမောင်-ဒေါ်ဦးတို့အားရည်စူး၍ ဒေါ်ဝင်းမာကြည်၊ ဦးသိန်းတန်-ဒေါ်ခင်မမ၊ ဒေါ်သင်းသင်းမော်၊ မောင်နှမတစ်စု ရွှေဖလားဖိနပ်လုပ်ငန်း ကမ္ဘဝါတန်းရပ်၊ မန္တလေး | 100000 |
| ၁၈၆ | ဒေါက်တာခန့်ဇော်ဝင်း မိသားစု ခေတ္တဗန်ကောက် | 100000 |
| ၁၈၇ | ဦးခင်မောင်ကြီး-ဒေါ်ကြင်ငွေ မိသားစု မန္တလေး | 100000 |
| ၁၈၈ | ကွယ်လွန်သူ ဒေါ်ခင်ဝေစိုးအားရည်စူး၍ ဦးထွန်းအေးမိသားစု လှိုင်မြို့နယ်၊ ရန်ကုန် | 100000 |
| ၁၈၉ | ဦးပညာဝုဓ၊ ကန်လည်ကျောင်း၊ ပျဉ်းမနားမြို့၊ နေပြည်တော် (တတိယအကြိမ်) | 100000 |

ဆက်လက်ဖော်ပြသွားပါမည်

## အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေညီလာခံအစည်းအဝေး ကျင်းပမည့်နေရာ၊ နေ့ရက်၊ အချိန်တို့အား ပြန်လည်အသိပေးအကြောင်းကြားခြင်း

၁။ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏ (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်(၂၄)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေညီလာခံအစည်းအဝေးအား အောက်ဖော်ပြပါနေရာ၊ နေ့ရက်၊အချိန်တို့တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

**ကျင်းပမည့်နေရာ** - SEDONA HOTEL (GRAND BALLROOM)
အမှတ်(၁)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
**ကျင်းပမည့်နေ့ရက်** - ၁၄-၃-၂၀၂၀ရက်(စနေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉နာရီ

၂။ အစုရှယ်ယာရှင်များ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။ ဖိတ်စာသီးခြားပို့ပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

၃။ ထပ်မံသိရှိလိုသည့်အချက်များရှိပါက
ဦးဆောင်ညွှန်ကြားရေးမှူး ဖုန်း-၀၉-၄၂၁၆၃၃၅၂၀၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဖုန်း-၀၉-၉၇၇၁၈၀၈၀၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဒါရိုက်တာအဖွဲ့အမိန့်အရ-
အမှုဆောင်အရာရှိချုပ်

## စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အသေးစားစက်မှုလက်မှုထုတ်ကုန်နှင့် လက်မှုအနုထည်ပစ္စည်းပြပွဲ၊ ဈေးရောင်းပွဲ၊ ဟောပြောဆွေးနွေးပွဲ(မုံရွာ)

စစ်ကိုင်းတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက စီမံမှုဖြင့်အသေးစားစက်မှုလက်မှုထုတ်ကုန်နှင့် လက်မှုအနုထည်ပစ္စည်းပြပွဲ၊ ဈေးရောင်းပွဲနှင့် ဟောပြောဆွေးနွေးပွဲ (မုံရွာ)ကို ၂-၄-၂၀၂၀ရက်မှ ၃-၄-၂၀၂၀ရက်အထိ မုံရွာမြို့၊ မြို့တော်ခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ ပြပွဲတွင် အိမ်တွင်းစက်မှုလက်မှုထုတ်ကုန်ပစ္စည်းများ ပြသရောင်းချခြင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ဟောပြောဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဖျော်ဖြေရေးနှင့်ကုန်ပစ္စည်းအရောင်းမြှင့်တင်ရေးအစီအစဉ်များ၊ ကြော်ငြာအစီအစဉ်များကို နံနက် ၉:၀၀နာရီမှ ည ၂၀:၀၀နာရီအထိ မည်သူမဆို လွတ်လပ်စွာ လာရောက်ကြည့်ရှုအားပေးနိုင်ပါသည်။

- အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-
- စစ်ကိုင်းတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
  ဖုန်း-၀၇၁-၂၆၂၄၈၊ ၀၇၁-၂၆၅၈၀
  တိုင်းဦးစီးမှူး ဖုန်း-၀၉-၂၅၀၅၇၄၉၄၂၊ ၀၉-၄၂၀၀၅၄၈၇၄

## ကွယ်လွန်သူတရားပြိုင်၏ တရားဝင်ကိုယ်စားလှယ်ထံသို့ပေးရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၄)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ် - ၁၇၆

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်း **နှင့်** ဦးသိန်းအောင်
ဖွံ့ဖြိုးရေးဘဏ်(မန္တလေးဘဏ်ခွဲ)
(၎င်းကိုယ်စား လက်ထောက်မန်နေဂျာ
ဦးဇော်မျိုးဦး)
**တရားလို** **တရားပြိုင်**

(၁) ဦးသိန်းဌေး၊ (၂)ဦးသန်းထွဋ်၊(၃)ဒေါ်သက်သက်၊ (၄) ဒေါ်စန္ဒာအောင်၊ (၅)ဒေါ်သီတာအောင်၊ အမှတ် ၄၅၊ ၇၉x၈၀လမ်းကြား၊ ၃၉လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၉ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် တရားလိုအသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်က ဤရုံး၌တရားပြိုင် ဦးသိန်းအောင် ကွယ်လွန်သူအပေါ် တရားစွဲဆိုရာ သင်သည် ဆိုခဲ့သောကွယ်လွန်သူ ဦးသိန်းအောင်၏ တရားဝင်ကိုယ်စားလှယ်ဖြစ်ကြောင်း ၎င်းကွယ်လွန်သူ၏အစား သင့်ကို တရားပြိုင်အဖြစ် ထည့်သွင်းပါမည့်အကြောင်း တရားလိုက လျှောက်ထားသောကြောင့် ၎င်းအမှုတွင် ထုချေရန် ဤရုံးသို့ ၂၀၂၀ ပြည့်နှစ် မတ် ၃၀ ရက် နံနက် ၉:၃၀နာရီ လာရောက်ရမည်။ အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် ဆိုခဲ့သောအမှုကို သင့်မျက်ကွယ်တွင် ဆိုင်ဆိုကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ခင်ထွေး)
တွဲဖက်ခရိုင်တရားသူကြီး(၂)
မန္တလေးခရိုင်တရားရုံး

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၁၄လမ်း၊ ၆၂လမ်းထောင့် (သစ်တောရုံးဝန်ထမ်းလိုင်းခန်း)နေ (ဘ)ဦးမျိုးမြင့်အောင်၏သား ဦးအောင်ကိုကို ၉/အမဇ(နိုင်)၀၁၆၃၃၈နှင့်မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်၊ ရတနာလမ်း ၆၁ လမ်းနှင့် ၆၂လမ်းကြားနေ (ဘ)ဦးမြင့်ရွှေ၏သမီး မသဇင်ထွေး ၈/ခမန(နိုင်)၂၀၁၀၃၀တို့သည် ၁၀-၃-၂၀၂၀ရက်တွင် နှစ်ဦးသဘောတူတရားဝင်ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

ဒေါ်သဇင်ကို(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၁၆၁၇)
အမရပူရမြို့နယ်၊ မန္တလေးမြို့

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/1632 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရှွာသာကြီး)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/5010 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရှွာသာကြီး)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ မြေကွက်အမှတ်-၃၇၃၊ မြေကွက်တည်နေရာအမှတ်(၃၇၃)၊ သုမာလာ(၃)လမ်း၊ (၂)ရပ်ကွက် ဦးသိန်းကြည် (AD-၀၅၆၇၀၀)၊ ဦးကံမြင့် (PPN-၀၀၉၈၇၄)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသိန်းကြည် ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၅၃၄၉/၁၉ (၂၈.၃.၁၉)ဖြင့် ရရှိသူ ဒေါ်မြ (၁၂/ဥကမ(နိုင်)၀၉၅၀၃၉)နှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကံမြင့် (၁၂/ဥကမ(နိုင်)၀၉၇၂၄၄)တို့မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးကျမ်းကျိန်လွှာအမှတ် ၆/၄၈၂ တို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာခြင်းအပေါ် တရားဝင်ပိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းနှင့်မြေစီမံလုပ်ငန်းဌာနခန်းအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ဗဟိုဘဏ်၏အတိုးနှုန်း၊ အပ်ငွေများအပေါ်ပေးသည့် အတိုးနှုန်းနှင့် ချေးငွေများအပေါ် တောင်းခံနိုင်သည့်အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်း ထုတ်ပြန်ကြေညာ

**သတင်းထုတ်ပြန်ချက်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဗဟိုဘဏ်၏အတိုးနှုန်း၊ အပ်ငွေများအပေါ် ပေးသည့် အတိုးနှုန်းနှင့် ချေးငွေများအပေါ် တောင်းခံနိုင်သည့် အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်း ဆိုင်ရာညွှန်ကြားချက်အမှတ်(၁/၂၀၂၀) အား ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၂ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ ညွှန်ကြားချက်အပြည့်အစုံမှာ–

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတိုးနှုန်း (Bank Rate)ကို တစ်နှစ်လျှင် (၁၀)ရာခိုင်နှုန်းမှ (၉.၅)ရာခိုင်နှုန်းသို့ ပြောင်းလဲ ပြင်ဆင်သတ်မှတ်လိုက်ပြီး၊ ဘဏ်များ၏အပ်ငွေအပေါ် အတိုးနှုန်းနှင့် ချေးငွေ အပေါ် အတိုးနှုန်းများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ပါသည်–

(က) ငွေစုစာရင်းအပ်ငွေ၊ ငွေစုလက်မှတ်နှင့် အချိန်စေ့မှ ပေးရမည့် အပ်ငွေတို့အပေါ်တွင် ပေးရမည့်အနည်းဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအောက် (၂)ရာခိုင်နှုန်း (၉.၅% – ၂% = ၇.၅%) ထက် မနည်းစေရန်၊

(ခ) အောက်ပါအာမခံပစ္စည်းများရယူ၍ ထုတ်ချေးသည့် ချေးငွေများ အပေါ်တွင် တောင်းခံနိုင်သည့် အများဆုံးအတိုးနှုန်းကို ဗဟိုဘဏ် အတိုးနှုန်းအထက် (၃) ရာခိုင်နှုန်း (၉.၅% + ၃% = ၁၂.၅ %) ထက် ကျော်လွန်၍ ကောက်ခံခြင်းမပြုရန်–

စာမျက်နှာ ၇ ကော်လံ ၁ ◆


ပြည်တွင်းနှင့် နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအတွက် စောင့်ကြည့်လေ့လာခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ဆွေးနွေးပွဲ ကျင်းပ

စာ ၈

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံတွင် ကျဆုံးခဲ့သော အမေရိကန်စစ်သည်များ၏ ရုပ်ကြွင်းများအား မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဒုတိယအကြိမ် ပြန်လည်သယ်ဆောင်

စာ ၁၃


# ၂၀၂၀ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်များရေးဆွဲ

ရန်ကုန် မတ် ၁၂

၂၀၂၀ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်မဲနှိုက်ရေးဆွဲပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အစည်းအဝေး ခန်းမ၌ ကျင်းပခဲ့ပြီး အဆင့်အားလုံးအတွက် မဲနှိုက်ရေးဆွဲခဲ့သည်။

ပွဲစဉ်ရေးဆွဲပွဲ အခမ်းအနားကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အကြံပေး ဦးဘန်နီတင်အောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် အမှုဆောင်များ၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ကလပ်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။



၂၀၂၀ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်မဲနှိုက်ရေးဆွဲပွဲကျင်းပနေစဉ်။ ဓာတ်ပုံ–ဖိုးသော်ဇင်

အခမ်းအနားတွင် မြန်မာနေရှင်နယ်လိဂ်ကော်မတီ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က ပြိုင်ပွဲကျင်းပမည့်အစီအစဉ်များ၊ မဲနှိုက်ရေးဆွဲရန် သတ်မှတ်ထားမှုများအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက မဲနှိုက်ရေးဆွဲပေးကြသည်။ ပြိုင်ပွဲကို ဧပြီ ၈ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပကာ

စာမျက်နှာ ၁၁ ကော်လံ ၁ ●

# မန္တလေး – မြစ်ကြီးနား ရထားလမ်းပိုင်းတွင် ကိုရီးယားလေအိတ်တွဲဆိုင်းများ တိုးချဲ့ပြေးဆွဲမည်

ရန်ကုန် မတ် ၁၂

ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာနှင့် မြန်ဆန်စွာ ခရီးသွားလာနိုင်ရန် မြန်မာ့မီးရထားမှ မန္တလေး–မြစ်ကြီးနားရထားလမ်းပိုင်း၌ လက်ရှိပြေးဆွဲနေသော ရထားတွဲဆိုင်းများအပြင် ကိုရီးယားနိုင်ငံမှ လေအိတ်တွဲဆိုင်းများဖြင့် တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်မှ မန္တလေးသို့ ခရီးသွားလာရာတွင် ရထားကို အများဆုံး အားပြုသွားလာကြလျက်ရှိရာ လက်ရှိတွင် ရထားရှစ်စင်း ပြေးဆွဲလျက်ရှိပြီး လမ်းပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုနှင့်အညီ အဆင့်မြှင့်တွဲဆိုင်းများ ဖြင့် ပြေးဆွဲခြင်းဖြစ်သည်။

“ကိုရီးယားနိုင်ငံက ရောက်လာတဲ့ လေအိတ်တွဲဆိုင်းတွေ မြစ်ငယ်မီးရထားစက်ရုံမှာ ရောက်နေပါပြီ။ ပထမဆုံး မန္တလေး – မြစ်ကြီးနား ရထားလမ်းပိုင်းမှာ ပြေးဆွဲမှာပါ။ မတ်လအတွင်းမှာဖြစ်ဖို့ များတယ်။ ရိုးရိုးတန်းနဲ့ စားသောက်တန်းတွဲတွေအတွက် တပ်ဆင်နေပြီး အထက်တန်းတွဲတွေက ပို့လိုက်တဲ့အတိုင်း ပြေးဆွဲမှာပါ။ လေအေးပေးစက်ပါတဲ့ တွဲဆိုင်း ၂၀ ရောက်နေပါပြီ”ဟု မြန်မာ့မီးရထားတိုင်း ၇ မှ လက်ထောက်မန်နေဂျာ ဦးကိုကိုကျော်က ပြောသည်။

စာမျက်နှာ ၂၁ ကော်လံ ၁ ❄

# ချန်ပီယံ လီဗာပူးတို့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်မှ ထွက်ခွာရပြီ

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် မတ် ၁၂ ရက် နံနက်ပိုင်းက လီဗာပူးနှင့် အက်သလက်တီကို မက်ဒရစ်အသင်းတို့ လီဗာပူးအိမ်ကွင်း အန်ဖီးလ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ အက်သလက်တီကိုအသင်းက အချိန်ပိုတွင် သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး–နှစ်ဂိုးဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။ အဆိုပါပွဲသို့ ပွဲကြည့်ပရိသတ်ပေါင်း ၅၂၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။

အက်သလက်တီကို မက်ဒရစ်အသင်းသည် ပွဲချိန် အစပိုင်းမိနစ်တွင် အပိုင်ကန်သွင်းခွင့် တစ်ကြိမ်ရရှိခဲ့သော်လည်း တိုက်စစ်တွင် ပွဲထွက်လာခဲ့သော တိုက်စစ်မှူး ကော်စတာ အသုံးမချနိုင်ခဲ့၍ လီဗာပူးအသင်း သက်သာရာရခဲ့သည်။ လီဗာပူးအသင်းကလည်း ပွဲကစားချိန် လေးမိနစ်တွင် ဝီလ်ဂျေနေလ်ဒန် အပိုင်ခေါင်းတိုက်ခွင့်ရခဲ့သော်လည်း အော့ဘလက်က ဖမ်းယူနိုင်ခဲ့သည်။ ပွဲစသည်နှင့်တစ်ပြိုင်နက် အပြန်အလှန်ထိုးဖောက်မှုများ၊ ဂိုးပေါက်ခြိမ်းခြောက်မှုများဖြင့် ပွဲမှာ ကြည့်ကောင်းသည့်ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။ ဂျာဂျင်ကလော့ပ်၏ လီဗာပူးအသင်းသည် ဆီမွန်နီ၏ အက်သလက်တီကိုအသင်းကို ဂိုးပေါက်ကန်သွင်းမှု အကြိမ်ကြိမ်ပြုလုပ်နိုင်ခဲ့သော်လည်း အက်သလက်တီကိုအသင်း ဂိုးသမား အော့ဘလက် လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သဖြင့် လီဗာပူးအသင်း ဂိုးရရန် အခက်တွေ့နေခဲ့သည်။ ပွဲကစားချိန် ၄၃ မိနစ်အရောက်တွင် လီဗာပူးအသင်းအတွက် အဖွင့်ဂိုးစတင်ရရှိခဲ့သည်။ ထိုဂိုးကို ဝီလ်ဂျေနေလ်ဒန်က သွင်းယူပေးနိုင်ခဲ့သည်။

ဒုတိယပိုင်းအစတွင်လည်း ဆာလာ၊ မာနေးတို့၏ ကန်သွင်းချက်များကို အော့ဘလက်က အကောင်းဆုံး ကာကွယ်နိုင်ခဲ့သည်။ လီဗာပူးအသင်းသည်

စာမျက်နှာ ၂၁ ကော်လံ ၃ ✻



လီဗာပူးကစားသမားများ၏ ဂိုးသွင်းယူရန် ကြိုးပမ်းမှုကို အက်သလက်တီကိုမက်ဒရစ်ဂိုးသမား အော့ဘလက် ကာကွယ်ရန် ကြိုးပမ်းစဉ်။

